# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


သူ့ကို ဆင်းရဲ ပေးခြင်းဖြင့်
ကိုယ့်ချမ်းသာကို ရှာသူသည်
ရန်ကို ရန်ချင်း ရောသဖြင့်
ရန်ဒုက္ခမှ မလွတ်နိုင်။

ပကိဏ္ဏကဝဂ်
အထွေထွေ-၂၁၉။
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၁၆ ခုနှစ်၊ ဧပြီ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၅)၊ အမှတ် (၂၀၅)




## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွီဒင်၊ အိုင်ယာလန်နှင့် တီမောလက်စ်တေနိုင်ငံတို့မှ သံအမတ်ကြီးများ၏ သံအမတ်ခန့်အပ်လွှာများ လက်ခံ


စာမျက်နှာ-၃




ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ ပဏ္ဍမအကြိမ်အစည်းအဝေး ကျင်းပစဉ်

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ဧပြီ ၂၇ ရက်တွင် တွေ့ဆုံဆွေးနွေးမည်

နေပြည်တော် ဧပြီ ၂၆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီနှင့် ဧပြီလ ၂၇ ရက် မွန်းလွဲပိုင်းတွင်တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြောကြားလိုက်သည်။


*စာမျက်နှာ ၄ ကော်လံ ၁* ✻





မြန်မာ့အလင်း

# စိုးရိမ်ထိတ်လန့်ခြင်းမှ ကင်းကြစေသော် . . .

“ငြိမ်းချမ်းရေးအကြောင်းပြောနေတဲ့ တစ်ချိန်တည်းမှာ ကျွန်မပြောချင်တာက ကျွန်မတို့ဟာ အရင်အစိုးရရဲ့လုပ်ရပ်တွေအားလုံးကို ပစ်ပယ်တဲ့ စိတ်ဓာတ်မရှိပါဘူး။ အကောင်းတွေလုပ်ခဲ့တာကို ကျွန်မတို့အသိအမှတ်ပြုပါတယ်။ ဒီဟာတွေပေါ်မှာ ဆက်ပြီးတော့ ဆောက်တည်သွားပါမယ်။ ဒါကြောင့်မို့လို့ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ အပစ်အခတ်ရပ်စဲရေးစတင်ပြီးတော့ လုပ်ခဲ့တဲ့အတွက် ကျွန်မတို့ဒါကို အများကြီးတန်ဖိုးထားပါတယ်။ ဒီအပစ်အခတ်ရပ်စဲရေးဟာ ပြီးမြောက်အောင်လို့ အားလုံးပါဝင်သင့်တဲ့အဖွဲ့အစည်းများ ပါဝင်အောင်လို့ ကျွန်မတို့ဆက်ပြီးတော့ကြိုးစားပါမယ်”

အထက်ပါကောက်နုတ်ချက်မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပြောကြားခဲ့သည့် နှစ်သစ်ကူးမိန့်ခွန်းမှ ကောက်နုတ်ချက်ဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ယခင်အစိုးရလက်ထက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသဘောတူစာချုပ်ကို အခြေခံ၍ ပထမဆုံးအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ယခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့ထိ ကျင်းပနိုင်ခဲ့သည်။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် အစုအဖွဲ့ ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များက ကဏ္ဍကြီး(၅)ရပ်အပေါ် ဆွေးနွေးခဲ့ကြရာ နိုင်ငံရေးကဏ္ဍတွင် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးကဏ္ဍတွင် ပြန်လည်နေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များထဲမှ ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ကိစ္စရပ်များ၊ စီးပွားရေးကဏ္ဍတွင် အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း၊ လုံခြုံရေးကဏ္ဍတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအခြေခံသင့်သည့်မူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် သဘာဝသယံဇာတဆိုင်ရာစီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စများကိုဆွေးနွေးခဲ့ကြပြီး အနာဂတ်တွင် ဆက်လက်ကျင်းပမည့် ငြိမ်းချမ်းရေးညီလာခံအတွက် အခြေခံနိုင်ရန် မှတ်တမ်းအဖြစ် ထားရှိခဲ့သည်။

လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးကို အခြားနည်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။ စေ့စပ်ဆွေးနွေးညှိနှိုင်းခြင်းကိုအခြေခံသည့် နိုင်ငံရေးယဉ်ကျေးမှုအရ စားပွဲဝိုင်းတွင်ဆွေးနွေးအဖြေရှာမှုများကို စိတ်ရှည်လက်ရှည် ရိုးသားပွင့်လင်းစွာ၊ ဖွဲ့ လုံ့လ ဝီရိယဖြင့် ဆောင်ရွက်သွားကြရဦးမည်ဖြစ်သည်။ အစိုးရသစ်အနေဖြင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကိုဦးစားပေးဆောင်ရွက်ရန် မူဝါဒချမှတ်ထားရာ တိုင်းရင်းသားအဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးကို မဖြစ်မနေရယူမည်ဟူသော သန္နိဋ္ဌာန်စိတ်ဓာတ်အပြည့်ဖြင့် အခွင့်အလမ်းကို အမိအရဆုပ်ကိုင်ကာ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

ရာစုနှစ်ထက်ဝက်မက ကြာညောင်းလာပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းသွားစေပြီးမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးထူထောင်ရေးလုပ်ငန်းစဉ်များ အစပြုနိုင်မည်ဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်လာကြခြင်းဖြင့် ပဋိပက္ခဒေသများမှ တိုင်းရင်းသားပြည်သူများအားလုံး စိုးရိမ်ထိတ်လန့်ခြင်းများကင်းဝေးကာ နှလုံးစိတ်ဝမ်းအေးချမ်းနိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါ၏။ ။

# ရေဝတီမြစ်ရေ မြင့်တက်လာသောကြောင့် ပြောင်းခင်းနှင့် ပဲခင်းများ ရေနစ်မြုပ်

**ဗန်းမော် ဧပြီ ၂၆**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဧပြီ ၂၆ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်ရေသည် ၈၃၈ စင်တီမီတာသို့ ရောက်ရှိပြီး ယမန်နေ့ညပိုင်းတွင် မြစ်ရေသုံးလက်မခန့်သာတိုးလာကြောင်း၊ မြစ်ကြီးနားမြို့တွင် ဧရာဝတီမြစ်ရေကျဆင်းလျက်ရှိကြောင်း ဗန်းမော်မြို့ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထံမှ သိရသည်။

ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ၈၃၈ စင်တီမီတာသို့ မြင့်တက်လာသဖြင့် ဧရာဝတီမြစ်တွင်းသဲသောင်ပြင်၌စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ၊ မြစ်ကမ်းပါးဘေးရှိ မြေနိမ့်ဒေသများတွင် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများသို့ ဧရာဝတီမြစ်ရေ ဝင်ရောက်လျက်ရှိသဖြင့် စီပီပြောင်းခင်းများ၊ မြေပဲခင်းများနှင့် မြေတောက်ပဲခင်းများအတွင်းသို့ မြစ်ရေလွှမ်းမိုးလျက်ရှိကြောင်း သိရသည်။

“စီပီပြောင်း သုံးဧကစိုက်ထားတယ်။ ပြောင်းဖူးဆွတ်ခူးချိန်ရောက်ပေမယ့် မိုးရွာလို့ မဆွတ်ခူးခဲ့ရဘူး။ မိုးလည်းရပ်ရော ဧရာဝတီမြစ်ရေ ဝင်ရောက်လို့ နစ်မြုပ်ကုန်တယ်။ မြစ်ရေဆက်ပြီး မတက်ခဲ့ရင် ဆွတ်ခူးနိုင်မယ်။ ပျက်စီးဆုံးရှုံးမှုနည်းမယ်။ မြေနိမ့်ပိုင်းအတွင်းရှိ မြေပဲခင်းတွေ၊ မြေတောက်ပဲခင်းတွေထဲကို မြစ်ရေဝင်ရောက်လျက်ရှိပါတယ်” ဟု ကျောက်အိုက်ကျေးရွာတောင်သူကြီး ဦးထွန်းရှိန်က ပြောသည်။

မြို့နယ်သက်ဆိုင်ရာတာဝန်ရှိသူများက ဧရာဝတီမြစ်ရေဝင်ရောက်မှုနှင့် ပတ်သက်၍ အသီးအနှံများပျက်စီးဆုံးရှုံးမှု ရှိ/မရှိ မြစ်ရေဝင်ဒေသများသို့ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**





ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်း အယ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှုမဖြစ်ပေါ်စေရေးအတွက် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ ဧပြီ ၂၆ ရက်က သန္တေပင်အုပ်စု၊ နွယ်ကောက်အုပ်စု၊ သောင်းမဲလေးကျေးရွာအိမ်ထောင်စုများအတွက် သောက်သုံးရေဖြန့်ဝေပေးစဉ်
(မြို့နယ် ပြန်/ဆက်)

## သာသာယာယာ

**နေပြည်တော် ဧပြီ ၂၆**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ယနေ့ညနေထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၂၆-၄-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၁၁.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၆၂.၂၅ |
| ထိုင်း | တစ်ဘတ် | ၃၃.၃၀၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၁၀ |
| တရုတ် | တစ်ယွမ် | ၁၇၉.၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈.၆၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆



# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဆွီဒင်၊ အိုင်ယာလန်နှင့် တီမောလက်စ်တေနိုင်ငံတို့မှ သံအမတ်ကြီးများ၏ သံအမတ်ခန့်အပ်လွှာများ လက်ခံ

**နေပြည်တော် ဧပြီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ နံနက်ပိုင်းတွင် ဆွီဒင်နိုင်ငံ၊ အိုင်ယာလန်နိုင်ငံနှင့် တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၏ သံအမတ်ခန့်အပ်လွှာများကို လက်ခံသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ စတက်ဖန် ဟားရ် စထရွမ်းသည် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ အိုင်ယာလန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘရိုဒန်ရိုဂျာ(စ်)သည် နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း၊ တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျိုအာ ဖရိတက်စ် ဒီ ကမ်မာရာ **(ဝဲပုံ)**သည် နံနက် ၁၁ နာရီတွင်လည်းကောင်း ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ပေးအပ်ကြသည်။

ယနေ့ပြုလုပ်သည့် သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၆ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲကိဆာ ဇူးမားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် နယ်သာလန်နိုင်ငံဘုရင်မွေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၆ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော နယ်သာလန်နိုင်ငံဘုရင် ဝီလီယံအလက်ဇန္ဒြား၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ နယ်သာလန်နိုင်ငံဘုရင် ဝီလီယံအလက်ဇန္ဒြားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ဧပြီ ၂၇ ရက်တွင်ကျရောက်သော နယ်သာလန်နိုင်ငံဘုရင်ဝီလီယံအလက်ဇန္ဒြား၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ နယ်သာလန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ မာ့ခ်ရတ်(ခ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တောင်အာဖရိကနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၆ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော တောင်အာဖရိကသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံမှ တောင်အာဖရိကသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စ မေးအမ်ကိုး အမာရှုဘေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နယ်သာလန်နိုင်ငံ ဘုရင်မွေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဧပြီ ၂၇**

၂၀၁၆ ခုနှစ် ဧပြီ ၂၇ ရက်တွင် ကျရောက်သော နယ်သာလန်နိုင်ငံဘုရင် ဝီလီယံ အလက်ဇန္ဒြား၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံမှ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ အဲလ်ဘတ်ဂျီရာတ် ကိုဒါး(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၃၄/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)**
**နေပြည်တော်ကောင်စီဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၂)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၂ နှင့် နေပြည်တော် ကောင်စီဥပဒေပုဒ်မ ၄ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို နေပြည်တော်ကောင်စီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီးမင်းနောင်
(၂) ဦးအောင်မြင်ထွန်း
(၃) ဦးတင်ထွန်း
(၄) ဦးတင်ထွဋ်
(၅) ဦးအေးမောင်စိန်

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နေပြည်တော်ကောင်စီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ကြေညာချက်အမှတ်၊ ၇/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်**
**(၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်)**
**နေပြည်တော်ကောင်စီဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၁ နှင့် နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ **"နေပြည်တော်ကောင်စီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | |
|---|---|
| (က) ဒေါက်တာမျိုးအောင် | ဥက္ကဋ္ဌ |
| (ခ) ဗိုလ်မှူးကြီးမင်းနောင် | ကောင်စီဝင် |
| (ဂ) ဦးအောင်မြင်ထွန်း | ကောင်စီဝင် |
| (ဃ) ဦးတင်ထွန်း | ကောင်စီဝင် |
| (င) ဦးတင်ထွဋ် | ကောင်စီဝင် |
| (စ) ဦးအေးမောင်စိန် | ကောင်စီဝင် |

၂။ နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)ပါ ပြဋ္ဌာန်းချက်အရ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အကြီးအမှူးသည် ရာထူးအလျောက် နေပြည်တော်ကောင်စီ၏အတွင်းရေးမှူးဖြစ်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## လူရည်ချွန်ကြီးများနှင့် ဘက်စုံလူရည်ချွန် မောင်မယ်များတွေ့ဆုံ

**မန္တလေး ဧပြီ ၂၆**

အင်းလေးစခန်းသို့ သွားရောက်မည့် နဝမတန်းဘက်စုံ ထူးချွန်လူရည်ချွန်များနှင့် မန္တလေးရှိ လူရည်ချွန်ကြီးများ တွေ့ဆုံပွဲကို ဧပြီ ၂၆ ရက် ညနေ ၄ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ၂၃ လမ်း ၈၀×၈၁ လမ်းကြားရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ လူရည်ချွန်ကြီး ကိုးဦးနှင့် နဝမတန်းလူရည်ချွန် ၁၇၆ ဦးတို့ တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ပညာရေးမှူးညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် အထက်မြန်မာပြည် လူရည်ချွန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်တို့က အမှာစကားပြောကြားပြီး ဒေါ်နန်းမြင့်မြင့်လွင်က လူရည်ချွန်ကြီးများ ကိုယ်စားအမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ နဝမတန်းလူရည်ချွန်များကိုယ်စား ပြည်နယ်ပညာရေးမှူးက လက်ခံရယူခဲ့သည်။

ထို့နောက် နဝမတန်းဘက်စုံထူးချွန်လူရည်ချွန် ၁၇၆ ဦး၊ ကြီးကြပ်ရေးမှူး ၁၈ ဦးနှင့် ညွှန်ကြားရေးမှူးတို့အား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်မွန်နှင့် ဆရာဆရာမများက ညနေစာဖြင့် တည်ခင်း ဧည့်ခံပြီးနောက် ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ဧပြီ ၂၇ ရက်တွင် မန္တလေးမှ အင်းလေးစခန်းသို့ လေ့လာရေးခရီးစဉ်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် အဋ္ဌမတန်းဘက်စုံထူးချွန်လူရည်ချွန် ၁၇၆ ဦး၊ ကြီးကြပ် ၁၈ ဦးနှင့် ညွှန်ကြားရေးမှူးတို့သည် ပုဂံသို့လေ့လာရေးခရီးစဉ်အဖြစ်လည်းကောင်း၊ နဝမတန်းဘက်စုံထူးချွန်လူရည်ချွန် ၁၇၆ ဦး၊ ကြီးကြပ်ဆရာဆရာမ ၁၈ ဦးနှင့် ညွှန်ကြားရေးမှူးတို့သည် အင်းလေးသို့ လေ့လာရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ဒသမတန်းဘက်စုံထူးချွန်လူရည်ချွန် ၁၇၆ ဦး၊ ကြီးကြပ်ဆရာဆရာမ ၁၈ ဦးနှင့် ညွှန်ကြားရေးမှူးတို့သည် ငွေဆောင်သို့ လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်ပြီး မေ ၃ ရက်တွင် စုရပ်စခန်းများသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ထူး**

*** ရှေ့ဖုံးမှ**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ ပဉ္စမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပလျက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ထိုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် အစိုးရသစ်၏ မူဝါဒအရ တိုင်းရင်းသားများရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဟု အကြိမ်ကြိမ်ပြောကြား၍ ချမှတ်ထားပြီးဖြစ်ရာ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးထားသည့်အဖွဲ့များက စံပြအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ NCA ကို လက်မှတ်ရေးထိုး၍ (JMC) ကို စတင်တည်ထောင်ပြီး နောက်ပိုင်းတွင် ပစ်ခတ်တိုက်ခိုက်မှုများ လျော့ကျရပ်ဆိုင်းသွားသည်ကို တွေ့ရှိရကြောင်း၊ အသေးစားတိုက်ခိုက်မှု သုံးကြိမ်သာဖြစ်ပွားခဲ့မှုဖြင့် တွေ့ရှိရမှာဖြစ်ကြောင်း၊ အောက်ခြေတွင် ညှိနှိုင်းဆောင်ရွက်မှုများရှိခဲ့၍လည်း ပစ်ခတ်တိုက်ခိုက်မှုများ မဖြစ်ပေါ်စေရန် တားဆီးနိုင်ခဲ့ခြင်းလည်းဖြစ်ပါကြောင်း၊ မတ်လ ၃၁ ရက်က မြန်မာ့ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC) ဖျက်သိမ်းခဲ့သော်လည်း JMC ၏ အစည်းအဝေးများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ဆုံဆွေးနွေးမှုအပိုင်းကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ NCA အခန်း (၃) အပိုဒ်(၅)တွင် ပါဝင်သည့် နှစ်ဖက်တပ်များ လိုက်နာရမည့်အချက်(၆)ချက်ကို လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ လျော့ကျသွားမည်ဖြစ်ကာ မိမိတို့ကော်မတီအနေဖြင့်လည်း ပစ်ခတ်တိုက်ခိုက်မှုများ လျော့ကျသွားစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ(၁) ကေအန်ယူမှ စောအိုင်းဇက်ဖိုးက မြန်မာနိုင်ငံတွင် နှစ်ပေါင်း(၆၀)ကျော် ဖြစ်ပွားနေခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများသည် နိုင်ငံရေးကြောင့်ဖြစ်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်နည်းဖြင့် ဖြေရှင်းခဲ့သည့်အတွက် ယခုကဲ့သို့ တိုင်းသူပြည်သားများ အတိဒုက္ခရောက်ခဲ့ရသကဲ့သို့ နှစ်ဖက်စလုံးတွင် အကျအဆုံးများ ရှိခဲ့သည့်အပြင် တိုင်းပြည်မှာလည်း ဆင်းရဲတွင်းထဲကျရောက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းနိုင်ရန် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး အရပ်သားကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံကလည်း နှုတ်ခွန်းဆက်စကား ဆက်လက်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ လုပ်ငန်းအဖွဲ့အတွင်း၌ ဆွေးနွေးသဘောတူညီခဲ့သော ဒေသဆိုင်ရာရုံးအဖွဲ့၏ လုပ်ငန်းလမ်းညွှန်အား ဆွေးနွေးအတည်ပြုခြင်း၊ လုပ်ငန်းအဖွဲ့အတွင်း ဆွေးနွေးခဲ့သည့် နိုင်ငံတကာအဖွဲ့အစည်းများမှ တောင်းဆိုထားသော တရားဝင်မှု (Legal Status) ကို ရရှိရန် Technical Secretrait Center(TSC) အထောက်အကူပြု ရုံးအဖွဲ့အား NGO အဖြစ် (သို့မဟုတ်) State Process အဖြစ် မည်သို့ဆောင်ရွက်လိုကြောင်းကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ Ethnic Armed Organizations(EAOs)ဘက်မှ ယခုလ ဧပြီ ၆ ရက်မတိုင်မီ အကြောင်းပြန်ပေးရမည့်ကိစ္စအား ဆွေးနွေးဆုံးဖြတ်ခြင်း၊ ယာယီတိုင်ကြားမှု ကန့်ကွက်ခြင်းလုပ်ငန်းအပေါ် ဆွေးနွေးအတည်ပြုခြင်းများအပြင် အထွေထွေကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်းနှင့် အစည်းအဝေးကို ဧပြီ ၂၇ ရက်တွင် အဆိုပါ ဟိုတယ်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အစိုးရကိုယ်စားလှယ် ၁၀ ဦး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၁၀ ဦး၊ နှစ်ဖက်မှ အဆိုပြုသော အရပ်သားကိုယ်စားလှယ် ခြောက်ဦး စုစုပေါင်း ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

ကော်မတီတွင်ဥက္ကဋ္ဌအဖြစ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ(၁)စောအိုင်းဇက်ဖိုး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံ၊ အဖွဲ့ဝင်များအဖြစ် ဦးခင်မောင်စိုး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဗိုလ်ချုပ်အောင်စိုး၊ ဦးမြင့်စိုး၊ ဒေါက်တာမင်းဇော်ဦး၊ စောနေစိုးမြ၊ စောကျော်သန်းငွေး၊ ခွန်အောင်မန်း၊ ဦးဆလိုင်းယောအောင်၊ ခိုင်မျိုးချစ်၊ ဦးဆောင်းဟန်၊ စောတာဒိုမူး၊ စိုင်းလျန်း၊ သိက္ခာတော်ရဆရာတော် စောမက်သယူးအေး၊ ဦးကိုကိုကြီး၊ စိုင်းမျိုးသန့်၊ ဦးမောင်မောင်ငြိမ်း၊ သူရဦးတင်လှ၊ အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်နှင့် အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်တို့ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

---

**❖ ကျောဖုံးမှ**

အမှတ် B6 125 ရဟတ်ယာဉ်သည် မုန်တိုင်ဆည်ကမ်းစပ်မှ ပေ ၅၀၀ အကွာအဝေး၊ ကောင်းကင်အမြင့် ပေ ၃၀၀ ခန့်မှ မုန်တိုင်ဆည်အတွင်းသို့ စက်ချွတ်ယွင်း၍ ဦးစိုက်ထိုးကျသွားခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ကြုံလိုက်ရသည့် ဒေသခံတစ်ဦးက ပြောသည်။

ခါတိုင်းနေ့တွေလိုပဲ လေ့ကျင့်ပျံသန်းနေတယ်မှတ်လို့ ကြည့်နေတာ။ ရဟတ်ယာဉ်က ပုံမှန်ထက်တော့ နိမ့်နိမ့်လေးပျံသန်းနေတာတော့ သတိထားမိတယ်။ မကြာဘူး ဝုန်းခနဲ အသံကြားလို့ ကြည့်လိုက်တော့ ရဟတ်ယာဉ်က ဆည်ရေထဲကို ပျက်ကျနစ်မြုပ်နေတာကို တွေ့တယ်။ လေယာဉ်ပျက်ကျကျချင်း ကျွန်တော်တို့ ငါးဖမ်းတံငါလှေသုံးစင်းနဲ့ ဝိုင်းဝန်းပြီးတော့ လေယာဉ်မှူး နှစ်ယောက်ကို သွားရောက်ကူညီပါတယ်။ လေယာဉ်မှူးနှစ်ယောက်စလုံးလည်း ကံကောင်းတယ်၊ ပွန်းပဲ့ဒဏ်ရာအနည်းငယ်လောက်ပဲရတာတွေ့တယ်” ဟု ရဟတ်ယာဉ်ပျက်ကျမှုတွင် လှေဖြင့်သွားရောက်ကူညီခဲ့သူ တစ်ဦးဖြစ်သည့် ကိုဝင်းအောင်က ပြောသည်။

ရဟတ်ယာဉ် ပျက်ကျသည့်အချိန်တွင် ချက်ချင်း လှေများဖြင့် သွားရောက်ကူညီကယ်ဆယ်ခဲ့သော်လည်း ပျက်ကျနစ်မြုပ်သည့်နေရာနှင့် ဆည်၏ကမ်းခြေမှာ အလှမ်းဝေးသောကြောင့် လှေများရောက်ရှိသွားချိန်တွင် ရဟတ်ယာဉ်မှာ ဆည်ရေအောက်သို့ နစ်မြုပ်သွားပြီဖြစ်ကြောင်း ပါဝင်ကူညီသူတစ်ဦးက ပြောသည်။

“ကျွန်တော်တို့လည်း ရဟတ်ယာဉ် ပျက်ကျကျချင်း လှေသုံးစင်းနဲ့ သွားရောက်ကူညီပေမယ့် လှေက စက်တပ်လှေမဟုတ်ဘဲ လက်နဲ့လှော်ခတ်ရတာဆိုတော့ မမြန်ဘူးလေ။ ဒါကြောင့် အဲဒီအနားရောက်တော့ ရဟတ်ယာဉ်က ရေအောက်ကို မြုပ်သွားပြီ။ လေယာဉ်မှူးနှစ်ဦးစလုံးကိုတော့ လှေပေါ်မှာ တင်ပြီး ကမ်းစပ်ကို ရောက်အောင် ကူညီခေါ်ဆောင်ပေးခဲ့ပါတယ်” ဟု ပါဝင်ကူညီသည့် ဒေသခံ တံငါသည်တစ်ဦးက ပြောသည်။

ယင်းပျက်ကျသွားသည့် ရဟတ်ယာဉ်နေရာတွင် ရေပေါ်ဘောလုံးတချို့ဖြင့် မှတ်သားထားပြီး ရဟတ်ယာဉ်မှာ ဆည်ရေအောက် ပေ ၃၀ ခန့်အကွာတွင် နစ်မြုပ်နေသည်ဟု ခန့်မှန်းထားပြီး ပြန်လည်ဆယ်ယူရရှိနိုင်ရေးအတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပျက်ကျရဟတ်ယာဉ်ကို မုန်တိုင်ဆည်အတွင်းမှ ပြန်လည်ဆယ်တင်ခဲ့ရာ ရဟတ်ယာဉ်၏ ကိုယ်ထည်ပိုင်းမှာ ရေအောက်တွင် နစ်မြုပ်လျက်ရှိပြီး ရေပြင်ပေါ်၌ ကျန်ရှိသော ရဟတ်ယာဉ်အစိတ်အပိုင်းတချို့အား ဆယ်တင်နိုင်ခဲ့ကြောင်းနှင့် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်အခြေအနေအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်းနှင့် ယင်း Bell-206 ရဟတ်ယာဉ်သည် ၁၉၇၇ ခုနှစ်က ထုတ်လုပ်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် အသုံးမပြုနိုင်တော့သဖြင့် ၂၀၁၂ ခုနှစ်တွင် ပြည်ပကုမ္ပဏီတစ်ခုနှင့် အကြီးစားပြင်ဆင်မှုများပြုလုပ်၍ လေ့ကျင့်ရေးရဟတ်ယာဉ်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

---

# ပြည်ထဲရေးဝန်ကြီးဌာနနှင့် IOM ၊ UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၂၆**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Giuseppe de Vincentiis နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(IOM)၏ Chief of Mission ဖြစ်သူ Mr. Kieran Gorman Best နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင်လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထဲရေးဝန်ကြီးဌာနနှင့် IOM ၊ UNHCR တို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

---

# မူဆယ်မြို့နှင့် (၁၀၅)မိုင်ကြား ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခရီးသွားပြည်သူများ အခက်တွေ့နေ

**မူဆယ် ဧပြီ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်နှင့် (၁၀၅)မိုင်ကြား မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးပေါ် အောက်တုံခန်ကျေးရွာ၊ နမ့်ခွမ်ကျေးရွာအနီး၌ ယနေ့နံနက် ၁၁ နာရီခွဲက ယာဉ်ကြောပိတ်ဆို့မှုကြောင့် ခရီးသွားပြည်သူများ သွားလာရခက်ခဲမှုများ ကြုံတွေ့ခဲ့ရသည်။ **(ယာပုံ)**

ယာဉ်လမ်း ပိတ်ဆို့မှုဖြစ်ရာ နမ့်ခွမ်ကျေးရွာမှ ဒေသခံတစ်ဦးက “အခုလို ကားလမ်းပိတ်နေတာ အရင်ကလည်း မကြာခဏဖြစ်တယ်။ မနေ့က ညနေဘက်ကလည်း အခုလို လမ်းပိတ်သွားတယ်။ လမ်းပိတ်ပြီဆိုတာနဲ့ ဒေသခံတာဝန်ရှိအဖွဲ့တွေကလည်း ချက်ချင်း အချိန်နဲ့တစ်ပြေးညီ လာရောက်ရှင်းပေးနေတာ တွေ့မြင်နေရတယ်။ အဓိက ယာဉ်ကြောပိတ်ဆို့ရတဲ့အကြောင်းက ယာဉ်မောင်းတွေရဲ့ မဆင်မခြင် မောင်းနှင်ပြီး တစ်စီးကိုတစ်စီးကျော်တက်၊ အပြိုင်အဆိုင် လမ်းလုမောင်းရာက ယာဉ်ကြောပိတ်ဆို့မှု ဖြစ်တာပဲ၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုနဲ့ ယာဉ်ကို လမ်းဘေးချပေးတယ် မရှိကြဘူး။ သူ့ထက်ငါအပြိုင် ခရီးရှေ့ရောက်ဖို့ အပြိုင်မောင်းကြတော့ လမ်းတွေပိတ်တယ်။ ယာဉ်မောင်းတွေ အခုလို မဆင်မခြင်မောင်းနှင်နေသရွေ့တော့ ကျွန်တော်တို့ မူဆယ် ပြည်ထောင်စုလမ်းမကြီး ဘယ်သောအခါမှ ကောင်းမွန်အဆင်ပြေလာမှာ မဟုတ်ဘူး။ အခုလို ယာဉ်ကြောပိတ်ဆို့မှုတွေ မကြာခဏဖြစ်နေမှာပဲ၊ တစ်ခါတစ်ခါ ယာဉ်ကြောပိတ်ရင် တော်တော်ကြာတယ်။ မူဆယ်မြို့အထွက်ကနေ (၁၀၅)မိုင်ထိ ခြောက်မိုင်၊ ခုနစ်မိုင်ကျော်ခရီးကို အနည်းဆုံး ခြောက်နာရီလောက်ကြာအောင် သွားခဲ့ရတဲ့နေ့တွေ ရှိခဲ့ဖူးတယ်။ တာဝန်ရှိသူတွေအနေနဲ့ စည်းကမ်းမလိုက်နာတဲ့ ယာဉ်မောင်းတွေကို ဥပဒေအရ ထိရောက်စွာ အရေးယူသင့်ပါတယ်” ဟု ပြောသည်။

ကုန်တင်ယာဉ်မောင်းတစ်ဦးက “မူဆယ်ကားလမ်းက အရင်လို သွားလာရအဆင်မပြေတော့ဘူး။ အိမ်နီးချင်း တရုတ်နိုင်ငံနဲ့ မြန်မာပြည်နဲ့က ကုန်သွယ်မှုစီးဆင်းအားကောင်းလာတာနဲ့ နှစ်ဖက်သွင်းကုန် ထုတ်ကုန်နဲ့ ကုန်စည်တင်ပို့မှု နေ့စဉ်ရှိနေတော့ လမ်းအသုံးပြုယာဉ်တွေဟာ အရင်နှစ်တွေနဲ့မတူ များပြားလာတာကြောင့် လမ်းတွေဟာ သွားလာရခက်ခဲလာတယ်။ အခုရက်ပိုင်း မူဆယ်မြို့အဝင်နား ယာဉ်လမ်းပိတ်ဆို့တယ်ဆိုတာကလည်း ရာသီဥတုကြောင့် တောင်ပေါ်မှာ မိုးရွာတာတွေရှိနေတော့ တချို့နေရာတွေဆို လမ်းဘေးချဲ့ထားတဲ့ မြေတွေက မြေကြီးကျွံနိုင်တယ်။ လမ်းအသုံးပြုနေတဲ့ ကုန်စည်သယ်ပို့ယာဉ်တွေအနေနဲ့ အတက်ယာဉ်ကြီးနဲ့ အဆင်းယာဉ်ကြီးတွေက ကုန်အပြည့်နဲ့ဆိုတော့ လမ်းဘေးကိုမချပေးရဲဘူး။ လမ်းဘေးချပေးလို့ မြေကျွံရင် ယာဉ်လည်း မှောက်သွားနိုင်တယ်။ တောင်ပေါ်မှာ ယာဉ်ကြီးတစ်စီးပျက်စီးရင် လမ်းပိတ်ဆို့မှု ရက်တွေကြာနိုင်တယ်။ ကျွန်တော်တို့ ယာဉ်ကြီးမောင်းနှင်သူတွေအနေနဲ့ လမ်းပိတ်ဆို့မှုဖြစ်မှာကို မလိုလားကြဘူး။ တချို့ယာဉ်တွေပေါ်မှာ ကုန်စိမ်း၊ အသီးအနှံ၊ ကဏန်း အစရှိတဲ့ ကြာရှည်အထားမခံတဲ့ ကုန်ပစ္စည်းတွေပါနေတော့ အခုလိုလမ်းပိတ်ဆို့မှုဖြစ်ရင် ကုန်သည်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေ အနေနဲ့ အဆင်မပြေဆုံးရှုံးမှုက များစေတယ်” ဟု ပြောကြားသည်။



ရှမ်းပြည်နယ် မြောက်ပိုင်း မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီး လမ်းပိုင်းများအလိုက် ယာဉ်ကြောပိတ်ဆို့မှုများ နေရာဒေသအလိုက် မြို့နယ်များတွင် မကြာခဏ ဖြစ်ပေါ်နေသည်။ ယာဉ်ကြောပိတ်ဆို့ရာဒေသမှ တာဝန်ရှိအဖွဲ့များက ကူညီပေးနေသော်လည်း တောင်ပေါ်ဒေသ ယာဉ်ကြောပိတ်ဆို့မှု ကင်းစင်လျော့နည်းစေရေး အတွက် လမ်းအသုံးပြုသူ ယာဉ်မောင်းများ စည်းကမ်းရှိမှုက အဓိကကျပြီး သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများသာမက ပြည်သူများ ပူးပေါင်းပါဝင်ကူညီမှုသာ တိုးတက်ပြောင်းလဲ အဆင်ပြေလာနိုင်မည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး



**နေပြည်တော် မေ ၂၆**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အခြေစိုက် ဂျော်ဂျီယာသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Levan Machavariani အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်သူ့လွှတ်တော်ရုံးစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**နေပြည်တော် မေ ၂၆**

ပြည်သူ့လွှတ်တော်ရုံးစာကြည့်တိုက်သို့ စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် စာကြည့်တိုက်၌ ကျင်းပရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဗိုလ်မှူးကြီး ခင်မောင်ထွန်း(ငြိမ်း)က စာအုပ်လှူဒါန်းရသည့် အကြောင်းအရင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်က ခင်မောင်နှင်း(ကျောက်ပန်းတောင်း) ကလောင်အမည်ဖြင့် ၎င်းကိုယ်တိုင်ရေးသားခဲ့သော ဘာသာရေးဆိုင်ရာစာအုပ် ၄၃၀ ကို ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား ဂျာမနီနိုင်ငံသံအမတ်ကြီး၊ BBC နှင့် UNICEF တို့မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး Mr. Christain – Ludwig Weber – Lortsch သည် ယနေ့ မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း၊ BBC သတင်းဌာန (မြန်မာပိုင်း)မှ ဌာနမှူး ဒေါ်တင်ထားဆွေနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ Deputy Representative , Shalini Bahuguna နှင့် အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဂျာမနီသံအမတ်ကြီးတို့တွေ့ဆုံစဉ် မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း၊ BBC သတင်းဌာန (မြန်မာပိုင်း)မှ ဌာနမှူးနှင့် တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် BBC သတင်းဌာနတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ UNICEF မှ Deputy Representative နှင့် တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအား အကောက်ခွန်ရှင်းလင်းထုတ်ပေးမှုအခြေအနေ

**ရန်ကုန် မေ ၂၆**

အကောက်ခွန်ဦးစီးဌာန အနေဖြင့် မော်တော်ယာဉ်အစားထိုး စီမံချက်အပါအဝင် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းစတင် ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်နေ့မှ ၂၄-၄-၂၀၁၆ ရက်နေ့အထိ ၅၄ လတာ ကာလအတွင်း အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၅၃၆၁၄၄ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ၇၅၃၆၁၅ ဒသမ ၄၈ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၆၅၆၉၉၆ ဒသမ ၇၆ ကျပ်သန်း စုစုပေါင်း ၁၄၁၀၆၁၂ ဒသမ ၂၄ ကျပ်သန်းအား ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန် (CD) နှင့်ကုန်သွယ်လုပ်ငန်းခွန် (CT) များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်း အစားထိုးလဲလှယ်ရေးစီမံချက်အတွက် အစီး ၁၃၆၉၆၀၊ ကားအရောင်းပြခန်းများ အတွက် ၁၁၈၃၇၈ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်ခရီးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၇၄၈၂၄ စီးတို့ ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်**

# ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်၌ စာပေဟောပြောပွဲကျင်းပမည်

**နေပြည်တော် မေ ၂၆**

ကမ်းလက်များစာကြည့်တိုက်(နေပြည်တော်)က စီစဉ်ကျင်းပသည့် တတိယအကြိမ်မြောက် စာပေဟောပြောပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် ကမ်းလက်များစာကြည့်တိုက် အထက(၉)အနီး၌ မေ ၃၀ ရက် (စနေနေ့) ညနေ ၆ နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။ စာပေရေးရာဗဟုသုတများကို နိုင်ငံ့ဝန်ထမ်း စာပေချစ်မြတ်နိုးသူများအား ပါဝင်ဟောပြောကြမည့် စာရေးဆရာများမှာ ဆရာမ မသီတာ(စမ်းချောင်း)၊ ဆရာအဏ္ဏဝါစိုးမိုး၊ ဆရာဦးဘုန်း(ဓာတု)တို့ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၆**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဟားခါးမြို့၌ ၁ ဒသမ ၁၀ လက်မ၊ ရွှေဘိုမြို့၌ ၀ ဒသမ ၉၀ လက်မ၊ တောင်ကြီးမြို့နှင့် စစ်ကိုင်းမြို့တို့၌ ၀ ဒသမ ၆၃ လက်မစီ၊ နောင်ချိုမြို့နှင့် ဖလမ်းမြို့တို့၌ ၀ ဒသမ ၅၉ လက်မစီ၊ လွိုင်လင်မြို့နှင့် ရေဦးမြို့တို့၌ ၀ ဒသမ ၃၅ လက်မစီတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

# ရှေ့သို့လှမ်းမည့် ခြေလှမ်းများ

**အေးမြင့်မိုရ်**




ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် ကျောင်းသားလူငယ်များအား စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးစဉ်

ယနေ့ ခေတ်ပြောင်း စနစ်ပြောင်း အရာရာပြောင်းလဲနေသည့် ကာလမျိုးတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ကျော်က ကမ္ဘာကျော် အမေရိကန်သမ္မတကြီး အေဗရာဟင်လင်ကွန်း ပြောကြားခဲ့သည့် စကားတစ်ခွန်းကို အမှတ်ရနေမိသည်။ If we could first know where we are, and whither we are tending, we could then better judge what to do, and how to do it. "ကျွန်တော်တို့ အခု ဘယ်မှာရောက်နေပြီး ဘယ်ကို ဦးတည်နေတယ်ဆိုတာသာသိထားရင် ကျွန်တော်တို့ ဘာလုပ်ရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာကို ဆုံးဖြတ်ရလွယ်ပါတယ်" ဆိုသည့် စကားပင်ဖြစ်၏။

ယနေ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးကို လွတ်လပ်မှု (Freedom)၊ ကြွယ်ဝချမ်းသာမှု (Prosperity)၊ ဖွံ့ဖြိုးတိုးတက်မှု (Development)ဆိုသည့် အခြေခံလူ့တန်ဖိုးခြင်းရာများဖြင့် ဖွဲ့စည်းတည်ဆောက်လျက်ရှိသည်။ ဤသို့သော လူ့အဖွဲ့အစည်းမျိုး အောင်မြင်စွာတည်ဆောက်နိုင်ဖို့ဆိုလျှင် ကျွန်တော်တို့ ယခု မည်သည့်နေရာတွင် ရောက်ရှိနေသည်၊ မည်သည့်အရပ်ကို ဦးတည်လျက်ရှိသည်နှင့် မည်သို့မည်ပုံ ခရီးဆက်ကြရမည်ကို မဖြစ်မနေဆန်းစစ်ကြည့်ကြရပါလိမ့်မည်။

**ဦးတည်ရာခေတ်**

လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ ကျော်က ဗြိတိသျှ တွေးခေါ်ပညာရှင် ဖရန်စစ်ဘေကွန်၏ Knowledge is Power ဆိုသည့် စကားတစ်ခွန်းပေါ်ထွက်လာခဲ့သည်။ ယင်းစကားပေါ်ထွက်လာပြီးသည့် နောက်ပိုင်း လူ့အဖွဲ့အစည်းများ၏ ဦးတည်ရာ Trend များသည် အသိပညာဘက်သို့ တဖြည်းဖြည်း ရွေ့လျားပြောင်းလဲလာခဲ့သည်။ ပြောကြစတမ်းဆိုလျှင် လူ့အဖွဲ့အစည်းတိုင်းလိုလိုက ဉာဏအခြေခံသော လူ့အဖွဲ့အစည်း (Knowledge-Based Society)နှင့် ဉာဏအခြေခံသော စီးပွားရေး (Knowledge -Based Economy) များသို့ သူ့ထက်ငါအပြိုင်အဆိုင် ပြောင်းလဲလာကြ၏။ ထို့အပြင် အသိပညာကို ထုတ်လုပ်မှုအရင်းအမြစ် (Productive Resources)တစ်ခုအဖြစ် သဘောထားကာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးများ၌ နိုင်ဖဲတစ်ချပ်ပမာ အသုံးချလာခဲ့ကြသည်ကိုလည်း တွေ့မြင်နေကြရသည်။

ထို့နည်းတူ အသိပညာကိုအရင်းပြု၍ မိမိတို့၏ စွမ်းအားကို တည်ဆောက်လာကြသည်။ တစ်နည်းအားဖြင့်ပြောရလျှင် ပညာအရင်းကြီးမှသာ ရေရှည်ကြီးပွားတိုးတက်နိုင်သည်ဆိုသည့် သဘောတရားအပေါ် နားလည်လက်ခံလာကြ၏။ ထို့ကြောင့် ယနေ့ အချိန်တွင် ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်း၌ အရေးတကြီးဆောင်ရွက်ရမည့်လုပ်ငန်းမှာ ပြည်သူများ၏ အသိပညာရေချိန် (Knowledge Level) မြင့်မားတိုးတက်အောင် ဆောင်ရွက်ကြရန်ပင်ဖြစ်သည်။ ဤသို့ဆောင်ရွက်ကြမည်ဆိုလျှင် စာကြည့်တိုက်များကိုသာ အခြေခံကြရမည်။ စာကြည့်တိုက်များမှတစ်ဆင့် အသိပညာလေ့လာဆည်းပူးသည့်စနစ်ကို လေ့ကျင့်ပျိုးထောင်ကြရပါလိမ့်မည်။



ကော့မှူးမြို့နယ် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း စာကြည့်တိုက်အတွင်း ကျောင်းသားလူငယ်များ စာအုပ်စာစောင်များ လာရောက်ငှားရမ်းဖတ်ရှုကြစဉ်

**စာကြည့်တိုက်များအခြေအနေ**

စာကြည့်တိုက်ဆိုသည်မှာ လူ့အဖွဲ့အစည်းတိုင်း တွင် မပါမဖြစ်ရှိသင့်သည့် လူထုဆက်ဆံရေးမှူး တစ်ဦးပင်ဖြစ်သည်။ တကယ်တမ်းပြောရလျှင် မြန်မာနိုင်ငံတွင် ပုဂံခေတ်ကတည်းက စာကြည့်တိုက်များ ရှိခဲ့သည်။ စာကြည့်တိုက်လုပ်ငန်းများကို ခေတ်အဆက်ဆက် တည်ထောင်ဆောင်ရွက်ခဲ့ကြသော်လည်း အကြောင်းကြောင်းကြောင့် အောင်မြင်သင့်သလောက် မအောင်မြင်၊ တိုးတက်သင့်သလောက် မတိုးတက်ဘဲ မှေးမှိန်ပျောက်ကွယ်ခဲ့ရသည်များပင်ရှိခဲ့၏။ ယင်းကိစ္စနှင့်ပတ်သက်၍ လူအမျိုးမျိုးက ရှုထောင့်အမျိုးမျိုး၊ အမြင်အမျိုးမျိုးဖြင့် ဝေဖန်စောကြောနေကြသော်လည်း အောင်မြင်အောင် ဆောင်ရွက်နိုင်မှု နည်းပါးနေဆဲဖြစ်သည်။ အဓိကမှာ ပြည်သူများအား အသိပညာတိုးတက်စေလိုသည့် စေတနာကောင်း သက်သက်ရှိရုံဖြင့် စာကြည့်တိုက်များ မအောင်မြင်နိုင်သည်ကို သင်ခန်းစာယူတတ်ဖို့ပင် ဖြစ်သည်။

**ယနေ့ ၂၁ ရာစုတွင် စာကြည့်တိုက်များသည် ရင်းနှီးမြှုပ်နှံလျှင် မြှုပ်နှံသလောက် အကျိုးရှိသည့် အကောင်းဆုံးသော လုပ်ဖော်ကိုင်ဖက်များဖြစ်သည်ဟု ကမ္ဘာ့နိုင်ငံအများစုက လက်ခံထားကြသည်။ မြန်မာနိုင်ငံတွင် စာကြည့်တိုက်များ ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေကြသော်လည်း ရေရှည်တည်တံ့ခိုင်မြဲရန် အခက်တွေ့လျက်ရှိသည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆောင်ရွက်နေသည့် စာကြည့်တိုက်လုပ်ငန်းများမှာ အခြားအဖွဲ့အစည်းများက ဆောင်ရွက်နေသည့် စာကြည့်တိုက်လုပ်ငန်းများထက် စနစ်ကျသည်ဟု ဆိုရမည်။**

၁၉၃၆ ခုနှစ် ဇန်နဝါရီလထုတ် ကြီးပွားရေးမဂ္ဂဇင်းတွင် ဆရာကြီး သိပ္ပံမောင်ဝရေးခဲ့သည့် "တောသားတွေ စာဖတ်ရမှန်းမသိဘူးလို့ ရေးလိုက်တာကတော့ ဟုတ်ပါရဲ့၊ စာဖတ်တာ ကောင်းသကွယ့်လို့ဆိုရုံနဲ့ ကိစ္စပြီးရင်တော့ လည်းကောင်းသားပေါ့၊ ဘယ်မလဲစာအုပ်၊ ဘယ်မလဲ ပိုက်ဆံ" ဆိုသည့် စကားအတိုင်း ပြည်သူများကို စာဖတ်စေလို၊ အသိပညာရစေလိုသည့် စေတနာသက်သက်ရှိရုံဖြင့် စာကြည့်တိုက်များ မရှင်သန်နိုင်ပေ။ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များ မချမှတ်နိုင်သေးသမျှ မအောင်မြင်နိုင်ပါ။

စာကြည့်တိုက်ကြီးရှိပြီး စာအုပ်စာစောင်များ မပြည့်စုံခြင်း၊ စာအုပ်စာစောင်များရှိသော်လည်း စာကြည့်တိုက်ဝန်ဆောင်မှု အားနည်းခြင်းကြောင့် စာဖတ်သူနည်းပါးနေခြင်း၊ စာကြည့်တိုက်များနှင့် ရပ်ရွာလူထုကင်းကွာနေခြင်းကြောင့် ရေရှည်တည်တံ့ခိုင်မြဲရန် ခက်ခဲနေခြင်းတို့က သက်သေခံနေကြသည်။

**အတုယူစရာ စာကြည့်တိုက်တစ်ခု**

လွန်ခဲ့သည့် နှစ်နှစ်ခန့်က အမေရိကန်နိုင်ငံ ဆီရက်တဲလ်မြို့တောင်ပိုင်းရှိ Rainier Beach စာကြည့်တိုက်တစ်တိုက်ကို မထင်မှတ်ဘဲ လေ့လာခွင့်ရခဲ့သည်။ စာကြည့်တိုက်အတွင်းသို့ ဝင်လိုက်သည်နှင့် ပြုံးရွှင်ချိုသာသော ဟန်ပန်အမူအရာများဖြင့် ကြိုဆိုနေသည့် စာကြည့်တိုက်မှူးများကို တွေ့ရသည်။ စာကြည့်တိုက်အတွက် ချမှတ်ထားသည့် To bring People, Information and idea together to enrich lives and build community ဆိုသည့် Mission တစ်ခုကို ဖတ်ရသည်။ အင်မတန်လှပပြီး အဓိပ္ပာယ်ပြည့်ဝနေသဖြင့် သဘောကျမိ၏။ ကျွန်တော်တို့ စာကြည့်တိုက်များကိုလည်း သူတို့လို Mission မျိုး ချမှတ်ချင်မိသည်။ စာကြည့်တိုက်ကို နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပေးကြသည်။ စာကြည့်တိုက်တွင် Audio Booksများ၊ Music (CDs)များ၊ Movies(DVDs)များအပါအဝင် စာအုပ်စာစောင်နှစ်သန်းကျော် စုဆောင်းပေးထားသည်။ စာကြည့်တိုက်ထဲတွင် ဆော့ကစားနေသည့် ကလေးငယ်များ၊ မိသားစုလိုက်စာလာဖတ်သူများ၊ အင်တာနက်အသုံးပြုသူများကို တွေ့ရသည်။ ထို့အပြင် စာကြည့်တိုက်အတွင်း၌ Meeting Room များ၊ Study Room များကိုလည်း အခမဲ့ အသုံးပြုနိုင်ရန် စီစဉ်ပေးထားသည်။ ယင်း Study Room များတွင် ပန်းချီသင်တန်း၊ အခြားအနုပညာသင်တန်းများဖွင့်လှစ်၍ စာကြည့်တိုက်သို့ ပြည်သူများ ဝင်ထွက်သွားလာစေရန် စီစဉ်ပေးထားသည်။

ယင်းစာကြည့်တိုက်နှင့်ပတ်သက်၍ နောက်ထပ် အတုယူစရာ အချက်တစ်ခုမှာ စာကြည့်တိုက်များ၏ ပန်းတိုင်(Goals)နှင့် ရည်ရွယ်ချက် (Objective) ကို ကောင်းစွာချမှတ်နိုင်ခြင်းဖြစ်သည်။ စာကြည့်တိုက်၏ မဟာဗျူဟာစီမံချက်ကို တစ်နှစ်ချင်းမဟုတ်ဘဲ ငါးနှစ်စာ ရေးဆွဲဆောင်ရွက်ခြင်း ဖြစ်သည်။ ဤစာကြည့်တိုက်လေးကို လေ့လာပြီး ကျွန်တော့်စိတ်ထဲတွင် မြန်မာနိုင်ငံတွင် ယင်းကဲ့သို့သော စာကြည့်တိုက်မျိုး မြို့တိုင်း၊ နယ်တိုင်းတွင် ပေါ်ပေါက်စေလိုသည့် အိပ်မက်တစ်ခုမက်ခဲ့ဖူးသည်။

**အိပ်မက်ပမာ**

၂၀၁၃ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် စာကြည့်တိုက်တစ်ခု ပေါ်ပေါက်လာခဲ့သည်။ ယခင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးစာကြည့်တိုက်ကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက လိုအပ်သည်များပြင်ဆင်၍ Community Centre ဖြစ်အောင် အဆင့်မြှင့်တင်ပေးခဲ့သည်။ စာကြည့်တိုက်အတွင်း စာအုပ်စာစောင် ၂၅၀၀၀ ကျော်ထားရှိပေးရုံသာမက ရွေ့လျားစာကြည့်တိုက်ယာဉ်များဖြင့် ကော့မှူးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လှည့်လည်၍ စာအုပ်စာစောင်များ ငှားရမ်းပေးသည်။ စာကြည့်တိုက်အတွင်း၌ ကွန်ပျူတာသင်တန်းများ၊ အင်္ဂလိပ်စာသင်တန်းများ၊ စာပေဟောပြောပွဲများပြုလုပ်၍ ပြည်သူများအား စာကြည့်တိုက်နှင့် နီးစပ်အောင် ဆောင်ရွက်ပေးသည်။ ပြည်သူများ အမှန်တကယ် စာပေဖတ်ရှုနိုင်ရန်နှင့် စာအုပ်စာစောင်များ လက်လှမ်းတမီ ငှားရမ်းနိုင်ရန် စီစဉ်ပေးသည်။ အမှန်အတိုင်းပြောရလျှင် ဆီရက်တဲလ်မြို့တွင် ကျွန်တော်မက်ခဲ့ဖူးသည့်စာကြည့်တိုက်မျိုးဖြစ်သည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအနေဖြင့် အလားတူ စာကြည့်တိုက်များကို နေပြည်တော်၊ ကလေး၊ နတ်မောက်နှင့် မြောင်းမြမြို့နယ်များတွင် တိုးချဲ့ဆောင်ရွက်နေသည်ဟု သိရသည်။

**စနစ်ကောင်းရှိဖို့လို**

ယနေ့ ၂၁ ရာစုတွင် စာကြည့်တိုက်များသည် ရင်းနှီးမြှုပ်နှံလျှင် မြှုပ်နှံသလောက် အကျိုးရှိသည့် အကောင်းဆုံးသော လုပ်ဖော်ကိုင်ဖက်များဖြစ်သည်ဟု ကမ္ဘာ့နိုင်ငံအများစုက လက်ခံထားကြသည်။ မြန်မာနိုင်ငံတွင် စာကြည့်တိုက်များ ပုံစံအမျိုးမျိုးဖြင့် တည်ရှိနေကြသော်လည်း ရေရှည်တည်တံ့ခိုင်မြဲရန် အခက်

စာမျက်နှာ ၇ သို့

# ငြေးနေဆဲငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းသစ်

**အောင်ကျော်အေးချမ်း**

၂၀၁၆ ခုနှစ်ဧပြီလဟာ ထူးခြားတဲ့လတစ်လလို့ ဆိုရမှာပါ။ မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာအခါသမယမှာ နိုင်ငံသူ နိုင်ငံသားများအပေါ် တူတူတန်တန်သဘောထားပြီးပြောဆိုခဲ့တဲ့ နှစ်သစ်ကူးမိန့်ခွန်းတွေကို နားထောင်ခဲ့ကြရတာဖြစ်လို့ပါ။ နိုင်ငံတော် သမ္မတနဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရဲ့ နှစ်သစ်ကူး နှုတ်ခွန်းဆက်မိန့်ခွန်းတွေမှာ အစိုးရရဲ့အခြေခံမူများနဲ့အတူ နိုင်ငံရေးအတွေးအခေါ် လမ်းညွှန်ပြောကြားမှုတွေ ပါဝင်နေပါတယ်။

အစိုးရသစ်ရဲ့ အခြေခံမူတွေကတော့ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီရှင်သန်အမြစ်တွယ်ရေး စတာတွေပဲ ဖြစ်ပါတယ်။ ဒီရက်ပိုင်းတွေအတွင်းမှာ ရခိုင်ပြည်နယ်ဘက်က တိုက်ပွဲသံတွေ ကြားကြရတာဖြစ်တဲ့အတွက် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ တင်ပြချင်ပါတယ်။

အားလုံးသိတဲ့အတိုင်း မြန်မာနိုင်ငံဟာ သက်တော်ရှည် ပြည်တွင်းစစ်တစ်ခုကို ပိုင်ဆိုင်ထားတာပါ။ ဂုဏ်ယူစရာမကောင်းပေမယ့် ကြံဖန်ဂုဏ်ယူချင်ရင်တော့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ အများဆုံးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ ရှိနေတာဖြစ်တယ်။ နဝတအစိုးရလက်ထက်က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေမှာ လက်နက်ကိုင်အဖွဲ့ပေါင်း ၄၀ လောက် ပါဝင်ခဲ့တာဖြစ်တယ်။ ဒီအဖွဲ့တွေကို ပြီးခဲ့တဲ့ အစိုးရသက်တမ်းမတိုင်မီမှာ အချို့ကို လက်နက်စွန့်စေခြင်းနဲ့ အချို့ကို ပြည်သူ့စစ်အသွင်ပြောင်းလဲတာတွေ လုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့အစိုးရလက်ထက် ၂၀၁၁ နောက်ပိုင်းမှာတော့ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းဖို့ ငြင်းပယ်ခဲ့တဲ့ အဖွဲ့ငါးဖွဲ့နဲ့နောက်ထပ် ၁၁ ဖွဲ့တို့က ဆက်လက်ပြီး လက်နက်ကိုင်တိုက်ပွဲဝင်နေကြတာဖြစ်တယ်။ အစိုးရဟောင်းလက်ထက် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်တွေမှာ စုစုပေါင်း ၁၆ ဖွဲ့ကိုသာ အသိအမှတ်ပြုခဲ့ပေမယ့် UNFC ဘက်ကတော့ နောက်ထပ်ခြောက်ဖွဲ့လောက်ကိုပါ ပါဝင်စေဖို့အဆိုပြုနေတာ ဖြစ်တယ်။

အစိုးရဟောင်းလက်ထက် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီ (UPWC)နဲ့ တိုင်းရင်းသားလက်နက်ကိုင်များဘက်က အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်မှုအဖွဲ့ (NCCT)တို့ကြား နှစ်နှစ်နီးပါးကြာမြင့်တဲ့ဆွေးနွေးပွဲတွေရဲ့ ရလဒ်အဖြစ် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို အတည်ပြုနိုင်ခဲ့တာဖြစ်တယ်။ ဒါပေမယ့် ဒီ NCA စာချုပ်ကို နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးရာမှာတော့ တောင်ပိုင်းကအဖွဲ့ အများစုပါဝင်တဲ့ အဖွဲ့ရှစ်ဖွဲ့ကသာ လက်မှတ်ရေးထိုးတာဖြစ်ပြီး မြောက်ပိုင်းကအများစုပါဝင်တဲ့ အဖွဲ့ကြီးတွေက ပါဝင်လက်မှတ်ရေးထိုးခြင်းမပြုခဲ့ကြပါဘူး။

အခုအစိုးရသစ်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ဒီနေရာကအစပြုရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့နှစ်သစ်ကူးမိန့်ခွန်းမှာ "ပြီးခဲ့တဲ့ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ အပစ်အခတ်ရပ်စဲရေး စတင်ပြီးတော့လုပ်ခဲ့တဲ့အတွက် ဒါကို တန်ဖိုးထားကြောင်း၊ ဒီအပစ်အခတ်ရပ်စဲရေးပြီးမြောက်အောင်လို့ အားလုံးပါဝင်သင့်တဲ့အဖွဲ့အစည်းများ ပါဝင်အောင် ဆက်ပြီးကြိုးစားမှာ ဖြစ်ကြောင်း" ဟု ပြောခဲ့တာ ဖြစ်ပါတယ်။ အခု NCA စာချုပ်ကို လက်မှတ်မရေးထိုးသေးတဲ့ အဖွဲ့တွေဟာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ပါအကြောင်းအရာတွေကို သဘောမတူလို့ မဟုတ်ဘဲ သူတို့ပါဝင်စေလိုတဲ့ အဖွဲ့ခြောက်ဖွဲ့မပါဝင်တဲ့အတွက် လက်မှတ်မရေးထိုးတာသာဖြစ်တယ်။ ဒီခြောက်ဖွဲ့ထဲမှာ အဓိကအားဖြင့်တော့ ကိုးကန့်၊ ပလောင်တပ်ဖွဲ့နဲ့ AA ဆိုတဲ့ ရခိုင်တပ်ဖွဲ့တို့ဖြစ်ပြီး ကျန်သုံးဖွဲ့ဖြစ်တဲ့ "ဝ"(NNO)၊ လားဟူအဖွဲ့နဲ့ ရခိုင် (ANC)စတာတွေက အစိုးရနဲ့ ကြား လက်နက်ကိုင်တိုက်ပွဲမရှိတဲ့ အဖွဲ့တွေဖြစ်ပါတယ်။

**ပြည်တွင်းစစ်ကြောင့် စစ်ဘောင်ကျယ်စေတာ ဖြစ်တယ်။ စစ်ဘောင်ကျယ်လေ ဒီမိုကရေစီဘောင်ကျဉ်းလေပဲဖြစ်မှာ ဖြစ်ပါတယ်။ အခု လူထုကရွေးချယ်တင်မြှောက်တဲ့ ဒီမိုကရေစီအစိုးရလက်ထက်မှာ ရရှိနိုင်တဲ့ အခွင့်အလမ်းတွေကို မလွတ်တမ်းဆုပ်ကိုင်သင့်တာ ဖြစ်ပါတယ်။**

ဒီရက်ပိုင်းမှာပဲ NCA လက်မှတ်မရေးထိုးရသေးတဲ့ UNFC အဖွဲ့ဝင်ကိုးဖွဲ့ရဲ့ ကိုယ်စားလှယ်တွေ ဆွေးနွေးပွဲကျင်းပခဲ့တာတွေ့ရတယ်။ ဒီ ဧပြီ ၁၉ ရက်မှ ၂၂ ရက်အထိပြုလုပ်ခဲ့တဲ့ဆွေးနွေးပွဲမှာ အစိုးရသစ်နဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကိစ္စ ဆက်လက်ကြိုးပမ်းဖို့ ဆုံးဖြတ်ကြတယ်လို့ ဆိုပါတယ်။ ဒါဟာငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်အတွက် ကောင်းမွန်တဲ့ အလားအလာလို့ ဆိုနိုင်ပေမယ့် လက်ရှိမြေပြင်စစ်ရေးအခြေအနေတွေအရ ငြိမ်းချမ်းရေးအတွက် စိုးရိမ်စရာဖြစ်နေတယ်လို့လည်း UNFC ဘက်ကဆိုနေတာဖြစ်တယ်။

ဒါကတော့ တပ်မတော်နဲ့ ကြား တိုက်ပွဲတွေ အကင်းမသေသေးတဲ့ ကိုးကန့်တပ်ဖွဲ့၊ ပလောင်တပ်ဖွဲ့တို့နဲ့ လောလောဆယ် ရခိုင်ပြည်နယ်မှာ AA တပ်ဖွဲ့နဲ့ ဖြစ်ပွားနေတဲ့အခြေအနေတွေကို ရည်ညွှန်းတာလို့ ယူဆရပါတယ်။ ဒီရက်ပိုင်းအတွင်း ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနဲ့ ကျောက်တော်မြို့နယ်တွေမှာ တပ်မတော်နဲ့ AA ကြား တိုက်ပွဲတွေဖြစ်ပွားခဲ့တာပါ။ ဒီတိုက်ပွဲတွေမှာ နှစ်ဖက်ထိခိုက်ကျဆုံးမှုတွေရှိခဲ့ပြီး စစ်ဘေးရှောင်ဒုက္ခသည်တွေပါ ရှိလာစေတာဖြစ်ပါတယ်။ စစ်ဘေးရှောင်ဒုက္ခသည် စုစုပေါင်း ၁၅၀၀ လောက်ရှိနိုင်တယ်လို့ ဆိုပေမယ့် စစ်ပွဲနဲ့ဝေးနေသေးတဲ့ စစ်တွေမြို့လိုနေရာတွေမှာပါ ညဘက်မှာ လူတွေ အပြင်မထွက်ရဲဘဲ ခြောက်ကပ်သွားစေတာဖြစ်တယ်။ ဒီလိုအတွေ့အကြုံတွေက ပြည်တွင်းစစ်နှစ်ပေါင်းများစွာဖြစ်ပွားခဲ့တဲ့ ကချင်၊ ကရင်၊ ရှမ်းပြည်နယ်တွေမှာတော့ တွေ့ကြုံနေကျ ရိုးနေသလိုတောင်ဖြစ်နေတာပါ။ အခုတော့ အဆင်းရဲဆုံး ပြည်နယ်ထဲမှာပါဝင်နေပေမယ့် စစ်ရေးလှုပ်ရှားမှုမရှိခဲ့တဲ့ ရခိုင်ပြည်နယ်မှာ AA ရဲ့စစ်ရေးခြေကုပ်ရယူရေး ကြိုးပမ်းမှုကြောင့် မတည်ငြိမ်မှုကိုစပြီး ကြုံရတော့မှာဖြစ်တယ်။ မကြာခဏဆိုသလို လူမျိုးရေး၊ ဘာသာရေးပြဿနာတွေကြောင့် မတည်မငြိမ်ဖြစ်ခဲ့ရတဲ့ ပြည်နယ်မှာ စစ်ရေးကြောင့်ဖြစ်တဲ့ မတည်ငြိမ်မှုပါရှိလာရင် ပြည်နယ်ရဲ့ဖွံ့ဖြိုးမှုကို နှေးကွေးစေမှာပဲဖြစ်ပါတယ်။

မြန်မာပြည်မှာ တိုင်းရင်းသားလက်နက်ကိုင်တိုက်ပွဲကို အစောဆုံးစတင်ခဲ့တဲ့ KNU အဖွဲ့အစည်းက ခေါင်းဆောင်တွေဟာ နှစ်ပေါင်း ၆၀ ကျော် လက်နက်ကိုင် ကြိုးပမ်းခဲ့ပြီးနောက် ဒီနည်းနဲ့ ကရင်ပြည်သူလူထုရဲ့ တိုးတက်မှုကိုမဖော်ဆောင်နိုင်ဘူးဆိုတာ သဘောပေါက်ယုံကြည်လာကြတဲ့အတွက် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တက်ကြွစွာ ပါဝင်လာတာဖြစ်တယ်။ အခုလက်နက်တွေလည်း အလုံအလောက်ရထားပြီး စစ်သွေးစစ်မာန်ရှိနေတဲ့ကိုးကန့်၊ ပလောင်နဲ့ AA တပ်ဖွဲ့တွေက လူငယ်ခေါင်းဆောင်များဟာ NCA စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးနိုင်ဖို့ ကြိုးစားသင့်တာဖြစ်ပါတယ်။ အားလုံးပါဝင်ရေးဆိုတဲ့မူဟာ ကောင်းပင်ကောင်းသော်ငြားလည်း မြန်မာရဲ့ပြည်တွင်းစစ်ဟာ ရှည်ကြာလှပြီဖြစ်တဲ့အတွက် အားလုံးလက်ခံယုံကြည်ကြတယ်ဆိုတဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းရေးဆိုတာကို အလေးအနက် အကောင်အထည်ဖော်ဆောင်ရွက်သင့်တာဖြစ်ပါတယ်။

ပြည်တွင်းစစ်ကြောင့် စစ်ဘောင်ကျယ်စေတာ ဖြစ်တယ်။ စစ်ဘောင်ကျယ်လေ ဒီမိုကရေစီဘောင်ကျဉ်းလေပဲဖြစ်မှာ ဖြစ်ပါတယ်။ အခု လူထုကရွေးချယ်တင်မြှောက်တဲ့ ဒီမိုကရေစီအစိုးရလက်ထက်မှာ ရရှိနိုင်တဲ့အခွင့်အလမ်းတွေကို မလွတ်တမ်းဆုပ်ကိုင်သင့်တာ ဖြစ်ပါတယ်။ ဒါက နှစ်ဖက်တပ်ဖွဲ့တွေအားလုံးအတွက် အရေးကြီးတာဖြစ်ပါတယ်။ သာမန်ပြည်သူတွေဘက်ကတော့ ငြိမ်းချမ်းရေးလမ်းစပေါ်တာနဲ့ တစ်ပြိုင်နက် ဝိုင်းဝန်းအားပေးကူညီကြမှာ ဖြစ်ပါတယ်။ ပြည်သူအချင်းချင်းကြားမှာ တိုင်းရင်းသားညီရင်းအစ်ကို စိတ်ဓာတ်ဆိုတာ ဟိုတုန်းကရှိခဲ့သလို အခုလည်း ဆက်လက်ရှင်သန်နေဆဲပဲဆိုတာကိုတော့ နားလည်ကြစေလိုတာပဲဖြစ်ပါတယ်။

# နိုင်ငံတကာ ဂျတ်ဇ်တေးဂီတနေ့ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၆**

အမေရိကန်တေးဂီတ အမျိုးအစားတစ်ခုဖြစ်သည့် ဂျတ်ဇ်တေးဂီတသည် ကမ္ဘာတစ်ဝန်းပျံ့နှံ့ကာ ယူနက်စကိုက အပြည်ပြည်ဆိုင်ရာ ဂျတ်ဇ်တေးဂီတနေ့အဖြစ် အသိအမှတ်ပြုခံခဲ့ရသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းရေး၊ ပေါင်းစည်းမှု၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများ ပျံ့နှံ့စေရန်အတွက် ရည်ရွယ်၍ ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၉၆ နိုင်ငံအထိ ကျင်းပပြီးကြောင်းကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ယခုနှစ်တွင် လေးကြိမ်မြောက်အဖြစ် ဂျတ်ဇ်တေးဂီတနေ့အထိမ်းအမှတ် ကျင်းပမည်။ ဂျတ်ဇ်တေးဂီတဆုရှင်ဆွစ်နိုင်ငံသူ Susanna Risberg က ဦးဆောင်ပြီး မြန်မာနိုင်ငံမှ ဂီတသမားများနှင့် အတူကျင်းပသွားမည်ဖြစ်ရာယခုအခါ ရန်ကုန်မြို့ တော်ဝင်လမ်းရှိ အမေရိကန်စင်တာ၌ ဇာတ်တိုက်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံမှ ဂျတ်ဇ်တေးဂီတဝါသနာပါသူ အမျိုးသမီးငယ်များကို အဆိုပါဇာတ်တိုက်လေ့ကျင့်မှုတွင် မြန်မာ့ဂီတသမားများနှင့်အတူ ပါဝင်နိုင်ရန်အတွက် ဖိတ်ခေါ်ထားကြောင်း သိရသည်။ အဆိုပါဂီတဆွေးနွေးပွဲတွင် 88 Degree Band အဖွဲ့နှင့် Bamboo Trio အဖွဲ့တို့အပြင် သီးခြားဂီတသမားများလည်း တက်ရောက်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။ ဂီတပွဲဖြစ်မြောက်ရေးအတွက် အမေရိကန်သံရုံးနှင့် ဆွီဒင်သံရုံးတို့က အဓိကပံ့ပိုးမှုများ ပြုလုပ်ထားကြောင်းသိရသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲကို ဧပြီ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲမှ ၄ နာရီခွဲအထိ ရန်ကုန်မြို့ တော်ဝင်လမ်းရှိ အမေရိကန်စင်တာ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

**နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်**

**နေပြည်တော် ဧပြီ ၂၆**

ယနေ့မွန်းလွဲ ၂ နာရီ မိုးလေဝသခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

*စာမျက်နှာ ၆ မှ*

တွေ့လျက်ရှိသည်။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ဆောင်ရွက်နေသည့် စာကြည့်တိုက်လုပ်ငန်းများမှာ အခြားအဖွဲ့အစည်းများက ဆောင်ရွက်နေသည့် စာကြည့်တိုက်လုပ်ငန်းများထက် စနစ်ကျသည်ဟု ဆိုရမည်။ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်ခုကိုလည်း ရေးဆွဲထားသည်ကို တွေ့ရသည်။ ယင်းလုပ်ငန်းစဉ်တွင် စာကြည့်တိုက်ရှိ စာအုပ်များကို အမြဲသစ်လွင်နေအောင်ထားရှိခြင်း၊ စာကြည့်တိုက်ကို အဖွဲ့အစည်းတစ်ခုပိုင်အဖြစ် မထားရှိဘဲ သက်ဆိုင်ရာလူ့အဖွဲ့အစည်းက ပိုင်ဆိုင်သည့် (Ownership) ပုံစံဖြစ်အောင် ဖန်တီးပေးထားခြင်း၊ စာကြည့်တိုက်မှူးများ၏ အရည်အသွေးကို အမြဲမြှင့်တင်ပေးရန် စီမံထားခြင်း၊ ပြည်တွင်းပြည်ပ ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့အစည်း (Partnership) များ ဆက်သွယ်ထားရှိခြင်း၊ စာကြည့်တိုက်အား စာငှားရုံသက်သက်မဟုတ်ဘဲ အခြား Activities များ ရှိနေအောင် ဆောင်ရွက်ခြင်း၊ နောက်ဆုံးတွင် မိမိစာကြည့်တိုက်လုပ်ငန်းများကို စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းဆိုသည့် အချက်များကို စက်ဝိုင်းသဖွယ် အချိတ်အဆက်မိမိ ရေးဆွဲထားသဖြင့် စာကြည့်တိုက် လုပ်ငန်းများ အောင်မြင်နေသည်ဟု ဆိုရမည်။ ယနေ့အချိန်တွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း စာကြည့်တိုက်များ၌ စာအုပ်စာစောင်ပေါင်း ၆၃၀၀၀ ခန့်၊ အသင်းဝင်ပေါင်း ၄၄၀၀၀ခန့်ဖြင့် စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နေသည်မှာ အားရစရာကောင်းသည်။

**အင်အားသစ်၊ ခြေလှမ်းသစ်**

ပြီးခဲ့သည့်ရက်ပိုင်းက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ပူးပေါင်း၍ စာကြည့်တိုက်များ အဆင့်မြှင့်တင်မည်ဟူသော သတင်းတစ်ပုဒ်ဖတ်မိသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ခရိုင်နှင့် မြို့နယ်ရုံးတိုင်းလိုလို၌ စာကြည့်တိုက်များရှိသည်။ သို့ရာတွင် စာကြည့်တိုက်များ၏ ဝန်ဆောင်မှုလုပ်ငန်းများမှာ အားနည်းချက်များရှိနေ၍ စာငှား၊ စာဖတ်အရေအတွက် နည်းပါးနေသည်။ ယခုအခါ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များနှင့်ပူးပေါင်း၍ စာကြည့်တိုက်လုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများကို မြှင့်တင်မည်ဟုသိရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။

UNESCO က ထုတ်ပြန်ထားသည့် ပြည်သူ့စာကြည့်တိုက် ကြေညာစာတမ်းတွင် ပြည်သူ့စာကြည့်တိုက်ဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်းရှိ လူတန်းစားအားလုံးကို လူသားမျိုးနွယ်၊ အသက်၊ ကျား/မ၊ ကိုးကွယ်သည့်ဘာသာ၊ ပြောဆိုသည့်စကား၊ မသန်စွမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ ပညာရေးဆိုင်ရာ အောင်မြင်ပေါက်မြောက်မှု စသည်တို့ကို အလေးမထားဘဲ ကျယ်ပြန့်သည့်အရင်းအမြစ်များနှင့် ဝန်ဆောင်မှုများမှ တစ်ဆင့် အသိဉာဏ်ဗဟုသုတ၊ သတင်းအချက်အလက်၊ စိတ်ကူးစိတ်သန်းများကို ရှာဖွေရယူနိုင်ရေးအတွက် အညီအမျှ ကူညီပံ့ပိုးသော စာကြည့်တိုက်ဖြစ်သည်ဟု ဖော်ပြထားသည်။ ဤသို့ ဖော်ပြထားသည့်အတွက် ယခုကဲ့သို့ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင် မည်သည့်အဖွဲ့အစည်းများနှင့်မဆို ပူးပေါင်းဆောင်ရွက်ခြင်းကို နိုင်ငံသားတစ်ဦးအနေဖြင့် ဝမ်းမြောက်ကြိုဆိုရမည်။ ဤသို့ ပူးပေါင်းခြင်းသည်ပင်လျှင် အနာဂတ်မြန်မာနိုင်ငံ၏ စာကြည့်တိုက်ခရီးအတွက် ခြေလှမ်းသစ်များဖြစ်သည်ဟု နားလည်မိသည်။

ခေတ်တစ်ခေတ်၏ လားရာအမြင်ကို မှန်းဆကြည့်လိုလျှင် ထိုခေတ်ကို ဖြတ်သန်းနေကြသူများ၏ တိမ်းညွတ်မှုကိုကြည့်ပါဟု ဆိုကြသည်။ ယနေ့ လူကြီး၊ လူရွယ်၊ လူငယ်မရွေး တိမ်းညွတ်နေသည့်အရာများကို တိတိကျကျ ခန့်မှန်းတွက်ဆရန် ခက်ခဲသော်လည်း အများစုတူညီရာ ဆုံပွိုင့်မှာ အသိပညာပင်ဖြစ်သည်။ အရာရာတိုင်းတွင် အဆုံးအဖြတ်ပေးမည့် အခေါင်အချုပ်မှာလည်း အသိပညာပင်ဖြစ်သည်။ ယနေ့နိုင်ငံ တစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကအကျဆုံးအရာကို ပြပါဆိုလျှင်လည်း နိုင်ငံသားအားလုံး အသိပညာမြင့်မားရေးသာ ဖြစ်သည်ဟု ဆိုရမည်။ ထိုသို့ နိုင်ငံသားအားလုံး အသိပညာဗဟုသုတတိုးပွားစေရန်အတွက် စာကြည့်တိုက်များ၏ အခန်းကဏ္ဍသည် အခရာပင်ဖြစ်သည်။ စာကြည့်တိုက်များတွင် ပြည်သူများက လာရောက်ဗဟုသုတရှာမှီးနိုင်သလို စာကြည့်တိုက်များကလည်း ပြည်သူများရှိရာဆီသို့ ရွေ့လျားနေဖို့လိုသည်။

မည်သို့ပင်ဖြစ်စေ မကြာမီပေါ်ပေါက်လာတော့မည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်လာမည့်စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးခြေလှမ်းများအတွက် ကျေနပ်အားရမိသည်။ ယင်းခြေလှမ်းသစ်များကပင်လျှင် အနာဂတ်မြန်မာ့လူ့ဘောင်ကို အေးချမ်းသာယာစိုပြည်စေပါလိမ့်မည်။

# ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပြောကြားမည်

**နေပြည်တော် ဧပြီ ၂၆**

ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဧပြီ ၂၂ ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၎င်းအားအနားပေးခဲ့သည့် အကြောင်းကြားစာကို လက်ခံရရှိခဲ့ကြောင်း သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။

ထိုသို့ အနားပေးခဲ့မှုတွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်အများစု ပါဝင်သည့် ပါတီဝင် ၁၇ ဦးလည်း ပါဝင်ကြောင်း၊ ၎င်းအနေဖြင့် ပါတီဝင်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ၊ ပါတီကို ကိုယ်စားပြုသည်ဖြစ်စေ မပြုသည်ဖြစ်စေ ပြည်သူ့အကျိုးအတွက် ၎င်း၏ နိုင်ငံရေးခံယူချက်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ကော်မရှင်ဥက္ကဋ္ဌ တာဝန်ယူနေရ၍ နိုင်ငံရေးခံယူချက်ကို လွှတ်တော်အစိုးရ ပြည်သူများနှင့်အတူ နိုင်ငံနှင့် နိုင်ငံသားအကျိုးစီးပွားအတွက် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြထားသည်။

ထိုကိစ္စသည် ပါတီတွင်းနှင့်သာ သက်ဆိုင်သည့် အကြောင်းအရာတစ်ခုဖြစ်သော်လည်း ၎င်းကဲ့သို့ ပြုမူဆောင်ရွက်မှုများအပေါ် တည်ဆဲစည်းမျဉ်း၊ စည်းကမ်းဥပဒေများနှင့် ညီညွတ်မှု ရှိ/မရှိကို ပါတီဝင်များ၊ ပြည်သူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသည့်အဖွဲ့အစည်းများက သုံးသပ်ဆုံးဖြတ်ပေးရန် လိုအပ်မည်ဟု ယူဆပါကြောင်း၊ ဧပြီ ၂၅ ရက်က ပြုလုပ်ခဲ့သည့် ကော်မရှင်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့မှုများမှ ကောက်နုတ်ထားခြင်းဖြစ်ကြောင်းလည်း ရှင်းလင်းဖော်ပြထားသည်။

သူရဦးရွှေမန်းအနေဖြင့် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဧပြီလ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လွှတ်တော်ဝင်းအတွင်းရှိ ကော်မရှင်အဆောက်အအုံ (I-1)တွင် သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁)၏ ကျောင်းဆင်းပွဲအထိမ်းအမှတ် မေတ္တာမွန်စာလွှာနှင့် ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ကန့်ကွက်

**နေပြည်တော် ဧပြီ ၂၆**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁)၏ (၄၇)နှစ်မြောက် ကျောင်းဆင်းပွဲအထိမ်းအမှတ် မေတ္တာမွန်စာလွှာအား ဗိုလ်ချုပ်ကြီးဟောင်း တစ်ဦးဖြစ်သူ သူရဦးရွှေမန်းက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့မှုနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က ယနေ့ရက်စွဲဖြင့် သတင်းတစ်ရပ်ထုတ်ပြန်၍ ကန့်ကွက်ထားရှိသည်။

ထိုသို့ လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြခဲ့မှုသည် စစ်တက္ကသိုလ်ကျောင်းဆင်းများကိုသာ သီးသန့်ရည်ညွှန်းသည့် သဘောသက်ရောက်စေသဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသည့် စစ်မှုထမ်းများအပြင် အငြိမ်းစားများအပါအဝင် တပ်မတော်သားများကို သွေးကွဲစေကာ တပ်မတော်ပြိုကွဲရေးကိုလည်း သက်ရောက်စေပါကြောင်း၊ တပ်မတော်သည် ပြည်သူများကရွေးချယ်သော အစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု အစဉ်တစိုက် ပြောဆိုလုပ်ဆောင်ခဲ့သည်များကို လျစ်လျူရှုလျက် တပ်မတော်က ပူးပေါင်းဆောင်ရွက်မှု မရှိသကဲ့သို့ မြောက်ပင့်ပေးသည့် သဘောထားသက်ရောက်စေပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့ပြင် အဆိုပါလူမှုကွန်ရက်စာမျက်နှာ၌ ရေးသားဖော်ပြချက်များအပေါ် မူတည်၍ သတင်းစာ၊ ဂျာနယ်အချို့က ထပ်ဆင့်ရေးသား ဖော်ပြချက်များသည်လည်း နိုင်ငံနှင့်ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ခြင်းမရှိဘဲ တပ်မတော်ပြိုကွဲရေး၊ အစိုးရအဆက်ဆက်၏ နိုင်ငံတော်အတွက် လုပ်ဆောင်ချက်များနှင့် တပ်မတော်၏ ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များအပေါ် ပြည်သူများက အထင်မှား အမြင်မှားဖြစ်စေနိုင်ပြီး အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ရည်မှန်းချက်ကို ထိခိုက်စေနိုင်သည့်အတွက် ကန့်ကွက်ခြင်းဖြစ်ကြောင်းလည်း ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ထိုအမျိုးသားက ငွေကျပ်သိန်း ၅၀ ပေးရန် ခြိမ်းခြောက်တောင်းခံသဖြင့် သားသမီးဖောဖြင့် မိခင်ဖြစ်သူက ငွေများကို ထုတ်ပေးခဲ့သည်။ (ပြန်လည်စစ်ဆေးမှုအရ ပေးလိုက်သောငွေမှာ ကျပ် ၄၉ သိန်းဖြစ်ကြောင်း သိရသည်။)

ယင်းကဲ့သို့ တိုက်အတွင်းဖြစ်နေစဉ် အနီးပတ်ဝန်းကျင်နေသူအချို့ကြားသိ၍ မသင်္ကာသဖြင့် ရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားခဲ့သည်။ အဆိုပါ အမျိုးသားက ငွေရပြီး ပြန်လည်ထွက်ခွာရန် ပြင်ဆင်စဉ် တိုက်ရှေ့လမ်းမပေါ်၌ ရပ်ကွက်နေပြည်သူများ၊ ရဲတပ်ဖွဲ့ဝင်အချို့ ရောက်ရှိလာသည့်အတွက် လွယ်ကူစွာ ထွက်ခွာမရဖြစ်ခဲ့သည်။

ထို့ကြောင့် ထိုလူစိမ်းက သမီးငယ်၏လည်ပင်းအား စတီးဓားဖြင့်ထောက်၍ မိမိအား လှိုင်သာယာမြို့နယ်သို့ ကားဖြင့်လိုက်ပို့ပေးရန် ခြိမ်းခြောက်တောင်းဆိုခဲ့သည်။

ဒေါက်တာရွှေပြည်က မိမိသမီးငယ်လွတ်မြောက်ရေးအတွက် ၎င်း၏ကား D/---(IPSUM)အဖြူရောင်ဖြင့် လူစိမ်းနှင့် သမီးအား ကားရှေ့ခန်းတွင် တင်ဆောင်၍ ခြံအတွင်းမှ ထွက်ခွာရန် ပြင်ဆင်ခဲ့သည်။

အချိန်မီ ရောက်ရှိလာသော နယ်ထိန်းရဲအရာရှိ ဖြိုးဝေမင်း၊ တာဝန်မှူး ဒုတိယရဲအုပ် ကျော့မောင်ခန့်၊ ဒုတိယရဲအုပ် ဗညားထွန်း၊ တပ်သား အာကာကျော်နှင့် ရပ်ကွက်နေသူများက ကားမထွက်နိုင်ရေးအတွက် ကြိုးစားခဲ့သော်လည်း ဖခင်ဒေါက်တာရွှေပြည်က သမီးဖောဖြင့် ကားအားအရှိန်မြှင့် မောင်းနှင်ထွက်သွားသည်ဟု ပတ်ဝန်းကျင်၌ ရှိနေသူများက ဆိုကြသည်။

ဒေါက်တာ ရွှေပြည်မောင်းနှင်သော ကားမှာ အောက်ကြည့်မြင်တိုင်လမ်းမှ ဗားကရာချောက်အရောက်တွင် ကမ်းနားလမ်းသို့ ဆင်းသွားခဲ့သည်။ ထိုမှ ကြည့်မြင်တိုင်ညဈေးအနီးရှိ လမ်းတစ်လမ်းမှ အပေါ်သို့ထောင်တက်ပြီး အထက်ကြည့်မြင်တိုင်လမ်းအတိုင်း မောင်းနှင်ပြီး ဟံသာဝတီဘူတာရုံအနီး ဟံသာဝတီလမ်းဆုံ အရောက်တွင် ယာဉ်ကြောပိတ်ဆို့နေမှု၊ မိမိတို့နောက်မှ ရဲတပ်ဖွဲ့ဝင်များ လိုက်လာမှုကြောင့် ကားပေါ်မှဆင်းကာ ရထားလမ်းအတိုင်း လွတ်မြောက်ထွက်ပြေးသွားသည်ဟု သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယင်းတိုက်အနီးရှိ ဒေါ်သန်းက “မသင်္ကာဖွယ် အသံတွေလည်းကြားရတယ်။ နောက်ပြီး ဝရန်တာကို ထွက်လာတယ်။ ဒါကို တွေ့တဲ့လူလည်းတွေ့ပြီး ခြံကိုဝိုင်းထားကြပါတယ်။ ရဲတွေလည်း အချိန်မီရောက်တယ်။ ဒါပေမယ့် ဘယ်လိုမှတားလို့မရနိုင်တဲ့အတွက် အခုလို ပါသွားရတာပါ”ဟု ပြောသည်။

မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ထွေးက “အခုဖြစ်တဲ့ခြံက ရထားလမ်းဘေးအနီးမှာ ရှိတယ်။ ခြံကို ကာရံထားပေမယ့် နိမ့်တယ်။ အပေါ်မှာ သံဆူးကြိုးမရှိဘူး။ ဒါကြောင့် အလွယ်တကူဝင်လို့ရတာ။ သူအသုံးပြုသွားတဲ့ဓားက အိမ်သုံးစတီးဓားပါ။ မိသားစုတွေအပြင် သွားစဉ်မှာတော့ ဒေါက်တာရဲ့ အမျိုးသမီး ညီမဝမ်းကွဲနဲ့ အိမ်အကူတစ်ယောက် ကျန်ခဲ့ပါတယ်။ အခု အမှုဖွင့်မှာပါ”ဟု မီဒီယာများသို့ ခြံဝင်းအတွင်းမှာပင် ရှင်းပြခဲ့သည်။

နယ်ထိန်းအရာရှိ ရဲအုပ်ဖြိုးဝေမင်းက “ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်တွေ အချိန်မီရောက်လာခဲ့ပါတယ်။ ဒါပေမယ့် ကလေးအဖေက သမီးဖောကြောင့် အနားကို အကပ်မခံဘူး။ သူ့သမီး တစ်ခုခုဖြစ်သွားမှာ အလွန်စိုးရိမ်နေတယ်။ ကျွန်တော်တို့ ကားမှန်ကိုခွဲပြီး ဝင်ဖို့ကြိုးစားသေးတယ်။ ဒါပေမယ့် ကလေးကိုတစ်ခုခုဖြစ်သွားရင် ကျွန်တော်တို့ကြောင့် ဆိုတဲ့ ပြဿနာတွေအပေါ် ကျွန်တော်တို့ တစ်ထစ်လျှော့ခဲ့ရတယ်။ သူက ကားကို တိုက်ရိုက်မောင်းထွက်သွားပြီး ကျွန်တော်တို့ကလိုက်ဖို့ ကားဦးခေါင်းကို ပြန်လှည့်နေရတာရယ်၊ ပတ်ဝန်းကျင် ဝိုင်းအုံနေတဲ့သူတွေကြောင့် နောက်ကျကျန်ခဲ့တယ်။ ဒါ့အပြင် ကျွန်တော်တို့လိုက်တဲ့ကားက အရပ်ကားဖြစ်နေတော့ ဗားကရာချောက် မီးပွိုင့်မီးတန်းကားကတော့ လမ်းပြောင်းပြန်ဝင်ပြီး စွန့်စွန့်စားစား လိုက်ခဲ့ပါတယ်။ ဒါပေမယ့် ယာဉ်ကြောကျပ်တည်းမှုက သူ့အတွက် လွတ်မြောက်ဖို့ အခွင့်အရေးရသွားပါတယ်”ဟု ရှင်းပြသည်။



မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး ခင်မောင်ထွေး မီဒီယာများကို ရှင်းလင်းစဉ်

ဖြစ်စဉ်နှင့် ပတ်သက်၍ ဒေါက်တာရွှေပြည်က ကြည့်မြင်တိုင်မြို့မရဲစခန်းတွင် မွန်းလွဲ ၂ နာရီက အမှုဖွင့်တိုင်ကြားခဲ့ရာ စခန်းက ပုဒ်မ ၃၉၂ ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိသည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းမိနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစိုးသင်က “အခုလုပ်သွားတဲ့သူက အိမ်ထဲကို ခိုးဖို့ရည်ရွယ်ချက်နဲ့ ဝင်တဲ့ခြေရာလက်ရာတွေ တွေ့ရပါတယ်။ အိမ်ရှင်တွေ ပြန်လာတယ်။ နောက်ကလေးတစ်ဦးတည်း အပေါ်ထပ်ကို တက်လာတယ်။ အလွယ်တကူချုပ်နှောင်လို့ ရသွားတယ်။ အဲဒီအပေါ်မှာ သူလုပ်သွားတာပါ။ နောက် မိခင်ဖခင်တို့ရဲ့ အစိုးရိမ်လွန်ပြီး တောင်းတဲ့ငွေ အလွယ်တကူ ရသွားတယ်။ ပြန်ထွက်ခွင့်မသာတဲ့အတွက် ကလေးကို ဓားစာခံလုပ်သွားတာပါ။ အခု အဲဒီသူရဲ့ မျက်နှာပုံကို ခဲခြစ်ပန်းချီနဲ့ မြို့နယ်ရဲစခန်းတိုင်းကို ပို့ပြီးပါပြီ။ အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး အမြန်ဆုံးဖမ်းမိနိုင်ရေးအတွက် ကြိုးပမ်းနေကြပြီ”ဟု မြန်မာ့အလင်းသို့ ရှင်းပြခဲ့သည်။



အခင်းဖြစ်ပွားရာနေရာ အဆောက်အအုံကို တွေ့ရစဉ်




# ရေခက်ခဲသည့် ကျေးရွာပြည်သူများအား သောက်သုံးရေဖြန့်ဝေလှူဒါန်း

**မြိတ် ဧပြီ ၂၆**

အယ်နီညို ရာသီဥတုပြောင်းလဲမှုနှင့် အပူချိန်မြင့်တက်မှုများကြောင့် သောက်ရေသုံးရေများ ခန်းခြောက်မှုများဖြစ်ပေါ်လျက်ရှိရာ မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျေးရွာများတွင် သောက်ရေသုံးရေ အခက်အခဲဖြစ်လျက်ရှိသဖြင့် ကျေးရွာပြည်သူများအတွက် ဧပြီ ၂၆ ရက် နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးဌာနမှ ကျေးရွာပြည်သူများအား ရေဂါလန် ၆၅၀ ဆံ့ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် ရေဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

စန္ဒဝတ်ကျေးရွာ အုပ်စုတွင် ကျေးရွာ ၁၁ ရွာရှိပြီး ကွမ်းသီးချောင်းကျေးရွာ၊ စန္ဒဝတ်ကျေးရွာ၊ ရွာသစ်ကျေးရွာနှင့် ကျွဲကူးကျေးရွာတို့တွင် ရေပြတ်လပ်လျက်ရှိကြောင်း၊ ကျွဲကူးကျေးရွာတွင် ချမ်းမြေ့သာရီရပ်ကွက်၊ အဏ္ဏဝါရပ်ကွက်၊ ရတနာရပ်ကွက်ပါဝင်ကြောင်း၊ စန္ဒဝတ်ကျေးရွာအုပ်စုအနေဖြင့် ယခင်နှစ်နွေရာသီတွင် ချမ်းမြေ့သာရီနှင့် အဏ္ဏဝါရပ်ကွက်တို့တွင်သာ သောက်သုံးရေပြတ်လပ်ကြောင်း၊ ယခုနှစ်မှသာ ရေအခက်အခဲဖြစ်သည့်ကျေးရွာ ပိုများလာကြောင်း၊ ကျေးရွာအုပ်စုအတွင်းရှိ ကျန်ကျေးရွာများလည်း မကြာမီ ရေအခက်အခဲ ဖြစ်လာနိုင်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ဌေးက ပြောသည်။

**နိုင်ထူး**

# ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် အရာထမ်းဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံ ပြောင်းလဲရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၂၆**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဝင်းသိမ်းသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme - UNDP) မှ Country Director ဖြစ်သူ Mr. Toily Kurbanov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဧပြီ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံဝန်ထမ်းများ၏ ကျင့်ဝတ်၊ အခွင့်အရေးတန်းတူညီမျှရှိမှုနှင့် အရည်အချင်းအပေါ်မူတည်၍ တာဝန်ပေးအပ်ခြင်းတို့အပေါ် စစ်တမ်းကောက်ယူရေးဆိုင်ရာ အစီရင်ခံစာ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသည့် စီမံခန့်ခွဲရေးသင်တန်းများတွင် UNDP မှ ပါဝင်ကူညီမှုများ၊ ပြည်သူ့ဝန်ထမ်းများ၏ ပညာရေးနှင့် လေ့ကျင့်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပြည်သူ့အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုအတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များအဖြစ် မြန်မာနိုင်ငံရှိ ပြည်သူ့ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် သတ်မှတ်ချက်မူဘောင်ရေးဆွဲရေးဆိုင်ရာ ကိစ္စ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နိုင်ငံတော်အစိုးရသစ်လက်ထက် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် အရာထမ်းဝင်ခွင့်စာမေးပွဲ မေးခွန်းပုံစံပြောင်းလဲရေးနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများနှင့် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲရေးကိစ္စ၊ အနာဂတ်ကာလတွင် Civil Service Academy တည်ထောင်၍ ပြည်သူ့ဝန်ထမ်းများ (အစိုးရနှင့် ပုဂ္ဂလိက) လေ့ကျင့်မွေးထုတ်ပေးမည့် အစီအစဉ်တွင် UNDP မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သင်ကြားပို့ချမှု အကူအညီပေးရေးကိစ္စ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများတွင် သင်ခန်းစာများ ပို့ချရေးအတွက် ဘာသာရပ်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်အုပ်စုများ ဖွဲ့စည်းထားရှိနိုင်ရေး ထောက်ပံ့ပေးရန်ကိစ္စများအပေါ် အမြင်ချင်းဖလှယ်၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးသည် မြန်မာနိုင်ငံ၏ အဓိကဦးစားပေးပင်ဖြစ်

**နေပြည်တော် ဧပြီ ၂၆**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ ဧပြီ ၂၁ ရက်က ကျင်းပသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ဆိုင်ရာ ၂၀၃၀ အစီအစဉ်အား အကောင်အထည်ဖော်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေးနှင့် ၂၀၁၆ ခုနှစ် ဧပြီ ၂၂ ရက်တွင် ကျင်းပသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့ တက်ရောက်ခဲ့သည်။



**ရာသီဥတုပြောင်းလဲရေးဆိုင်ရာ ပါရီသဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နိုင်ငံကိုယ်စားပြု လက်မှတ်ရေးထိုးစဉ်**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ၂၀၃၀ အစီအစဉ်အား အကောင်အထည်ဖော်ရေးဆိုင်ရာ အဆင့်မြင့်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌဖြစ်သူ Mr.Mogens Lykketoft ကလည်းကောင်း၊ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ် Mr.Jan Eliasson ကလည်းကောင်း အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ဆိုင်ရာ ၂၀၃၀ အစီအစဉ်အား အဆင့်ဆင့် အားလုံးပါဝင်အကောင်အထည်ဖော်ရန် (၂၁) ကြိမ်မြောက် ရာသီဥတုပြောင်းလဲမှု ညီလာခံကတိကဝတ်များအား ဖြည့်ဆည်းရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ဘဏ္ဍာရေးအရင်းအမြစ်မူဘောင်များချမှတ်ရန်၊ သင့်တော်သည့် သတင်းအချက်အလက်နှင့် အရည်အသွေးမြင့်မားသည့် နည်းပညာအသစ်များ ဖွံ့ဖြိုးတိုးတက်ရန်၊ အကောင်အထည်ဖော်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ အားလုံးပါဝင်မှုတို့အပေါ် အခြေခံသည့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွင် ရာသီဥတုဆိုင်ရာဆောင်ရွက်မှုများအား ပေါင်းစပ်သွားရန် အဓိကကဏ္ဍ(၅)ခုဖြင့် ဆွေးနွေးခဲ့ကြသည်။

ဧပြီ ၂၂ ရက်တွင်ကျင်းပသည့် ပါရီသဘောတူညီချက် လက်မှတ်ရေးထိုးပွဲ အထိမ်းအမှတ် အဆင့်မြင့်အခမ်းအနားဖွင့်ပွဲတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့်အတူ ကုလသမဂ္ဂအထွေထွေ ညီလာခံသဘာပတိ၊ ပြင်သစ်နိုင်ငံသမ္မတ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ်၊ ကနေဒါနိုင်ငံ ဝန်ကြီးချုပ်၊ ပီရူးနိုင်ငံသမ္မတ၊ အီတလီနိုင်ငံဝန်ကြီးချုပ်၊ ရုရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ မော်ရိုကိုနိုင်ငံမင်းသမီးတို့အပါအဝင် နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးအဆင့် သက်ဆိုင်ရာနိုင်ငံ ကိုယ်စားလှယ်ခေါင်းဆောင်များက မိန့်ခွန်းများပြောကြားခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုလို ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် ပါရီသဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ခြင်းကို ဂုဏ်ယူပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်းနှင့် နောက်ပိုင်းကာလများအတွက် ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်း၊ လိုက်လျောညီထွေရှိစေခြင်းဆိုင်ရာ လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ရန်အတွက် အမျိုးသားမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့၏ ၂၀၃၀ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်မှန်းချက်မှာ ရာသီဥတုတည်ငြိမ်ရေး၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိရေးတို့ပင် ဖြစ်ပါကြောင်း၊ ပါရီသဘောတူညီချက်၏ ၂၀၂၀ပြည့်နှစ် နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် Kyoto Protocol သည် ဥပဒေအရ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံမှ မိမိနိုင်ငံ၏အခြေအနေနှင့် သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Intended Nationally Determined Contributions-INDC)အား တင်ပြခဲ့ပြီး မြန်မာနိုင်ငံ၏ သစ်တောနှင့် စွမ်းအင်ကဏ္ဍတို့ကို အဓိကထား၍ ကာဗွန်ဓာတ်ငွေ့လျှော့ချရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေးသည် မြန်မာနိုင်ငံ၏ အဓိကဦးစားပေးပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ရာသီဥတုပြောင်းလဲမှု ထိခိုက်လွယ်သည့် နိုင်ငံများအနေဖြင့် ပျောက်ဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ (Lost and Damage)ဆိုင်ရာအထောက်အပံ့သည် အရေးကြီးပါကြောင်း၊ ဘဏ္ဍာငွေထောက်ပံ့မှုသည် ပါရီသဘောတူညီချက်ဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ အပူချိန်လျှော့ချမည့် ရည်မှန်းချက်ကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခြင်းအတွက် အရေးပါသည့်ကဏ္ဍဖြစ်သဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ထည့်ဝင်ရေး သဘောတူညီချက်ကို အကောင်အထည်ဖော်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ LDCF နှင့် Adaptation Fund တို့အတွက် ပြည့်စုံလုံလောက်သည့် ဘဏ္ဍာငွေအရင်းအမြစ် ရရှိရေးအတွက် အရေးတကြီးလိုအပ်လျက်ရှိနေပါကြောင်း၊ မြန်မာနိုင်ငံသည် နည်းပညာ၊ ငွေကြေးနှင့် စွမ်းဆောင်ရည်ဆိုင်ရာ တို့တွင် အကန့်အသတ်စိန်ခေါ်မှုများဖြင့် ကြုံတွေ့နေရသော်လည်း မိမိနိုင်ငံ၏ အခြေအနေနှင့် သင့်လျော်မည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (INDC) အကောင်အထည်ဖော်ခြင်းဆိုင်ရာ လမ်းပြမြေပုံအား သက်ဆိုင်ရာအဖွဲ့အစည်း၊ ဌာနများနှင့် ညှိနှိုင်း၍ ရေးဆွဲလျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုထိခိုက်လွယ်သည့် နိုင်ငံများအား နည်းပညာ၊ စွမ်းဆောင်ရည်မြှင့်တင်မှု၊ ဘဏ္ဍာငွေများ ကူညီထောက်ပံ့ပေးရန် ဖွံ့ဖြိုးပြီးနိုင်ငံများအား အလေးအနက် တိုက်တွန်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့်အတူ လက်တွဲ၍ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

သမိုင်းဝင် ပါရီသဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အစီအစဉ်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၇၁ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ အစည်းအဝေးနှင့် လက်မှတ်ရေးထိုးပွဲအခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းတို့ တက်ရောက်ခဲ့ပြီး ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေတာရှည်မြို့နယ်အတွင်း ရေများဖြန့်ဝေပေး



**ရေတာရှည် ဧပြီ ၂၆**

နေ့အပူချိန်မြင့်တက်ခြင်းကြောင့် နေရာဒေသအနှံ့အပြားတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ ရေတာရှည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဧပြီ ၂၆ ရက် နံနက်ပိုင်းက သိုင်းဝကျေးရွာအုပ်စုအတွင်းရှိ တုံးကြီးကျေးရွာနှင့် ဗောင်တုတ်ကျေးရွာများသို့ မီးသတ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေဂါလန် ၁၅၀၀၊ သုံးရေဂါလန် ၈၀၀ တို့ကို ဖြန့်ဝေပေးခဲ့သည်။

ဒေသခံပြည်သူများအား ရေပေးဝေမှုအခြေအနေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသအတွင်းရေရှားပါးသည့်ကျေးရွာများသို့ ဆက်လက်ဖြန့်ဝေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အမေရိကန်နှင့် အီးယူခေါင်းဆောင်များ အတူတကွဆောင်ရွက်မည်

**ဟန်နိုဗာ ဧပြီ ၂၆**

ဥရောပသမဂ္ဂခေါင်းဆောင်များနှင့် အမေရိကန်သမ္မတတို့သည် တနင်္လာနေ့က နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာ၌ ထိရောက်မှုရှိအောင် အတူလက်တွဲဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ဖော်ပြခဲ့သည်။

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၊ ပြင်သစ်သမ္မတဖရန်ဆွာဟော်လန်းနှင့် အီတလီဝန်ကြီးချုပ်မက်တီအိုရန်ဇီတို့သည် ဂျာမနီမြောက်ပိုင်းမြို့တော် ဟန်နိုဗာ၌ တနင်္လာနေ့ မွန်းလွဲပိုင်းက ဂျာမနီဝန်ကြီးချုပ်နှင့် အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်သမ္မတတို့နှင့် အလွတ်သဘောတွေ့ဆုံမှုပြုလုပ်ခဲ့ပြီး ကမ္ဘာ့ရေးရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ နှစ်နာရီကြာဆွေးနွေးမှုအပြီး ဂျာမနီဝန်ကြီးချုပ်၏ ထုတ်ပြန်ချက်အရ အနောက်နိုင်ငံငါးနိုင်ငံမှ ခေါင်းဆောင်များသည် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို အတူတကွပူးပေါင်းဖြေရှင်းရန် သဘောတူခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲ၌ ဆီးရီးယားအရေးကိစ္စ၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအရေးနှင့် အီးယူနှင့် တူရကီတို့ကြား သဘောတူစာချုပ်တို့အကြောင်း ဆွေးနွေးခဲ့ကြသည်။ ဆီးရီးယားငြိမ်းချမ်းရေးကိစ္စ၏ ထိရှလွယ်သည့် ကိစ္စဖြစ်ကြောင်း အမေရိကန်နှင့် ဥရောပသမဂ္ဂမှ ခေါင်းဆောင်များသည်ဆီးရီးယား နိုင်ငံရေး ပဋိပက္ခဖြေရှင်းနိုင်ရေး ဂျီနီဗာ ဆွေးနွေးမှုအောင်မြင်ရန် ဖိအားပေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်နှိမ်နင်းမှုအပါအဝင် ခေါင်းဆောင်များသည် ဆီးရီးယားနှင့် အီရတ်တို့ရှိ အရေးကိစ္စများ၌ အတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြသည်။

(ဆင်ဟွာ)

# ချာနိုဗိုင်းန်ျူကလီးယားဘေးအန္တရာယ် နှစ်(၃၀)ပြည့် အမှတ်တရကျင်းပရန် စီစဉ်

**ကီယက်ဗ် ဧပြီ ၂၆**

ချာနိုဗိုင်းန်ျူကလီးယားဘေးအန္တရာယ်ကျရောက်ခဲ့သော နှစ်(၃၀)ပြည့်အခမ်းအနားကို ကျင်းပရန် ယူကရိန်းနိုင်ငံက ပြင်ဆင်လျက်ရှိသည်။

၁၉၈၆ခုနှစ် ဧပြီ၂၆ ရက် အစောပိုင်း၌ ဆိုဗီယက်ယူကရိန်းရှိ န်ျူခတ်ပေါင်းဖိုမှ စမ်းသပ်မှုတစ်ခုပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ထောင်ပေါင်းများစွာသော ပြည်သူတို့သည်နေအိမ်များ စွန့်ခွာ၍ ထွက်ပြေးခဲ့ကြရသည်။ ကမ္ဘာ့အဆိုးရွားဆုံးန်ျူမတော်တဆမှု၏ နောက်ဆုံးနှစ်ပတ်လည်တွင် ယူရို ၁ ဒသမ၅ ဘီလီယံအကုန်အကျခံကာ နောင်နှစ်ပေါင်း ၁၀၀ တိုင်အောင် ယိုဖိတ်မှုများကိုကာကွယ်ရန်နှင့် ဓာတ်ပေါင်းဖိုတည်ရှိရာများကို ကာရံပေးမည့် ဧရာမသံမဏိပေါင်းမိုးအကာကို ပြီးစီးရန်ဆောင်ရွက်လျက်ရှိသည်။

ယင်းစီမံကိန်းကို နိုင်ငံပေါင်း ၄၀ ကျော်မှ ရရှိသောရန်ပုံငွေဖြင့် လုပ်ဆောင်ခဲ့သည်။ ယူကရိန်းဝန်ကြီးချုပ်က ချာနိုဗိုင်းမှရရှိသော သင်ခန်းစာကို ကမ္ဘာတစ်ဝန်းမှ အလေးထားဂရုတစိုက်ရှိသင့်ကြောင်း ပြောခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဓာတ်ပေါင်းဖိုအလုပ်သမား ၃၁ ဦးနှင့် မီးသတ်သမားများသည် ချက်ချင်းသေဆုံးခဲ့ပြီး အများစုမှာ ရေဒီယိုသတ္တိကြွမှုမှရရှိသောရောဂါဖြင့် သေဆုံးခဲ့သည်။ လွန်ခဲ့သော ရာစုနှစ် သုံးစုကျော်က ရေဒီယိုသတ္တိကြွနှင့်ဆက်စပ်သောရောဂါများဖြစ်သည့် ကင်ဆာရောဂါဖြင့် ပြည်သူထောင်ပေါင်းများစွာတို့၏ အသက်ကို ဆုံးရှုံးခဲ့ရပြီး ကပ်ရောဂါကဲ့သို့သေဆုံးခဲ့ရမှုများနှင့် နှစ်ရှည်လများကြာမြင့်စွာခံစားခဲ့ရသော ကျန်းမာရေးသက်ရောက်မှုများသည် ယနေ့တိုင်အငြင်းပွားစရာများအဖြစ် တည်ရှိနေသေးသည်။

(ရိုက်တာ)

# အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးများဆွေးနွေး

**နယူးဒေလီ ဧပြီ ၂၆**

ယခုနှစ်အစောပိုင်းက အိန္ဒိယ-ပါကစ္စတန်နယ်စပ်အနီး လေတပ်အခြေစိုက်စခန်းတစ်ခုကို ပါကစ္စတန်အခြေစိုက် စစ်သွေးကြွများက တိုက်ခိုက်ခဲ့သည်ဟု အိန္ဒိယမှ ပြောခဲ့သည်။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲကို အင်္ဂါနေ့က ကျင်းပခဲ့သည်။

ယခုပြုလုပ်သည့်ဆွေးနွေးပွဲကို ယခုနှစ် ဇန်နဝါရီလလယ်က ပြုလုပ်ရန်စီစဉ်ခဲ့သော်လည်း ဇန်နဝါရီ ၂ ရက်က ဖြစ်ပွားခဲ့သော နှစ်နိုင်ငံနယ်စပ်ရှိ ပတ်သ်ဟန်ခေါ့ လေတပ်အခြေစိုက်စခန်းတိုက်ခိုက်ခံရမှုကြောင့် နှောင့်နှေးခဲ့သည်။

(ဆင်ဟွာ)


# မက္ကဆီကို၌ ဇီကာဗိုင်းရပ် ကူးစက်ခံရသူ ၂၅၂ ဦးထိမြင့်တက်

**မက္ကဆီကို ဧပြီ ၂၆**

မက္ကဆီကို၌ လွန်ခဲ့သောသီတင်းပတ်က ဇီကာဗိုင်းရပ်ကူးစက်ခံရသူ ၂၅၂ ဦးထိ မြင့်တက်လာခဲ့ရာ ကိုယ်ဝန်ဆောင် အမျိုးသမီး ၆၉ ဦးပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ၂၅ရက်တွင် ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးသတင်းပေးပို့ချက်အရ လွန်ခဲ့သော သီတင်းပတ်ကတွေ့ရှိခဲ့သော ဇီကာဗိုင်းရပ်ကူးစက်မှုသည်၂၃၉ ခုတွင် ၅ ဒသမ ၄ ရာခိုင်နှုန်းထိရှိကြောင်း ပြောသည်။ ဇီကာပိုးအများဆုံးတွေ့ရှိသော ချီယာပါ တောင်ပိုင်းပြည်နယ် ၁၁ ခုတွင် ဇီကာပိုးတွေ့ရှိသူ ၁၂၄ ဦးတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ၄၆ ဦးပါဝင်ပြီး အော့ဇာကာတွင်လည်း ဇီကာတွေ့ရှိသူ ၉၇ ဦးတွင် ကိုယ်ဝန်ဆောင်အမျိုးသမီး ၂၀ ပါဝင်သည်။ ဇီကာပိုးကူးစက်ခံရသူများတွင် အချို့သောလူနာများမှာ အဖျားရောဂါနှင့် ကြွက်သားနာကျင်မှုတို့ကိုခံစားရပြီး အခြားထင်ရှားသည့် ရောဂါလက္ခဏာများမတွေ့ရှိရပေ။ ရောဂါခံစားနေရသော ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ကလေးမွေးဖွားရာတွင် ပုံမှန်မဟုတ်သည့် ကလေးငယ်များ မွေးဖွားနိုင်သည့်အတွက် အရဲစွန့်ပြီး မွေးဖွားခဲ့ကြရသည်။ ယင်းရက်ပိုင်းက မွေးဖွားခဲ့သောကလေးငယ်များအကြောင်းကို မက္ကဆီကိုအနေဖြင့် သတင်းထုတ်ပြန်ခြင်း မရှိသော်လည်း ရောဂါခံစားနေရသော ကိုယ်ဝန်ဆောင်အမျိုးသမီးအားလုံးကို ဂရုတစိုက်လေ့လာစောင့်ကြည့်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။

(ဆင်ဟွာ)





# ဖိလစ်ပိုင်စစ်သွေးကြွများက ကနေဒါလူမျိုး ဓားစာခံတစ်ဦးအား သတ်ဖြတ်

**မနီလာ ဧပြီ ၂၆**

ဖိလစ်ပိုင်အစ္စလာမ္မစ် စစ်သွေးကြွများက ကနေဒါလူမျိုးတစ်ဦးကို ဖမ်းဆီးခဲ့ပြီး သတ်ဖြတ်ခဲ့သည့်အတွက် ကနေဒါဝန်ကြီးချုပ်က ၎င်းစစ်သွေးကြွများကို သွေးအေးလူသတ်သမားဟု ပြစ်တင်ရှုတ်ချခဲ့သည်။

အသက် ၆၈ နှစ် အရွယ်ရှိ သတ္တုတူးဖော်ရေးလုပ်ငန်း အမှုဆောင်အရာရှိဟောင်းတစ်ဦးဖြစ်သူ ဂျွန်ရစ်ဒယ်ကို ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက အခြားလူသုံးဦးနှင့်အတူ အဘူဆေယက်ဖ်စစ်သွေးကြွအဖွဲ့က ဖမ်းဆီးခဲ့သည်။ နိုဝင်ဘာလအတွင်း စစ်သွေးကြွများက မစ္စတာရစ်ဒယ်အပါအဝင် အခြား ဖမ်းဆီးထားသူသုံးဦး၏ ဗီဒီယိုကို ဖော်ပြခဲ့ပြီး ပြန်ပေးငွေ ဒေါ်လာသန်း ၈၀ တောင်းဆိုခဲ့သည်။

လူ၏ဦးခေါင်းအချို့ကို တနင်္လာနေ့က လူသူမနီးသည့် ကျွန်းပေါ်တွင် တွေ့ရှိခဲ့သည်ဟု ဖိလစ်ပိုင်တပ်မတော်က ပြောသည်။ ပြန်ပေးဆွဲခံထားရသူများအား ရွေးယူရန် ပြန်ပေးငွေပေးရန် သတ်မှတ်ထားသည့်အချိန် ငါးနာရီကျော်လွန်ပြီးနောက် ဖမ်းဆီးထားသည့်လူလေးဦးထဲမှ တစ်ဦးကို သတ်ဖြတ်မည်ဟု စစ်သွေးကြွများက ခြိမ်းခြောက်ခဲ့သည်။

ပြန်ပေးဆွဲသူများ၏ လုပ်ရပ်မှာ ရက်စက်ကြမ်းကြုတ်ပြီး မလိုအပ်ဘဲ လူသေဆုံးခဲ့ရကြောင်း၊ ယခုလုပ်ရပ်မှာ သွေးအေးလူသတ်သမား၏ လုပ်ရပ်ဖြစ်ကြောင်း၊ ကနေဒါဝန်ကြီးချုပ်က သတင်းထောက်များကို ပြောသည်။ ကနေဒါအစိုးရသည် ပြန်ပေးသမားများကို ဖမ်းဆီးမိနိုင်ရေး နိုင်ငံတကာမှ လုပ်ဖော်ကိုင်ဖက်များ ဖိလစ်ပိုင်အစိုးရတို့နှင့်အတူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ရိုက်တာ)

# အီးယူ-အမေရိကန်ကြား အတ္တလန္တိတ်ဖြတ်ကျော်ကုန်သွယ်ရေး သဘောတူညီချက် မျှော်လင့်ချက်ရောင်ခြည် သန်းလာပြီလား

တင်လင်းအောင်




**နောင်လာမည့် အမေရိကန်သမ္မတဖြစ်လာမည့်သူနှင့် ရွေးကောက်ပွဲလှုပ်ရှားမှုများက တီတီအိုင်ပီ၏ ရှုပ်ထွေးမှုများဖြစ်ပေါ်စေနိုင်သောကြောင့် ယင်းသဘောတူညီချက်၏ အဓိက အချက်များကို နောက်ဆုံးအချောသပ်ပြီးစီးနိုင်ရန်အတွက် အမေရိကန်နှင့် ဥရောပနိုင်ငံများကြား ညှိနှိုင်းသူများက ကြိုးစားလျက်ရှိ**

ဥရောပတိုက်သည် စီးပွားရေးစိန်ခေါ်မှုများ၊ အကြမ်းဖက်ပြဿနာများနှင့် အခြားသောအရေးကိစ္စများနှင့် ရင်ဆိုင်နေရချိန်တွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမား၏ ဂျာမနီသို့ နှစ်ရက်ကြာသွားရောက်ခဲ့သည့် ခရီးစဉ်သည် ဥရောပနှင့်သဘော တူညီထားသော ပြည်သူလူထု၏သံသယရှိနေသည့် အတ္တလန္တိတ်ဖြတ်ကျော် ကုန်သွယ်ရေးသဘောတူညီချက်အတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာစေပြီ ဖြစ်သည်။

ဂျာမနီနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းသည် အမေရိကန်သမ္မတ အိုဘားမား၏ နောက်ဆုံးခရီးစဉ်ဖြစ်နိုင်သည့်အတွက် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်အနေနှင့် ဒုတိယကမ္ဘာစစ်က ပျက်စီးသွားခဲ့ပြီး အနုပညာလက်ရာများဖြင့် တစ်ဖန်ဆန်းသစ်ထားသော ယခင် နွေရာသီတော်ဝင်နန်းတော် (ဟာရန်ဟူဆန်နန်းတော်)တွင် ကောင်းမွန်စွာ ညှဲ့ခံကြိုဆိုခဲ့သည်။

အတ္တလန္တိတ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေးသည် အိုဘားမားခရီးစဉ်အတွက် အဓိကထားဆွေးနွေးရမည့်အကြောင်းအရာဖြစ်သော်လည်း အထူးသဖြင့် အိုင်အက်စ်အကြမ်းဖက်အုပ်စုကို ရင်ဆိုင်နှိမ်နင်းရန် ကြိုးစားမှု၊ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ သတင်းအချက်အလက်များကိုဖလှယ်ရန် နိုင်ငံများအချင်းချင်း အားပေးကူညီပေးရေးများအပါအဝင် အခြားကိစ္စရပ်များကိုလည်း လျစ်လျူရှု၍ရမည်မဟုတ်ပေ။ လွန်ခဲ့သောလက လူအယောက် ၃၀ ကျော် သေဆုံးခဲ့သည့် ဘရပ်ဆဲလ်ပေါက်ကွဲမှုသည် အိုင်အက်စ်အကြမ်းဖက်သမားတို့၏ လက်ချက်ဖြစ်ကြောင်း ပြောဆိုကြသည်။

အိုဘားမားက ရွှေ့ပြောင်းဒုက္ခသည်အရေးကိစ္စကို ကိုင်တွယ်ဖြေရှင်းနေသော ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်၏ သတ္တိကို ထောက်ခံကြိုဆိုကြောင်း ပြသခဲ့သည်။ ဆီးရီးယား နိုင်ငံရေးမတည်ငြိမ်မှုများနှင့် အရှေ့အလယ်ပိုင်း ပဋိပက္ခများကြောင့် ထွက်ပြေးလာသူများကို ခိုလှုံခွင့်ပြုရန် ခွင့်ပြုခဲ့သည့် ၎င်း၏ဆုံးဖြတ်ချက်က ပြည်တွင်းဆူပူပေါက်ကွဲမှုများကို ဖန်တီးသလိုဖြစ်ခဲ့သည်။ ဒုက္ခသည်စီးဝင်မှုကို လျှော့နည်းသက်သာစေရန် ဥရောပနိုင်ငံများနှင့် တူရကီကြား သဘောတူညီချက်တစ်ရပ်ရရှိအောင် အိန်ဂျလာမာကယ်အနေဖြင့် စွမ်းဆောင်ပေးခဲ့သော်လည်း ယခုတစ်ဖန် ၎င်းနှင့် အခြားအီးယူခေါင်းဆောင်များအနေဖြင့် ယင်းဒေသသို့နောက်တစ်ကြိမ်သွားရောက်ရန် အကြောင်းဖန်လာပြန်သည်။ အီးယူအနေဖြင့် ဇူလိုင်လတွင် ပြုလုပ်ရန်စီစဉ်ထားသော ဆီးရီးယားဒုက္ခသည်များ ဘဝအခြေမြင့်မားရေးစီမံကိန်းအတွက် ယူရိုတစ်ဘီလီယံကို အသုံးပြုသွားမည်ဖြစ်ကြောင်း အီးယူဒုတိယအကြီးအကဲ ဖရန်စ်တင်မ်မင်န်က စနေနေ့၌ ပြောကြားခဲ့သည်။ ထို့အပြင် အိန်ဂျလာမာကယ်နှင့် အီးယူထိပ်တန်းခေါင်းဆောင်များသည် အီးယူ-တူရကီဆက်ဆံရေးတိုးတက်စေရန် တူရကီ-ဆီးရီးယားနယ်စပ်အနီး ဆီးရီးယားဒုက္ခသည်စခန်းများကို လာရောက်လည်ပတ်ခဲ့ပြီး တူရကီဝန်ကြီးချုပ် အာမက်ဒါဗူတိုကလူနှင့် ဥရောပသို့စီးဝင်လာသော ဒုက္ခသည်များအရေးသဘောတူညီမှုနှင့် ချန်ဂျန်ဒေသ ဘေးအန္တရာယ်ကင်းဝေးစေသော ကိစ္စများဆွေးနွေးခဲ့ကြသည်။ ဆီးရီးယား ဒုက္ခသည်များအရေးကိစ္စနှင့်ပတ်သက်ပြီး ဆောင်ရွက်ရန် တာဝန်ဝတ္တရားများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုက္ခသည်စခန်းသို့ လာရောက်လည်ပတ်ပြီးနောက် အိန်ဂျလာမာကယ်က ပြောကြားခဲ့သည်။

အိုဘားမားသည် အထူးသဖြင့် ဂျာမနီတွင်တီတီအိုင်ပီအဖြစ်လူသိများသော ကုန်သွယ်ရေးသဘောတူညီချက်နှင့် ပက်သက်ပြီး လူများလက်ခံလာအောင် ပြောဆိုစည်းရုံးရန် ခက်ခဲလျက်ရှိသည့် အနေအထားနှင့် ကြုံတွေ့နေရသည်။ အိုဘားမားသည် ကမ္ဘာ့အကြီးဆုံး စက်မှုနည်းပညာဆိုင်ရာ ကုန်သွယ်ရေးပြပွဲ (ဟန်နိုဗာမက်ဆီ)ကို ဖွင့်လှစ်နိုင်ရန်နှင့် ကုန်သွယ်ရေးသဘောတူညီချက်ကို မြှင့်တင်နိုင်ရန် တနင်္ဂနွေနေ့နောက်ပိုင်းတွင် အိန်ဂျလာမာကယ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အိုဘားမားဂျာမနီသို့မရောက်မီ တစ်ရက်အလို စနေနေ့က လူထောင်ပေါင်းများစွာသည် ဟန်နိုဗာ လမ်းများပေါ် ထွက်ကာဆန္ဒပြခဲ့ကြသည်။ အချို့မှာ အတ္တလန္တိတ် ဖြတ်ကျော်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး (တီတီအိုင်ပီ)ကို ရပ်တန့်ရန် ငါတို့လုပ်နိုင်သည်ဟု စာတန်းပါ လက်ကိုင်ပိုစတာများကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြသည်။ တချို့က (တီတီအိုင်ပီ)မှာ ၂၀၀၈ အိုဘားမား၏ သမ္မတရွေးကောက်ပွဲလှုပ်ရှားမှု၌ နိုင်ငံရေးကြွေးကြော်သံဖြစ်ကြောင်း ပြောခဲ့သည်။

နိုဝင်ဘာလက ဘာလင်တွင် လူပေါင်း ၁၀၀၀၀၀ကျော် တီတီအိုင်ပီ သဘောတူညီချက်ကို ဆန့်ကျင် ဆန္ဒပြခဲ့ကြသည်။ တီတီအိုင်ပီကို ထောက်ခံအားပေးသူများက ကမ္ဘာ့စီးပွားရေး မတည်မငြိမ်ဖြစ်နေသည့်အချိန်တွင် ယင်းသဘောတူညီချက်သည် စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်စေလိမ့်မည် ဖြစ်ကြောင်း ပြောခဲ့သည်။ ဝေဖန်သူများက တီတီအိုင်ပီကြောင့် စားသုံးသူသို့မဟုတ် သုံးစွဲသူ ကာကွယ်ရေးနှင့် သဘာဝပတ်ဝန်းကျင်အဆင့်အတန်းအားထိခိုက်ပျက်စီးသွားမည်ကို စိုးရိမ်နေကြသည်။

နောင်လာမည့် အမေရိကန်သမ္မတဖြစ်လာမည့်သူနှင့် ရွေးကောက်ပွဲလှုပ်ရှားမှုများက တီတီအိုင်ပီ၏ရှုပ်ထွေးခက်ခဲစွာညှိနှိုင်းမှုများကို ပိုမို၍ ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်သောကြောင့် ယင်းသဘောတူညီချက်၏ အဓိကအချက်များကို နောက်ဆုံးအချောသပ်ပြီးစီးနိုင်ရန်အတွက် အမေရိကန်နှင့် ဥရောပနိုင်ငံများကြား ညှိနှိုင်းသူများက ကြိုးစားလျက်ရှိသည်။

တာဝန်မှအနားမယူခင်အိုဘားမားအနေဖြင့် တီတီအိုင်ပီနှင့်ပက်သက်သော ညှိနှိုင်းမှုများကို အဆုံးသတ်ချင်ကြောင်း ပြောကြားခဲ့သည်။ “ ဒီသဘောတူညီချက်ကို မိမိတို့ရထားမယ်ဆိုရင် နောက်လာမယ့် သမ္မတအနေနဲ့ လျင်လျင်မြန်မြန်နဲ့ ရှေ့တိုးလုပ်ဆောင်သွားနိုင်မယ်”ဟု အမေရိကန်သမ္မတ အိုဘားမားက တနင်္ဂနွေနေ့ကပြုလုပ်ခဲ့သော ဘီဘီစီ တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

အိုဘားမားအနေဖြင့် တာဝန်မှအနားယူသွားသောအခါ နောက်လာမည့် သမ္မတအနေဖြင့် တီတီအိုင်ပီ သဘောတူညီချက်ကို ဆက်လက်လုပ်ဆောင်သွားမည်မှာ သေချာလား၊ မသေချာလား မသိရပေ။ နောက်လာမည့် အမေရိကန်သမ္မတကိုရွေးချယ်ရန်မှာ တီတီအိုင်ပီ သဘောတူညီချက်သည် အရေးကြီးဆုံး ကိစ္စရပ်တစ်ခုတော့မဟုတ်ပေ။ သို့သော်လည်း အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရှေ့ဆုံးမှဦးဆောင်နေသူ ဒီမိုကရက်တစ် ဟီလာရီကလင်တန်နှင့် ရီပတ်ပလီကန် ဒေါ်နယ်ထရန့်တို့ နှစ်ဦးစလုံးသည် ဆိုင်းငံ့ထားသော အာရှ-ပစိဖိတ်ကုန်သွယ်ရေးသဘောတူညီချက်ကို အမေရိကန်အလုပ်အကိုင်နှင့် လုပ်အားခများအပေါ် ဖြစ်နိုင်ခြေအလားအလာရှိသော အကျိုးသက်ရောက်မှုအတွက် ဆန့်ကျင်ကောင်းဆန့်ကျင်လိမ့်မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ နိုင်ငံတိုင်းက ၎င်းတို့၏ကိုယ်ပိုင် အကျိုးစီးပွားအတွက် ကုန်သွယ်ရေးသဘောတူညီချက်များကို ခိုင်မာစွာ ဆုပ်ကိုင် တိုက်ခိုက်လေ့ရှိသည့်အတွက် ညှိနှိုင်းရခက်ခဲကြောင်း အိုဘားမားကပြောခဲ့သည်။ ဥရောပနှင့် အမေရိကန်နိုင်ငံကြားအဓိကအရေးကြီးဆုံးအချက်မှာ စီးပွားရေးလုပ်ဆောင်ရာတွင် နောက်ဆွဲ၍ လုံးလည်ချာလည်လိုက်နေသော အချို့မတူညီသော လုပ်ထုံးလုပ်နည်းများကိုဖယ်ရှားရန်ဖြစ်ကြောင်း အိုဘားမားက ပြောကြားခဲ့သည်။

**Ref: Time**

## ဆီးရီးယားရှိ အလက်ပိုမြို့အနီး လေကြောင်းတိုက်ခိုက်မှုကြောင့် ကယ်ဆယ်ရေးသမားငါးဦးသေဆုံး

ဆုရည်

**ဘေရွတ် ဧပြီ ၂၆**

အလက်ပိုအနောက်ပိုင်း အတိုက်အခံများသိမ်းပိုက်ထားသော ဧရိယာအတွင်း လေကြောင်းတိုက်ခိုက်မှုများနှင့် ဒုံးကျည်တိုက်ခိုက်မှုများကို ညသန်းခေါင်ယံကျော်အချိန်တွင် ပြုလုပ်ခဲ့ရာ မမျှော်လင့်ဘဲ ပစ်ကွင်းချိန်မှတ်ထဲဝင်ရောက်လာသူ ကယ်ဆယ်ရေးသမားငါးဦး သေဆုံးခဲ့ကြောင်း စောင့်ကြည့်အဖွဲ့များနှင့် အခြားသော လုပ်ဖော်ကိုင်ဖက်များက ပြောခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုနှစ်ခုနှင့် အနည်းဆုံးဒုံးကျည်တစ်စင်းပါဝင်အားဖြည့်ထားသော ဝင်ရောက်စီးနင်းတိုက်ခိုက်မှုသည် အလက်ပိုအနောက်ပိုင်း ၂၅ ကီလိုမီတာအကွာရှိ အာတာရပ်မြို့ရှိ "White Helmets" ဟု လူသိများသော ဆီးရီးယားပြည်သူ့ကာကွယ်ရေးတပ်မတော် (Syrian Civil Defence)ကို ထိမှန်ခဲ့သည်။

ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင်တစ်ဦးက ကယ်ဆယ်ရေးအလုပ်သမား ငါးဦးသေဆုံးခဲ့ပြီး နှစ်ဦးမှာဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ လူနာတင်ယာဉ်များနှင့် ဆရာဝန်များ၏ယာဉ်များလည်း ဖျက်ဆီးခံရကြောင်း ပြောခဲ့သည်။ ဗြိတိန်အခြေစိုက်စောင့်ကြည့်လေ့လာရေးအဖွဲ့ဖြစ်သည့် ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က အနည်းဆုံး ငါးဦးသေဆုံးကြောင်း၊ မတော်တဆတိုက်ခိုက်မိခြင်းဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ကလေးမြို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် လူသေဆုံးမှုဖြစ်ပွား



**ကလေး ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကလေးမြို့နယ်တွင် ဧပြီ ၂၅ ရက် နံနက် ၃ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုဖြစ်ပွားသည့်အပြင် ဘုရားကျောင်းကန်၊ လူနေအိမ်၊ စာသင်ကျောင်းများ ပျက်စီးမှုရှိခဲ့ပြီး လူသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာလယ်တောနေ ဦးမျိုးမြင့်ဦး (၃၂နှစ်)သည် မိုးကြိုးထိမှန်၍ သေဆုံးသွားသည့်အပြင် ရာဇဂြိုဟ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ဧရာဝတီကျောင်းဆောင်နှင့် ဆရာအဆောင်တွင် သွပ်မိုးများလန်သွားခြင်း၊ ကျောင်းဝင်းအုတ်တံတိုင်းငါးခန်း ပြိုကျပျက်စီးသွားခြင်း၊ ရာဇဂြိုဟ်တိုက်နယ် ဆေးရုံမျက်နှာကြက်များပျက်စီးခြင်း၊ အုတ်သုံးမျိုးဘုန်းတော်ကြီးကျောင်းနှင့် အောင်ရတနာဘုန်းတော်ကြီးကျောင်းတို့မှ သွပ်များ၊ လူနေအိမ်အချို့တွင် အမိုးသွပ်များလန်ခြင်းနှင့် အုတ်သုံးမျိုးစေတီ၏ ထီးတော်စောင်းခြင်းများ ဖြစ်ပွားခဲ့သည်။

ထို့အပြင် ခုံသာအနောက်ကျေးရွာ၊ ၅၆ မိုင်ကျေးရွာ၊ နန်းကျင်းဆောင်ကျေးရွာ၊ မြစိမ်းကျေးရွာ၊ မြလင်းကျေးရွာ၊ ကြက်ဖနက်ကျေးရွာ၊ ကံလှကျေးရွာနှင့် ငြိမ်းချမ်းသာကျေးရွာတို့တွင် နေအိမ်အဆောက်အအုံနှင့် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းများပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုစာရင်းအသေးစိတ်နှင့် ထောက်ပံ့ပေးရန်လိုအပ်မှုတို့ကို ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ချင်းတွင်းသား**

# အင်းလုပ်ငန်းများကို ဦးစားပေးအဆင့်မထားဘဲ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်

**ဖျာပုံ ဧပြီ ၂၆**

ဖျာပုံခရိုင်အတွင်းရှိ မြစ်ချောင်းနှင့်အင်းများမှ ရေချိုပုစွန်များကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ ၂၀၁၆-၂၀၁၇ လုပ်ငန်းရာသီ ဖမ်းဆီးရောင်းချနိုင်ရန်အတွက် အင်းလုပ်ငန်းများကို ဦးစားပေးအဆင့်မထားဘဲ လေလံစနစ်ဖြင့်လည်းကောင်း၊ တင်ဒါပိုက်ချက်လုပ်ငန်းများကိုလည်း ဦးစားပေးအဆင့်မထားဘဲ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြိုင်ထံမှ သိရသည်။

ဖျာပုံမြို့နယ် အမာမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်များရှိအင်း ၅၄ အင်း၊ တင်ဒါပိုက်ချက် ၁၂၂ ချက်ကို မေ ၃ ရက် နံနက် ၉ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌လည်းကောင်း၊ ဒေးဒရဲမြို့နယ်ရှိ အင်း ၁၂ အင်း၊ တင်ဒါပိုက်ချက် ၅၁ ချက်ကို မေ ၄ ရက် နံနက် ၉ နာရီတွင် ဒေးဒရဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမတွင်လည်းကောင်း၊ ဘိုကလေးမြို့နယ်ရှိ အင်း ၃၀ နှင့် တင်ဒါပိုက်ချက် ၂၉၈ ချက်ကို မေ ၅ ရက် နံနက် ၉ နာရီတွင် ဘိုကလေးမြို့ မြို့နယ်ခန်းမတွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အင်းဂရန်နှင့် တင်ဒါပိုက်ချက်ဆွဲဝယ်ပြီး လုပ်ကိုင်ခွင့်ရသူများသည် သတ်မှတ်ထားသော အင်းဂရန်နှင့် တင်ဒါပိုက်ချက်စည်းကမ်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ (၂/၂၀၁၂) ကိုလည်းကောင်း အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာရန် လိုအပ်သကဲ့သို့ လိုက်နာနိုင်မှုမရှိပါက ဥပဒေအရ အရေးယူခြင်းနှင့် အင်းဂရန်နှင့်တင်ဒါပိုက်ချက်လုပ်ကိုင်ခွင့်များကို ရုပ်သိမ်းခံရမည်ဟု ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေ မကြာမီပေါ်ထွက်လာမည် စီးပွားရေးလုပ်ငန်းရှင်များ ကျင့်သုံးလိုက်နာရန် အရေးကြီး

**ရန်ကုန် ဧပြီ ၂၆**

မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေပေါ်ပေါက်လာရေး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ပြောသည်။

"အသိဉာဏ် ပစ္စည်းဆိုင်ရာ ဥပဒေဆိုတာ ကျွန်တော်တို့နိုင်ငံအတွက် အတော်လေးအရေးကြီးနေပါတယ်။ ဒီဥပဒေမပေါ်ထွက်လာသေးတဲ့အတွက် လုပ်ငန်းရှင်အများစုဟာ မိရိုးဖလာအတိုင်းလုပ်ကိုင်နေကြတဲ့အတွက် နစ်နာဆုံးရှုံးမှုတွေဖြစ်ပေါ်နေပါတယ်။ ဒီဥပဒေပေါ်ပေါက်လာဖို့ ကျွန်တော်တို့အသိဉာဏ်ပစ္စည်းဆိုင်ရာအသင်းအနေနဲ့ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ လွှတ်တော်အထိတင်ပြထားပြီးဖြစ်ပါတယ်။ အစိုးရအပြောင်းအလဲကြောင့် ဒီဥပဒေဆွေးနွေးနိုင်ဖို့ နှေးကွေးနေတာဖြစ်ပါတယ်။ မကြာခင်မှာ ဆွေးနွေးပြီးဥပဒေအဖြစ်ပေါ်ပေါက်လာမယ်လို့ မျှော်လင့်ရပါတယ်။ ဒီဥပဒေပေါ်ပေါက်လာမယ်ဆိုရင်လည်း စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ဥပဒေကိုနားလည်အောင်လုပ်ဖို့လိုပါတယ်။ နားလည်ပြီးရင် လိုက်နာကျင့်သုံးဖို့လိုပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ နစ်နာဆုံးရှုံးမှုတွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်"ဟု ဦးကျော်ကျော်ဝင်းက ဧပြီ ၂၅ ရက်က UMFCCI ၌ ကျင်းပသော ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာနေ့ အကြိုအခမ်းအနားတွင် ပြောကြားသည်။ **(ယာပုံ)**




ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာနေ့သည် ဧပြီ ၂၆ ရက်နေ့ဖြစ်ပြီး ယခုနှစ် ဦးတည်ရည်မှန်းချက်မှာ "ရုပ်ရှင်ဇာတ်ကားများ ကမ္ဘာလုံးဆိုင်ရာ စွဲလမ်းနှစ်သက်မှု"ဟူ၍ ဖြစ်သည်။ ရုပ်ရှင်ဇာတ်ကားများသည် တစ်ကမ္ဘာလုံး၌ရှိသော ရုပ်ရှင်ချစ်ပရိသတ်များကို ဆွဲဆောင်စေပြီး ရုပ်ရှင်ဇာတ်ကားများသည် အသိဉာဏ်ပစ္စည်းဆိုင်ရာ တိုက်ရိုက်ထုတ်လုပ်မှုတစ်ရပ်ဖြစ်သည်။

ကမ္ဘာ့အသိဉာဏ်ပစ္စည်းဆိုင်ရာနေ့ကို ကမ္ဘာတစ်ဝန်းကျင်းပလေ့ရှိပြီး ယင်းနေ့ရောက်တိုင်း တီထွင်ခြင်း၊ ဖန်တီးခြင်းတို့နှင့်ဆက်စပ်၍ အသိဉာဏ်ပစ္စည်း၏ အခန်းကဏ္ဍကို ဆွေးနွေးကြလေ့ရှိသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာသည်နှင့်အမျှ ပြည်သူများအကြား အသိဉာဏ်ပစ္စည်းနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့်သိရှိလာအောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ မကြာမီ အသိဉာဏ်ပစ္စည်းနှင့် ပတ်သက်သော ဥပဒေပေါ်ထွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**


### အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ရွှေဘိုခရိုင်၊ ရေဦးမြို့၊ အထက(၂) နဝမတန်းမှ ဦးလှိုင်မြင့်သန်း၏သား မောင်စိုးခန့်လှိုင်အား မောင်အားမာန်ပြည့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်-၃၈၉၊ မြေကွက်တည်နေရာအမှတ်-၃၈၉၊ ကျွန်းရွှေဝါလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးကျော်ဝင်း TRY-၀၉၀၉၄၀) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ဝင်းနှင့် လီအိုင်တင်း(ခ)ဒေါ်မို့မို့ခိုင်အပေါ် တရားပြိုင်ထားသော ဒေါ်ခင်ဇော်ဝင်းက တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)တရားရုံးတွင် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီ ရရှိခဲ့သဖြင့် တရားရုံးကိုယ်စား ဘီလစ်ဒေါ်နီလာခင် ၁၂/မဂဒ(နိုင်)၀၉၈၉၀၁က တရားမကြီးမှုအမှတ်-၇၉/၂၀၁၆၏ ၈-၁-၂၀၁၆ရက်စွဲပါ စီရင်ချက်ဒီကရီမှု အမှတ်(၉/၂၀၁၆)၏ နေ့စဉ်မှတ်တမ်းနှင့်ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရွှေကမ္ဘာကျော်
### မြန်မာ ထမင်းနှင့်ဟင်း
* ချိုင့်ဆွဲပေးသည် *
ဖုန်း - 09 979 201 603 / 09 262 212 026
09 252 274 604

**အမည်ဖြည့်စွက်ခေါ်ပါရန်**
ရသေ့တောင်မြို့နယ်၊ ကူတောင်ကျေးရွာနေ ဦးဝေထွန်းစိန်၏သမီး မခိုင်စောနိုင်ချမ်းအား မခိုင်ဖူးစုံဟု အမည်ဖြည့်စွက်ခေါ်ပါရန်နှင့်မွေးသက္ကရာဇ် အမှန်မှာ ၁၅-၇-၁၉၉၈ ဖြစ်ပါကြောင်း။**မခိုင်စောနိုင်ချမ်း(ခ)မခိုင်ဖူးစုံ**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/9077 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးဇော်လင်း-ဒေါ်နော်ယုသတို့၏သမီး အထက(၃)၊ တက္ကသိုလ်ဝင်တန်း(A)မှ မနော်လင်းလင်းချို ၁၃/တခလ(နိုင်)၀၉၃၄၄၉ အား မအေးချမ်းပွင့်ဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအေးချမ်းပွင့်ဖြူ**

### အင်အားဖြည့် လုံးချင်းကောက်
### အင်္ဂလိပ်စကားလုံးများ
### နေခြည်ဇေယျ
ထွက်ပါပြီ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9J/1596 Toyota Kluger ACU20 S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းတူးမာဝင်းမြင့် ၉/ပဥလ(နိုင်)၀၀၀၂၆၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/4800 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/7310 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်အတွင်းရှိ မြို့နယ်နှင့်မြို့များမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ပြည်ထောင်စု/ပြည်နယ် ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းအလိုက်(မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၁) (၂၀၁၆-၂၀၁၇ဘဏ္ဍာ ရေးနှစ်)

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၅-၂၀၁၆ ရက်၊ ၁၆:၃၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၅-၂၀၁၆ ရက်၊ ၀၉:၃၀ နာရီ

၅။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မူဆယ်ခရိုင်၊ မူဆယ်မြို့၊ ၀၈၂-၅၀၅၁၅

၆။ တင်ဒါလျှောက်လွှာပုံစံများကို လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ မူဆယ်ခရိုင်၊ မူဆယ်မြို့တွင် ဝယ်ယူတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိလိုပါက ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ရေးမြို့နယ်၌ မူးယစ်ဆေးပြားများနှင့် လက်ပစ်ဗုံးသိမ်းဆည်းရမိ

**ရေး ဧပြီ ၂၆**

ရေးမြို့နယ် အစင်ကျေးရွာ နယ်မြေ (၃)၌ ဧပြီ ၂၆ ရက် နံနက် ၈ နာရီက စိုးမိုးဦး (၂၇ နှစ်)၏ နေအိမ်သို့ စိတ်ကြွရူးသွပ် ဆေးပြားများ ရောင်းချနေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သော်၏ ကြီးကြပ်မှုဖြင့် ရေးရဲစခန်း မူးယစ်တပ်ဖွဲ့စု (၃၉)မှ ဒုရဲမှူး သန်းဇော်၊ ဒုရဲအုပ်ဖြိုးနိုင်နှင့် အဖွဲ့တို့က ဝင်ရောက်ရှာဖွေရာ စိုးမိုးဦး၏ အိပ်ရာဘေးမှ အပြာရောင်ကပ်ခွာအိတ်ဖြင့်ထည့်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅ ပြား၊ R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ပြား စုစုပေါင်း ၂၂၈ ပြား အလေးချိန် ၂၂ ဒသမ ၈ ဂရမ် ကာလတန်ဖိုး ငွေကျပ် ၅၇၀၀၀၀ MG1 အမျိုးအစား LOT 66/2001 အဝါရောင်စာတန်းပါ အစိမ်းရောင်ပလတ်စတစ် လက်ပစ်ဗုံး တစ်လုံး ဖြုတ်မပါတို့အား သက်သေရှေ့များတွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိပြီး ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ဆက်လက်၍ နံနက် ၉ နာရီက ရေးမြို့နယ် အစင်ကျေးရွာ နယ်မြေ ၁၄ နေ အာကာဦး (၂၅နှစ်) နေသူ၏ နေအိမ်သို့ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချနေကြောင်း သတင်းအရ ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေများ ပါဝင်သော အဖွဲ့တို့က အာကာဦး နေအိမ်စားပွဲပေါ်မှ အရှည်လေးလက်မခန့်ရှိ အနီရောင်ဆော့ပင် အခွံတွင် ထည့်ထားလျက် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြား၊ R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြား စုစုပေါင်း ၃၀ အလေးချိန် သုံးဂရမ် ကာလတန်ဖိုး ငွေကျပ် ၉၀၀၀၀ မူးယစ်ဆေးပြား ရောင်းချရရှိ ငွေကျပ် ၂၀၀၀၀ တို့အား တွေ့ရှိသိမ်းဆည်းရမိ၍ ဥပဒေအရ အရေးယူထားပြီး ဖြစ်စဉ်များနှင့်ပတ်သက်၍ ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖမ်းဆီးနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စုံစမ်းလျက်ရှိကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**




# ဦးခေါင်းနောက်စေ့အရိုက်ခံသည့် လူငယ်သေဆုံး

**နေပြည်တော် ဧပြီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ဆောက်လုပ်ရေးအလုပ်သမားတဲစု ဗွီ-ဖိုးလမ်းအနီးတွင် ဧပြီ ၂၀ ရက် နံနက် ၁ နာရီက အမည်မသိ အမျိုးသား အသက် ၂၀ ကျော်ခန့်လူငယ်တစ်ဦးမှာ ဒဏ်ရာများနှင့်သတိလစ်လဲကျနေသည်ကိုအမှတ်(၉)ရဲစခန်းမှ ဒုရဲအုပ် ဖုန်းမြင့်အောင်နှင့် သက်သေများက စစ်ဆေးတွေ့ရှိ၍ ၎င်းလူငယ်အား ဆေးစာဖြင့် ခုတင် (၁၀၀၀) ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

အဆိုပါအမည်မသိလူငယ်မှာ ဧပြီ ၂၄ ရက် ည ၉ နာရီတွင် ရရှိထားသော ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ပြစ်မှုကျူးလွန်သူ ဇော်ထွန်း အား အရေးယူထားကြောင်း သိရသည်။

**ကိုပေါက်**



# မူဆယ်၌ မပေါက်ကွဲသေးသည့် အသံမိုင်းနှစ်လုံးတွေ့ရှိ

**မူဆယ် ဧပြီ ၂၆**

မူဆယ်မြို့ ဆင်ဖြူဈေးအနီးတွင် မပေါက်ကွဲသေးသည့် တရုတ်နိုင်ငံလုပ် အသံမိုင်းနှစ်လုံးကို ဧပြီ ၂၅ ရက် နံနက် ၇ နာရီခွဲက တွေ့ရှိခဲ့သည်။

မူဆယ်မြို့မဈေးကြီးနှင့် ဆင်ဖြူဈေးလုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များနှင့် ဈေးလုံခြုံရေးတို့ ပူးပေါင်းလှည့်ကင်းဆောင်ရွက်နေစဉ် ဆင်ဖြူဈေးတောင်ဘက်ရှိ ဆန်းသစ်ကားဂိတ် အနောက်ဘက် ပေ ၂၀ အကွာ အမှိုက်ပုံအနီးတွင် စနက်တံတပ်ထားသည့် အသံမိုင်းနှစ်လုံးအား တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

နယ်မြေခံတပ်မှ နံနက် ၈ နာရီခွဲတွင် မူဆယ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ အဆိုပါမိုင်းအား လာရောက်ယူဆောင်ကာ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ဆရာမောင်(မူဆယ်)**

# ရေအလျှိုသွားရာမှ ရေသယ်ယာဉ်တိမ်းမှောက်

**ထီးလင်း ဧပြီ ၂၆**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် နွေရာသီကာလတွင် ရေပြတ်လပ်မှုဖြစ်သည့် ဆင်စွယ်ကျေးရွာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီစဉ်ဆောင်ရွက်မှုဖြင့် မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်နှစ်စီးကို အကူအညီခေါ်၍ ရေအလှူသွားရောက်စဉ် ဆင်စွယ်ရွာမှ တစ်မိုင်ခန့်အကွာ မဲဇလီချောင်းအဆင်းတွင် ဒုတပ်ကြပ် ဇော်ဇော်နိုင် မောင်းနှင်သော မီးသတ်ယာဉ်သည် ရေဂါလန် ၁၂၀၀ တင်ဆောင်ပြီး မောင်းနှင်လာစဉ် ဘရိတ်ပေါက်ကာ တိမ်းမှောက်ခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာခဲ့သော တပ်သား မိုးထက်ကျော်မှာ သေဆုံးခဲ့သည်။ ဒုတပ်ကြပ် မင်းသန့်ကျော်၊ တပ်ကြပ်ကြီး သစ်လွင်မျိုး၊ ဒုတပ်ကြပ်ဇော်ဇော်နိုင်တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ၎င်းတို့ကို ထီးလင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့ပြီး ထီးလင်းမြို့ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုကူညီရေးအသင်းမှလည်း မော်တော်ယာဉ် နှစ်စီးဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**မြောက်ဦး ဧပြီ ၂၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့ အောင်တပ်အုပ်စု ဒိုင်းကျီရွာတွင် ဧပြီ ၂၅ ရက် ည ၁၂ နာရီကျော်ခန့်က ဖယောင်းတိုင်မီးထွန်း၍ အိပ်ပျော်သွားခဲ့ရာမှ တစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းရာသို့ မြောက်ဦးမြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ကျေးရွာသူ ကျေးရွာသားများရောက်ရှိပြီး မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် လူနေအိမ်တစ်လုံး မီးလောင်ကျွမ်းခဲ့ပြီး မီးစတင်လောင်ကျွမ်းခဲ့သည့် နေအိမ်ပိုင်ရှင် ဦးစိန်ကျော်ဝင်းအား မြို့နယ်ရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ်တွင် လူငယ်တစ်ဦးမီးရထားကြိတ်မိသေဆုံး

**တောင်တွင်းကြီး ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် လူငယ်တစ်ဦး မီးရထားသံလမ်းပေါ်၌ အိပ်ပျော်နေစဉ် မီးရထားကြိတ်မိသေဆုံးမှုတစ်ခု ဧပြီ ၂၄ ရက် ည ၁၁ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအုပ်စု နယ်မြေရဲကင်း စခန်းမှူး ရဲအုပ် မင်းဇော်သည် တာဝန်ထမ်းဆောင်နေစဉ် လူတစ်ဦး ရထားကြိတ်ခံရကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ပရပ်ကြယ်ကျေးရွာ ဘူတာတောင်ဘက် တစ်ဖာလုံခန့်အကွာ မီးရထားလမ်း မိုင်တိုင်အမှတ် (၂၃၉/၅ ) နှင့် ( ၂၃၉/၆ ) ကြား မီးရထားသံလမ်းပေါ်တွင် အိပ်နေသော တောင်တွင်းကြီးမြို့နယ် ယာကြီးတောအုပ်စု အောင်မြင်သာကျေးရွာနေ အောင်ကိုဦး (၂၈ နှစ်) ဖြစ်ပြီး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

၎င်းအား ရန်ကုန်မြို့သို့ ခုတ်မောင်းလာသော အမှတ်(၆၂) ပခုက္ကူ-ရန်ကုန် အစုန်ရထားမှ ကြိတ်မိခြင်းဖြစ်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် စစ်ဆေးနိုင်ရန် ဆတ်သွားရဲတပ်ဖွဲ့စခန်းမှ သေမှုသေခင်းဖွင့်လှစ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဗိုလ်ပြည့် (တောင်တွင်းကြီး)**


အိမ်ယာနှင့် လူသုံးကုန်မျိုးစုံအားအထူးဈေးနှုန်းများဖြင့် ပြသရောင်းချမည့်ပြပွဲကြီး

YANGON HOUSING & LIFESTYLE EXPO

၅.၅.၂၀၁၆ မှ ၈.၅.၂၀၁၆ နံနက် (၉)နာရီ မှ ည (၆)နာရီ တပ်မတော်ခန်းမ

ပြခန်းများစတင်ရောင်းချနေပါပြီ။ စုံစမ်းရန် – Smart Business Group Ph:01-656875,667473,09-73014777

မင်္ဂလာကုမ္ပဏီလီမိတက်

ရန်ကုန်၊ မန္တလေးနှင့် ပြည်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။ ဖုန်း - ၂၄၆၇၆၂၊ ၂၄၆၇၆၃

(ပြည်တွင်း၌သာခန့်ထားရန်)

(မြန်မာကျပ်ငွေဖြင့် ညှိနှိုင်းလစာသတ်မှတ်ပေးပါမည်။)

(ဝန်ထမ်းများအတွက် အစားအသောက်နှင့်နေထိုင်ရေးအတွက်ကိုကုမ္ပဏီမှစရိတ်ငြိမ်းစီစဉ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် ရန်ကုန်၊ မန္တလေးနှင့် ပြည်မြို့ရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်-

(က) မန်နေဂျာ/ဒု-မန်နေဂျာ ကျား (၅)ဦး
- အသက် (၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်၊
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်၊
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်၊
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်၊

(ခ) လ/ထမန်နေဂျာ(စီမံ/ကြီးကြပ်)(ပြသ) ကျား/မ (၆)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်၊
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်၊
- အိမ်ထောင်မရှိသူဖြစ်ရမည်၊

(ဂ) လျှပ်စစ်/လေအေးစက်၊ ပြစက် ကျား (၆)ဦး
- အသက်(၄၅)နှစ်အောက်ဖြစ်ရမည်၊
- A.G.T.I(M.P),(E.P),(E.C)၊ စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက် ဘာသာရပ်၊ Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်၊
- ကွန်ပျူတာအခြေခံတတ်မြောက်ရမည်၊
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်းလျှော့ပေါ့ စဉ်းစားပေးမည်၊

(ဃ) တန်းပြ၊ ရောင်း/သိမ်း ကျား/မ (၁၀)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်၊
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်၊

(င) မုန့်ဆိုင်အရောင်း ကျား/မ (၆)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်၊
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်၊

(စ) လုံခြုံရေး/ယာဉ်ရပ်နားစခန်း ကျား (၁၀)ဦး
- အသက်(၂၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်၊
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်၊
- စစ်မှုထမ်းဟောင်း (သို့) ရဲမှုထမ်းဟောင်းများဦးစားပေးမည်၊

(ဆ) သန့်ရှင်းရေး ကျား/မ (၁၀)ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်၊
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်၊
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်၊

(ဇ) ထမင်းချက် မ (၃)ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်၊
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်၊
- အိမ်ထောင်မရှိသူဖြစ်ရမည်၊

(ဈ) ယာဉ်မောင်း (Driver) ကျား (၃)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်၊
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်၊
- လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်၊
- ကားကြီး၊ ကားလေးမောင်းနိုင်ရမည်၊
- ကျန်းမာရေးကောင်းမွန်ပြီးမူးယစ်ဆေးဝါးမှီဝဲသုံးစွဲသူမဖြစ်စေရ၊
- အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ရမည်၊

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်၊

(က) ရုံးအတွင်းရေးမှူး (Office Secretary) ကျား/မ (၄)ဦး
- အသက်(၂၁)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်၊
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်၊
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်၊
- အင်္ဂလိပ်ဘာသာစကားအရေးအဖတ်ကျွမ်းကျင်ရမည်၊
- အိမ်ထောင်မရှိသူဖြစ်ရမည်၊

(ခ) ကွန်ပျူတာကျွမ်းကျင်သူ ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်၊
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်၊

(ဂ) စာရင်းကိုင်/စာရင်းစစ် ကျား/မ (၆)ဦး
- အသက်(၂၁)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်၊
- စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်၊
- CPA,DA,LCCI III တစ်ခုခုအောင်မြင်ပြီးသူ ဖြစ်ရမည်၊
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊

(ဃ) ဧည့်ကြို (Receptionist) ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်၊
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်၊
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊
- အင်္ဂလိပ်ဘာသာစကားရေးနိုင်၊ ပြောနိုင်ရမည်၊
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်၊

(င) Hotel Waiter ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်၊
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊

(စ) Housekeeping ကျား/မ (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်၊
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊

(ဆ) Hotel Cook/ Assistant Cook ကျား (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်၊
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်၊

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူ ဖြစ်ရမည်၊ လျှောက်ထားလိုသူများသည် (၆ . ၅ . ၂၀၁၆) ရက်နောက်ဆုံးထား၍ ပတ်စပို့ဓါတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မှရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက်မှရင်းများနှင့်အတူ လိုအပ်သော အထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃၊သိမ်ကြီးဈေး (D) ရုံ ရွှေတိဂုံဘုရားလမ်း၊လသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

(စနေနေ့နှင့်တနင်္ဂနွေနေ့များတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။)

(ယခင်လျှောက်ထားပြီးသူများ ပြန်လျှောက်ရန်မလိုပါ။)

- မန်နေဂျာ၊ ဒု-မန်နေဂျာ၊ လျှပ်စစ်/လေအေးစက်၊ ပြစက်၊ ရောင်း/သိမ်း၊ ရုံးအတွင်းရေးမှူး၊ ဧည့်ကြို၊ Waiter, Housekeeping,Hotel Cook, စာရင်းကိုင်၊ ကွန်ပျူတာဝန်ထမ်း လျှောက်ထားသူများအား (၇ . ၅ . ၂၀၁၆) ရက် (စနေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း၊

- လ/ထမန်နေဂျာ၊ တန်းပြ၊ မုန့်ဆိုင်အရောင်း၊ လုံခြုံရေး၊ ကားပါကင်၊ ယာဉ်မောင်း (Driver) ထမင်းချက်၊ သန့်ရှင်းရေး ဝန်ထမ်းလျှောက်ထားသူများအား (၈ . ၅ . ၂၀၁၆)ရက် (တနင်္ဂနွေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ရန်ကုန်မြို့။)

## မြန်မာ့ရုပ်မြင်သံကြား News Channel

၂၇-၄-၂၀၁၆(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၅ - မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာ စကားဝိုင်း (လက်လီလုပ်ငန်းဖြင့် ကိုယ်ပိုင်စီးပွားရေး တစ်ခုစတင်ခြင်း) (အပိုင်း-၁)

၁၁း၁၅ - **အဓိပ္ပာယ်ရှိသော လက်ကလေးများ**

၁၂း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ

**ရွှေထီးဆောင်းမိသားစု** (အပိုင်း-၇)

၁၃း၅၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ

**ညပိုင်း**

၁၅း၄၅ - AFC Cup 2016 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Ayeyawady United Vs Johor Darul TA'ZIM)

၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ

- မှတ်မှတ်သားသားပုံပြင်များ

**ခက်တင်မောင်းနှင်း** (ဘလိတ်၊ စောမြတ်နိုး၊ စောယုနန္ဒာ) ဒါရိုက်တာ-သီတာလင်း)

- ဂီတသမား၊ ဂီတစကား (မြဝတီမင်းကြီးဦးစ၏ အထူးထူးငယ်နှင့် ပတ်ပျိုး) (ဂီတစာဆို ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မေ ၂၆ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၆ ခုနှစ် မေ ၂၆ ရက် (အင်္ဂါနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၃၅၀၀ |
| ၂။ | ဇီရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၅၀၀ မှ ၂၃၅၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတိုး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၅၀၀ မှ ၂၇၅၀၀ |
| ၅။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၅၀၀ မှ ၂၄၀၀၀ |
| ၆။ | ပြောင်းဆန် | | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀ မှ ၄၆၅ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၆၉၀၀၀၀ |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၅၀ မှ ၁၇၈၅ |
| ၉။ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၃၅ မှ ၁၆၃၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်တွင်း၊ မြစ်သား၊ အောင်လံ၊မြင်းခြံ၊ ပခုက္ကူ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၅၀ မှ ၆၅၀ |
| ၁၁။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀၀ မှ ၄၀၅၀ |
| ၁၂။ | ကြက်သွန်ဖြူ | ရှမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၈၀၀ |
| ၁၃။ | ငရုတ်(ရှည်) | ကျောက်ရဲ၊ဝါးခယ်မ၊ရွှေလောင်း၊ ပန်းတနော်၊ အိမ်မဲ၊ ဇီယက်နမ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၆၀၀ |
| ၁၄။ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀ မှ ၇၀၀ |
| ၁၅။ | သရက်သီး(စိန်တစ်လုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၅၀၀၀ |
| ၁၆။ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀၀ မှ ၁၃၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။ | | | | | |

# AFC Cup ပြိုင်ပွဲအကြို သတင်းစာရှင်းလင်း

**ရန်ကုန် မေ ၂၆**

၂၀၁၆ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်(၅)အဖြစ် ယှဉ်ပြိုင်ကစားမည့် ဧရာဝတီအသင်းနှင့် မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်းတို့၏ ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက MFF ရုံး၌ ပြုလုပ်သည်။

ဧရာဝတီအသင်း နည်းပြချုပ် ဦးကျော်လွင်က "ကျွန်တော်တို့အသင်းက နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးနည်းနေပြီဆိုပေမယ့် အကောင်းဆုံးရလဒ်တစ်ခု ရယူနိုင်အောင် ကြိုးပမ်းသွားမှာပါ။ ပထမအကျော့က ဂျိုဟိုဒါရူးလ်အသင်းကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် အခု ဒုတိယအကျော့မှာတော့ ဒါမျိုးအဖြစ်ခံမှာ မဟုတ်ပါဘူး။ သူတို့ရဲ့အားသာချက်တွေကို ပိတ်ဆို့ဟန့်တားနိုင်အောင် ပြင်ဆင်ပြီးသွားပါပြီ။ ရလဒ်ကောင်းတစ်ခုရယူနိုင်မယ်လို့ ယုံကြည်ထားပါတယ်" ဟု ပြောကြားခဲ့သည်။ ယခုပွဲတွင် ဧရာဝတီအသင်းခေါင်းဆောင် မင်းမင်းသူနှင့်နောက်ခံလူ ဖြိုးကိုကိုသိန်းတို့မှာ ပွဲပယ်ပြစ်ဒဏ်များကြောင့် ပါဝင်နိုင်မည်မဟုတ်ပေ။

ဂျိုဟိုဒါရူးလ်အသင်းနည်းပြချုပ် မာရီယိုဂိုးမက်ဇ်က "လာမယ့်တစ်ပတ်မှာ ပြည်တွင်းလိဂ်ပွဲစဉ်က အရေးကြီးနေတာကြောင့် အမာခံကစားသမားတချို့ကို ချန်ထားခဲ့ပါတယ်။ လူငယ်ကစားသမားတွေကို ဦးစားပေးအသုံးပြုမှာ ဖြစ်ပေမယ့် အနိုင်ရလဒ်အတွက်ပဲ ယှဉ်ပြိုင်ကစားသွားမှာပါ။ ချန်ပီယံဆုကာကွယ်နိုင်ဖို့အတွက် အလွန်ခက်ခဲမှာပါ။ ဒါပေမယ့် တစ်ဆင့်ချင်း ကြိုးပမ်းရမှာဖြစ်ပြီး အရင်ဆုံးအနေနဲ့ အုပ်စုပထမရဖို့ကြိုးပမ်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။ ဂျိုဟိုဒါရူးလ်အသင်းသည် ပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင် လေးပွဲစလုံးအနိုင် ရရှိကာ ရှုံး/ထွက်အဆင့် တက်ရောက်သွားပြီဖြစ်သည်။

ဧရာဝတီအသင်းနှင့် ဂျိုဟိုဒါရူးလ်အသင်းတို့သည် မေ ၂၇ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမအကျော့က ဧရာဝတီအသင်းသည် အဝေးကွင်း၌ ရှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ တခြားပွဲစဉ်ဖြစ်သည့် တောင်တရုတ်အသင်းနှင့် ရန်ကုန်အသင်းတို့မှာ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဟောင်ကောင်၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**



ဧရာဝတီနှင့် ဂျိုဟိုဒါရူးလ်အသင်းနည်းပြနှင့်ကစားသမားများအား ပွဲကြိုသတင်းစာရှင်းလင်းပွဲတွင် တွေ့ရစဉ်
ဓာတ်ပုံ-ဖိုးသော်ဇင်

## ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်း တတိယအကြိမ်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားစာ

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်း၏ တတိယအကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းသူအသင်းသားများအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစည်းအဝေးကျင်းပမည့်ရက်** - ၁၅-၅-၂၀၁၆ ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၁၀း၀၀ နာရီ

**ကျင်းပမည့်နေရာ** - ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ အင်းလျားကန်ရှိ ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်း အစည်းအဝေးခန်းမ

**အမှုဆောင်အဖွဲ့**

## ပျောက်ဆုံး

မောင်ဌေးဦး ၉/တကန(နိုင်)၂၂၃၁၈၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၂၈၇၅၉၃**

## ပျောက်ဆုံး

မောင်သက်မင်းဦး ၉/တကန(နိုင်)၁၄၆၇၇၃ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၅၂၈၇၅၉၃**

## ဖခင်အမည်မှန်

ပြည်ခရိုင်၊ သဲကုန်းမြို့၊ အထက၊ န၀မတန်း(A)မှ မနှင်းယုလွင်၏ ဖခင်အမည်မှန်မှာ ဦးအေးလေး ၇/သကန(နိုင်)၀၃၁၉၀၇ ဖြစ်ပါကြောင်း။

**ဦးအေးလေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၅၅၂၁ Hyundai Shella ဆလွန်းယာဉ်လက်ဝယ်ရှိသူ ဒေါ်မို့မို့ထွန်း ၇/ပမန(နိုင်)၀၃၁၁၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)**

## ပညာပါရမီ တက္ကသိုလ်နှီးဆော်လွှာ

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိ၍ ရွာတိုင်းရွာတိုင်း၌ အနည်းဆုံး ဘုန်းကြီးကျောင်းတစ်ကျောင်းတော့ရှိသည်။ သွားကြည့်ပါ။ ကျောင်းသားမရှိ၊ ကိုရင်မရှိ။ ဘာကြောင့်လဲ ကလေးတွေလိုချင်သည့် အင်္ဂလိပ်စာနှင့် သင်္ချာကို သင်မပေးနိုင်လို့ဖြစ်သည်။

ပညာပါရမီတက္ကသိုလ်က ဓမ္မာစရိယအောင်ပြီးသော ရဟန်းတော်များအား အင်္ဂလိပ်စာ အေ၊ ဘီ၊ စီမှစ၍ 4 Skills ဖြစ်အောင် ၁-၅-၂၀၁၆ရက်မှ ၁၅-၁၀-၂၀၁၆ ရက်အထိ အခမဲ့ သင်ပေးနေပြီ။ ဒီပလိုမာ လက်မှတ်ချီးမြှင့်မည်။ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဘုံဘေကျောင်း။

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်အုတ်စက်ရုံ၏ ကုန်ထုတ်လုပ်ငန်းအတွက် လောင်စာအဖြစ်အသုံးပြုရန်လိုအပ်သည့် ကျောက်မီးသွေးတန်(၄၀၀၀)အားမြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါပုံစံထုတ်ပေးမည့်ရက်** -၂၇-၄-၂၀၁၆ရက်

(ခ) **တင်ဒါပိတ်မည့်ရက်** -၃-၅-၂၀၁၆ရက်

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** -နေပြည်တော်အုတ်စက်ရုံ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းထုတ်ယူနိုင်ပါသည်။

- **ဘီလပ်မြေနှင့်အုတ်အရောင်းဌာနခွဲ၊** မြို့တော်ခန်းမ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဖုန်း-၀၆၇-၄၃၂၃၁၂
- **နေပြည်တော်အုတ်စက်ရုံ၊** ပျဉ်းမနား-တောင်ညိုကားလမ်း၊ မိုင်တိုင်(၁၆)မိုင်(၄)ဖာလုံ မင်းကုန်းကျေးရွာအနီး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၉-၃၁၀၂၀၂၀၆

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာနတွင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းအကြောင်းအရာ | အရေအတွက် |
|---|---|---|
| (က) | ဒလမြို့၊ သမတကမ်းခြေဝန်ထမ်းမိသားစု ရပ်ကွက်တွင် 315 KVA Transformer တပ်ဆင်ခြင်းလုပ်ငန်း | 1-Lot |
| (ခ) | လမ်းမတော်၊ ပန်းဆိုးတန်းနှင့် ဗိုလ်တထောင်ကမ်းနား တစ်လျှောက်Public Area တွင် ညအချိန် မီးအလင်းရောင် လုံလောက်စွာရရှိရန် ပြုပြင်မွမ်းမံခြင်းလုပ်ငန်း | 1-Lot |

**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊ အချိန်** - ၁၁-၅-၂၀၁၆ ရက် ၁၅း၀၀နာရီ

**တင်ဒါပုံစံနောက်ဆုံးတင်သွင်းရမည့်ရက်၊အချိန်** - ၁၂-၅-၂၀၁၆ ရက် ၁၂း၀၀နာရီ

၂။ တင်ဒါပုံစံများကို ၂-၅-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် အချက်အလက်များကို စီမံရေးနှင့်လုပ်ငန်းဌာနခွဲ ဖုန်း-၀၁-၈၆၁၀၂၂၅သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံတရားဝင် ဝယ်ယူထားသူများထံမှ တင်ဒါကိုသာလက်ခံပါမည်။

**စီမံရေးနှင့် လုပ်ငန်းဌာနခွဲ**
**သိမ်ဖြူသင်္ဘောကျင်းဝင်း**
**အမှတ် ၅၅၇/၅၅၉၊ ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရခိုင်ပြည်နယ်မြို့နယ်အသီးသီးရှိ ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၄၀၀ဗို့ဓာတ်အား လိုင်းများ၊ ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများနှင့် ပြည်နယ်အရန်ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းများအား ပုတ်ပြတ် (Turn Key)စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအတွက် ချိပ်ပိတ်ဈေးနှုန်းများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၉-၄-၂၀၁၆ ရက်

**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၅-၂၀၁၆ရက် မွန်းတည့် ၁၂း၀၀နာရီ

၂။ တင်ဒါပုံစံများအား လျှပ်စစ်၊စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါကြောင်းနှင့် တင်ဒါပုံစံ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဖုန်း-၀၉-၅၆၈၀၆၃၅၊ ၀၄၃-၂၂၅၉၁ တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဖခင်အမည်မှန်**

ကန့်ဘလူမြို့နယ်၊ ကျီကျင်း အလက (ခွဲ) ပဉ္စမတန်းမှ မောင်သူရဇော်နှင့် မအိအိထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးကံလွင်ခိုင်ဖြစ်ပါသည်။

**ဦးကံလွင်ခိုင်**

## လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ လိုင်စင်လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာချက်

* တံဆိပ်ခေါင်းလိုအပ်သူများ လိုအပ်သည့်အချိန် ဝယ်ယူနိုင်စေရေးအတွက် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူများကို ခွင့်ပြုလိုင်စင် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

* လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားသူသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရန် လိုအပ်ပါသည်-

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
- ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန် အရည်အချင်းရှိသူဖြစ်ရမည်။
- အနည်းဆုံး အခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- အသက်(၁၈)နှစ်ပြည့်ပြီး (၆၀) ထက်မကျော်လွန်သူဖြစ်ရမည်။
- ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

* အထက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်၍ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ဆောင်ရွက်လိုသူသည် မိမိ၏အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်း ရောင်းချခြင်းပြုမည့်နေရာ သို့မဟုတ် ဆိုင်၏လိပ်စာတို့ကို ဖော်ပြ၍ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ စာဖြင့် လျှောက်ထားနိုင်ပါသည်။

* လျှောက်ထားသူများသည် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ကျင်းပပြုလုပ်မည့် ရုံးခွန်၊ တံဆိပ်ခွန်နှင့် သက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများဆိုင်ရာ ရက်သတ္တပတ်သင်တန်းကို အချိန်ပြည့်တက်ရောက်၍ အရည်အချင်း ဆန်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရပါမည်။

* ဖြေဆိုအောင်မြင်သူများ၏ အမှတ်အများဆုံးရရှိသူများကို မြို့နယ်အလိုက်သတ်မှတ်ထားသည့် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူ အရေအတွက်အလိုက် လိုင်စင်ရ တံဆိပ်ခေါင်း ရောင်းချခွင့်ရသူအဖြစ် လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

* လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူသည် တံဆိပ်ခေါင်းရောင်းချခြင်းဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဖြစ်ပါသည်။

* လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူသည် ဝယ်ယူသည့် တံဆိပ်ခေါင်းတန်ဖိုး၏ ၄ ရာခိုင်နှုန်းကို လျှော့နှုန်းအဖြစ် ခံစားခွင့်ရှိပါသည်။

* တံဆိပ်ခေါင်းများကို လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူမှအပ အခြားမည်သူမျှ ရောင်းချခွင့်မရှိပါ။

* ရာထူးအလျောက် တံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း၊ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအဖြစ်လည်းကောင်း ခန့်ထားခြင်းမရှိသူသည် ကျပ်တစ်ဆယ်တန် ကပ်တံဆိပ်ခေါင်းမှအပ အခြားတံဆိပ်ခေါင်းတစ်စုံတစ်ရာကို ရောင်းချလျှင် ထောင်ဒဏ် ၆ လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်သိန်း သို့မဟုတ် ဒဏ်နှစ်ရပ်လုံးချမှတ်ခြင်းခံရမည်ဖြစ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

ထင်သာမြင်သာ ပြုပြင်စရာ

# ဆွေးမြည့်ကျိုးပေါက်နေသောတံတား အမြန်ပြင်ပေးစေလို

တိုက်ကြီးမြို့ အိုးတန်းရပ် နတ်စဉ်လမ်းတွင် စည်ပင်သာယာမှ တာဝန်ယူဆောက်လုပ်ထားသော တံတားမှာ ယခုအခါ အခင်းများပျက်စီးကျိုးပေါက်နေသည်မှာ ကြာပြီဖြစ်၍ တံတားပေါ်တွင် သွားလာနေကြသော ကား၊ ဆိုင်ကယ် စက်ဘီးများ ကျွံကျခြင်းတို့ဖြစ်ပေါ်လျက်ရှိပါသည်။

"ဒီတံတားက မိုးတွင်းထဲက ကျိုးတာပါ။ ညဘက်ဆိုရင် ဆိုင်ကယ်၊ ကား၊ စက်ဘီးတွေ ခဏခဏ ပြုတ်ကျတယ်။ ကုန်ကားတွေ ကုန်နဲ့ဖြတ်တော့ပိုကျိုးတာပေါ့။ တာဝန်ရှိသူတွေကိုပြောတော့ စည်ပင်သာယာ ဘတ်ဂျက်မကျသေးလို့ ပြောတယ်။ ကျွန်တော်တို့ကတော့ အမြန်ပြင်ပေးစေချင်ပါတယ်" ဟု ရပ်ကွက်နေသူတစ်ဦးက ပြောသည်။



နတ်စဉ်လမ်းတံတားပေါ်တွင် ဂဝံကားများ ၊ အခြားကုန်တင်ကားများ ဖြတ်သွားမှုကြောင့် ဝန်နှင့် တံတားခံနိုင်အား မမျှတမှုကြောင့် ပျက်စီးခြင်းဖြစ်သည်။ နွေရာသီဖြစ်၍ မီးဘေးအန္တရာယ် ကြုံတွေ့ပါက လည်း မီးသတ်ကားများ မသွားလာနိုင်သဖြင့် ရပ်ကွက်နေ ပြည်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ပြည်သူများ အထိတ်တလန့်ဖြစ်စေမည့် ဆူညံဆိုင်ကယ် ၁၀ စီးကို ဖမ်းဆီးအရေးယူ

**ရမည်းသင်း ဧပြီ ၂၆**

သင်္ကြန်ကာလမတိုင်မီ တစ်ပတ်ခန့်က အမှတ်(၉၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်ဇော်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီမှ ရဲအုပ်သက်ထွန်းနိုင်၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မထသကော်မတီဝင်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကော်မတီဝင်များသည် မြို့တွင်းရှိ ဆိုင်ကယ်ပြင်ဆိုင် ၁၈ ဆိုင်တို့ကို သင်္ကြန်ကာလအတွင်း ဆိုင်ကယ်များ ပါဝါအိတ်ဇောဖြုတ်ခြင်း၊ ပြောင်းရှည်များ ဖြုတ်ခြင်းနှင့် ဆူညံဟွန်းတီးသံများ မပြုလုပ်ရန် ပညာပေးဟောပြောခဲ့ကြပြီး လက်မှတ်များ ထိုးခဲ့ကြသည်။

ဆိုင်ကယ်ပြုပြင်ရေးဆိုင်များက စည်းကမ်းများ လိုက်နာပြီး ဆောင်ရွက်ပေးကြသော်လည်း ဆိုင်ကယ်စီးသူ လူငယ်များက မိမိတို့အစီအစဉ်ဖြင့် ဆိုင်ကယ်များကို ပါဝါအိတ်ဇောများတပ်ခြင်း၊ ပြောင်းတိုများတပ်ခြင်း၊ အထိတ်တလန့်ဖြစ်မည့် ဟွန်းသံများတပ်ဆင်ကာ စီးနင်းခဲ့ကြသဖြင့် ပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများ၊ ကလေးငယ်များ အထိတ်တလန့်ဖြစ်ခဲ့ကြရသဖြင့် ဥပဒေဖောက်ဖျက်ကျူးလွန်သူ၊ ဆိုင်ကယ်စီးသူ ၁၀ ဦးကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးက ဖမ်းဆီးခဲ့ကြသည်။

လူများကို အထိတ်တလန့် ဆူညံသံများ ပြုလုပ်ကာ စီးနင်းခဲ့ကြသူများအား ယာဉ်ထိန်းရုံးတွင်ခေါ်ဆောင်ကာ ပညာပေးဟောပြောခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ရှင်းပြခြင်းနှင့် သတ်မှတ်နှုန်းထား ငွေကြေးများဖြင့် ရုံးတင်တရားစွဲဆို ဒဏ်ငွေများ ပေးဆောင်သွားရမည် ဖြစ်ပြီး ယာဉ်လမ်းစည်းကမ်း ထိန်းသိမ်းရေးကော်မတီမှ နေ့စဉ်လိုလို စည်းကမ်းပျက် ဆိုင်ကယ်များကို ဖမ်းဆီးလျက်ရှိသဖြင့် ယခင်ကထက် အမှုများ လျော့နည်းသွားကြောင်း သိရသည်။

**ညွန့်ရွှေ (ရမည်းသင်း)**

# စိုက်ပျိုးမြေဆီလွှာပြုပြင်ရေးနှင့် ပိုးမွှားကာကွယ်ရေးလုပ်ငန်းစဉ်များအတွက် ပညာပေးဆောင်ရွက်

**နတ်မောက် ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် နွေစပါး၊ နွေနှမ်း၊ သီးနှံများ စိုက်ပျိုးထားရှိပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအတွင်း ပိုးမွှားရောဂါများကျရောက်မှုကြိုတင်သိရှိခြင်းဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ အချိန်မီဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် နွေစပါးစိုက်ခင်းများတွင် စိုက်ပျိုးရေးနှင့် အစိုဓာတ်ဆုံးရှုံးမှုများပြားပြီး တမန်းလယ်မြေများ တင်းမာ၍ ပေါင်းမြက်ပေါက်ရောက်ခြင်း၊ သွင်းအားစုများ အချိန်ကိုက်အချိုးကျထည့်သွင်းနိုင်ရေး အခက်အခဲများကြုံတွေ့ရကြောင်း၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များအတွင်း စိုက်ပျိုးမြေဆီလွှာ ပြုပြင်ရေးနှင့် ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များအတွက် ပညာပေးကွင်းဆင်းလုပ်ငန်း ဆောင်ရွက်ခြင်းနှင့်အတူ စိုက်ပျိုးသွင်းအားစုများ ပိုးသတ်ဆေးနှင့် ရွက်ဖျန်းအားဆေးရည်များ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ခဲ့ကြောင်း ဧပြီ ၂၃ ရက်က နတ်မောက်မြို့နယ် ဘုန်းတော်ပြည့်ကျေးရွာအုပ်စု လက်ပံတုံးကျေးရွာ တောင်သူဦးထိန်လင်း၏ နွေစပါး (ပုလဲသွယ်) စိုက်ခင်းတွင် စပါးဖျက်ပိုးများ ကာကွယ်နှိမ်နင်းရေးကို တောင်သူများနှင့်အတူ ပူးပေါင်း၍စုပေါင်းကာကွယ်ခဲ့ကြကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။



**ဥမ္မာခင်**

# ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင် ဧပြီ ၂၆**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ ကြီးကြပ်မှုဖြင့် ဧပြီ ၂၄ ရက် နံနက် ၆ နာရီက ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ မုပွန်နယ်မြေ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဇေယျာသီရိနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ မြိုင်သာယာနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ စက်မှုဇုန်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၅၀ ကျော်တို့သည် မော်လမြိုင်မြို့နယ် ဖက်တန်းရပ်ကွက်ရှိ မြိုင်ရတနာလေးထပ်ဈေးပတ်ဝန်းကျင်တွင်လည်းကောင်း၊ သာသနဗိမ္မာန်တော်ကြီး လမ်းတစ်လျှောက်တွင် လည်းကောင်း၊ အနောက်တပ်မြေလမ်းတစ်လျှောက်တို့တွင် နံနက် ၉ နာရီခွဲအထိ (ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့်)စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်း၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နိုင်သောင်းညွန့်တို့ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

**ကျော်သန်း(မော်လမြိုင်)**

## သတင်းတိုထွာ

### သူငယ်တန်း (KG) သင် ဆရာ ဆရာမဆင့်ပွားသင်တန်းဖွင့်

**လှိုင်းဘွဲ**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် သူငယ်တန်း (KG) သင် ဆရာ ဆရာမလေ့ကျင့်ရေးဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက်က အထက (လှိုင်းဘွဲ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးမောင်ထွန်းနှင့် ကော့ကရိတ်ခရိုင်ပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သိန်းက အမှာစကားပြောကြားကာ ဒုတိယမြို့နယ်ပညာရေးမှူးက သင်တန်းနှင့်ပတ်သက်သည့်ကိစ္စများအား ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ နည်းပြ ၂၀၊ လှိုင်းဘွဲမြို့နယ်အတွင်းရှိ ဆရာ၊ ဆရာမ ၅၆၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ဧပြီ ၂၄ ရက်က သူငယ်တန်းသင်ရိုးသစ် ဆရာ ဆရာမများ မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသား ဆရာ ဆရာမ ၄၂၀ တက်ရောက်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ချဉ်ဝါး၊ ဝါးပိုးများအရောင်းသွက်၍ လုပ်ကိုင်သူများ အဆင်ပြေ



**သီပေါ ဧပြီ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မိုးတေ၊ ချောင်းဆုံ၊ ဆွန်လုံ၊ ဟာလင့်စသည့် ကျေးရွာများမှထွက်ရှိသော သစ်တောထွက်ပစ္စည်းများဖြစ်ကြသည့် ချဉ်ဝါး၊ ဝါးဖြူနှင့် ဝါးပိုးဝါးများကို ပွင့်လင်းရာသီတွင် အိမ်ဆောက်ရာ၌ တွင်ကျယ်စွာ သုံးစွဲလာလျက်ရှိသည်။

အဆိုပါသစ်တောထွက်ပစ္စည်းများဖြစ်ကြသည့် ဝါးများကို အနည်းဆုံးဈေး တစ်လုံးလျှင် ငွေကျပ် ၃၅၀ မှ အများဆုံးငွေကျပ် ၈၅၀ အထိ ဈေးရရှိပြီး ဝါးခုတ်လုပ်ငန်းလုပ်ကိုင်သူများက ဒုဋ္ဌဝတီမြစ်ကြောင်းအတိုင်းမျှောကာ သီပေါမြို့ ဈေးရပ်ကွက် ဒုဋ္ဌဝတီဆိပ်ကမ်းတွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လျှပ်စစ်မီးတိုင်များ အသစ်တပ်ဆင်ပေး

**စလင်း ဧပြီ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဝက်သည်းကန် ဘုရားလမ်းမှာ ညဘက်တွင် ဘုရားဖူးများစည်ကားစွာသွားလာသောလမ်း ဖြစ်သည်။ အဆိုပါလမ်းသည် ယခင်က လျှပ်စစ်မီးတိုင်များကို သစ်သားတိုင်များဖြင့် စိုက်ထူထားခဲ့ရာ သက်တမ်းကြာမြင့်ပြီဖြစ်၍ တိုင်များမှာ ဆွေးမြည့်ပျက်စီးခြင်းများဖြစ်ပေါ်လျက်ရှိရာ မြို့နယ်လျှပ်စစ်ဌာနမှ ဧပြီ ၂၄ ရက်က သံကူကွန်ကရစ်မီးတိုင်များဖြင့် အစားထိုးစိုက်ထူပေးခဲ့ခြင်းကြောင့် ဘုရားဖူးပြည်သူများ ညဘက် စိတ်ချမ်းမြေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay'အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် " ၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော " ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ကျုံးလမ်း မျက်နှာဖုံးအောက်က ၆၆ လမ်း

**ဆူးငှက်**



***ယခင်ပတ်မှအဆက်***

***အဲဒီအချိန်မှာကို ညကြေး အစိတ်ရပါသဗျ ...။ နောက် ... ဇာတ်တွေလည်း တဖြည်းဖြည်း ခွင်ကျဉ်းကုန်...၊ ကျုပ်မင်းသမီးရုပ်လေးလည်း ထုံးစံအတိုင်း ထန်းခေါက်ဖာထဲ ပြန်အိပ်ရရော ...။ ဒါပေမယ့်ဗျာ...အင်း...ပြောရမှာ ရှက်လည်းရှက်...၊ ရင်လည်းနာပါရဲ့...။ ကျုပ်လေ...ကျုပ်...မင်းသမီးရုပ်လေးကို ငွေတစ်ထောင်နဲ့ရောင်းစားလိုက်ရပါတယ်ဗျာ...။ ဟော ...အခုလို ရုပ်သေးပညာကို တကယ်လေးစားတန်ဖိုးထားပြီး တကူးတကန့် သိချင်ကြတဲ့သူတွေ ရှိလာတော့ ကျုပ်မှာက ပြစရာအရုပ်လေးတစ်ရုပ်တောင် မရှိတော့ပါဘူးဗျာ..." တဲ့။***

ကျွန်တော်တို့လည်း ဘာမျှမပြောနိုင်ဘဲ ငိုင်ကျသွားလေတော့၏။ မတတ်နိုင်. . .။ စိတ်မကောင်းကြရုံလွဲ၍ ဘာမျှမတတ်နိုင်. . .။

ထိုအခါ ရုပ်သေးဆရာကြီးသည် ပြုန်းခနဲ မတ်တပ်ရပ်လိုက်ပြီး. . .

" ကဲ. . . အရုပ်မရှိလည်း ကျုပ်ရှိနေတာပဲဗျာ. . .၊ ကျုပ်ကိုယ်တိုင် အရုပ်လိုကပြမယ်. . ."ဟုဆိုကာ အပေါ်မှာ ဝတ်ထားသော တိုက်ပုံကိုချွတ် . . .၊ ပေါင်းထားသော ခေါင်းပေါင်းကို ဖြုတ်၊ ပုဆိုးကိုပြင်ဝတ်လိုက်သည်။ ထို့နောက် လက်ကလေးကို မြှောက်တဲ့ပြီး. . .

"သဘောမှတ်ကြစေဖို့ ကျောတတ်ပါတဲ့ ရစ်ရွှေရောင်ရယ်. . . ရစ်ရွှေရောင်ရယ် . . . မူရာကို ပူတာ သူလာလို့ ဆွတာကြောင့် သူနာကတော်ကြောင်ပါတဲ့ ကိုဇာကြောင်ပါတဲ့ကို ကျွန်မကို ရှင်ပူလေအောင်လို့ ပျိုသန့် မယားကို ရှင်ပူလေအောင်လို့ သခင်ရွှေရောင် အပေါ်ယံကျောရယ်၊ ကျောရယ် သခင်ရွှေရောင် အပေါ်ယံကျောရယ်၊ ကျောရယ်၊ နားလှည့်လို့ ပြောခဲ့တာကြောင့် . . . မှားခဲ့ပါပြီကော. . .။ မမသန့်နော်ရှင်. . .၊ ချိုချိုသာသာ သုံးလိုက်ပါတော့ . . .၊ အစ်ကိုခါခါမမုန်းလိုက်ပါနှင့်လင်ရယ် ခင်ရယ် လင်ရယ် ခင်တွယ်၊ ပျိုမယ် ဇနီးဝယ် အဆိုတကယ်မှီးတယ်၊ ကိုကြွယ်ကြီးရယ် ကြင်ပါကွယ်. . ." ဆိုတဲ့ ရုပ်သေးမင်းသမီးသီချင်းကို အသံနေအသံထားနှင့် သီဆိုလိုက်သည်။ ထိုအခါ ကျွန်တော်တို့က အားလုံး အံ့အားသင့်သွားကြ၏။ ထို့နောက် ရုပ်သေးမင်းသမီးလေးလို ခါးလေးညွတ်၊ ခေါင်းလေးမော့ကာ ပါးစပ်ဆိုင်းနှင့် ကျကျနနကပြပါတော့သည်။ အကပိုဒ်တွေမှာဟောဒါက ဒူးကြိုးဆွဲသဗျ။ ဒါက တံတောင်ကြိုးဆွဲသဗျ စသည်ဖြင့် ရှင်းပြ၏။ ကျွန်တော်တို့သည် ထိုင်နေသော ဆက်တီခုံများမှ မတိုင်ပင်ရဘဲ ကြမ်းပေါ်ဆင်းထိုင်ပြီး ပါးစပ်ဆိုင်းချက်မှာ လက်ခုပ်တီးနေမိသည်။ ရင်ထဲမှာ ဆို့တက်လာပြီး မျက်ရည်တွေဝိုင်းလာမိပါသည်။

အသက် ၆၀ ကျော်အရွယ် အဘိုးကြီးတစ်ဦးက ပါးစပ်ဆိုင်းဖြင့် ဆိုလိုက်၊ ပြောလိုက်၊ ကပြလိုက်နှင့် ပတ်ဝန်းကျင်ကို မေ့လျော့ပြီး သူ့အနုပညာအပေါ် စိတ်ပါလက်ပါ တန်ဖိုးထားနေမှုအပေါ် ကျွန်တော်တို့သည် ဝမ်းနည်းဝမ်းသာ ဖြစ်နေကြသူချည်းဖြစ်ပါသည်။ ရုပ်သေးဆရာကြီးက ရုပ်သေးမင်းသမီးရုပ်လေးလို ကပြနေတော့ အကဆရာမလေးကလည်း လူက အရုပ်ကို တုပကပုံ အရုပ်ကြိုးအကဖြင့် ပါးစပ်ဆိုင်းချက်မှာ ဝင်ကပြသည်။

သြော်. . . ရှားပါးစွာ ကြုံဆုံကြရပြီး မထင်မှတ်ဘဲ အဖိုးတန်စကားတွေ၊ အတွေ့အကြုံတွေ အဆိုအပြော. . . အကအပြတွေ ပြောဆိုကပြနေကြမှုအပေါ် ကျွန်တော်တို့သည် တစ်စုံတစ်ရာ မှတ်တမ်းမတင်လိုက်နိုင်မိ. . .။ မှတ်တမ်းတင်ရန် ကင်မရာတစ်လုံး၊ ကက်ဆက်တစ်လုံးသည် ကျွန်တော်တို့မှာ မရှိ။ ရှိအောင်လည်း မစီစဉ်နိုင်ခဲ့. . .။

ထို့နောက် အကဆရာမလေးက တေးထပ်တစ်ပုဒ်ဖြင့် မင်းသမီးအကကို အဆစ်အကျိုးကျအောင် ကပြသည်။ သည်တေးထပ်ကိုပဲ ရုပ်သေးဆရာကြီးက အရုပ်လေးလို အကျအန ကပြသည်. . .။ အနုပညာ တွေ တောက်စားခဲ့ကြပုံများ. . .။

ကျွန်တော်သည် ပုသိမ်ကြီးဆရာများနှင့် လက်ဖက်ရည်ဆိုင်စားပွဲပေါ်မှာ ရုပ်သေးအကြောင်း ပြောဖြစ်ကြတော့ အတွေးတွေက အတိတ်ဆီ ပျံ့လွင့်သွားခဲ့၏။ လွမ်းဆွတ်တသနေမိ၏။

ပုသိမ်ကြီး ဆရာများက 'ရွှေမင်းဂံ' မဂ္ဂဇင်းအရှိန်နှင့် စုစုစည်းစည်းဖြစ်နေကြကာ အနုပညာပိုးတွေ တရွရွ တက်နေချိန်ဆိုတော့ . . .၊ သူတို့သည် ရုပ်သေးသဘင်ကို ပြန်လည်ဖော်ထုတ်ဖို့ ဆုံးဖြတ်လိုက်ကြတော့သည်။

ထိုအခါ တရုတ်တန်းက ရုပ်သေးသုတေသီပညာရှင် ဒေါက်တာတင်မောင်ကြည်ထံသို့လည်း သွားကြသည်။ ၆၆ လမ်းပေါ်က မန္တလေးရုပ်စုံ ဦးသန်းညွန့်၊ ဒေါ်မမနိုင်တို့ထံလည်းသွားကြ၏။ သက်ဆိုင်ရာများသို့လည်း ဝင်ထွက် အကူအညီတောင်းကြ၏။ ထို့နောက် ဆင်ရွာကြီးက၊ သစ်ချိုကုန်းက၊ ပုသိမ်ကြီးက သက်ရှိထင်ရှား ရုပ်သေးပညာရှင်ကြီးများထံ စုစည်းချဉ်းကပ်ကြသည်။

ထိုအချိန်တွင် ရုပ်သေးမင်းသား ဦးအောင်မင်းစိန်က မျက်စိနှစ်လုံးကွယ်နေပေပြီ။ မင်းသားကြီး ဦးဘမြိုင်က အသက် ၈၆နှစ် ရှိနေပြီ။ လူရွှင်တော်ကြီး ဦးဇင်ယော်က ၇၅ နှစ်၊ လူကြမ်း ဦးမိုးညိုပင် အသက် ၆၀ ရှိနေပြီတဲ့. . .။

ပညာရှင်ကြီးများက ရုပ်သေးပြန်ကကြရတော့မည်ဆိုတော့ အိပ်ရာထဲက လူးလဲထကာ. . . ဒေါင်ဒေါင်မြည်ကျန်းမာကုန်ကြ၏။ ခေါင်းပေါင်းထပေါင်း ပုဆိုးပြင်ဝတ်ကြ၏။ ကျက်မှတ်ထားသော ဇာတ်ထုပ်ဇာတ်လမ်းတွေ ခေါင်းထဲအစီအရီ ပေါ်လာတော့သည်။ ငယ်မူငယ်သွေးတွေက အိုမင်းရင့်ရော်မှုကို တွန်းထိုးနေရာယူလိုက်ကြသည်။ မျက်စိနှစ်လုံးကွယ်နေသော မင်းသားအောင်မင်းစိန်လည်း အသက် ၇၀ နီးပါး အိုကြီးအိုမ ရောက်ပါမှ. . .။

"မြန်မာပြည် သာကီစပါတဲ့ . . . နရပြည် ဌာနီကပါဗျာ. . . သာကီရရယ်တဲ့. . . သာကီရရယ်တဲ့. . . နွယ်တော်စင်. . ."ထဆိုသည်။ ဤသို့ဖြင့် ပုသိမ်ကြီးဆရာများသည် ရွှေမင်းဂံမဂ္ဂဇင်း ပြုလုပ်နေဆဲ တန်းလန်းမှာပင် ၁၉၉၄ ခု အောက်တိုဘာ ၁၁ရက်၊ ၁၂ရက်နေ့များ၌ ရန်ကင်းတောင်ခြေ ဇာတ်ရုံကြီးတွင် ရွှေမင်းဂံရုပ်စုံပွဲ (Shwe Min Gan Marionettes) ကိုစုစည်းကပြ လိုက်ကြ၏။ သက်ကြီးရွယ်အို ရုပ်သေးပညာရှင်ကြီးတွေ စုစည်းပြီး ရုပ်သေးတကယ်တမ်း ကပြကြတော့မယ်ဆိုတော့ အရုပ်ကမရှိ. . .။ ထို့ကြောင့် ဒေါက်တာတင်မောင်ကြည်နှင့် ဦးသန်းညွန့်၊ ဒေါ်မမနိုင်တို့ပါ ပူးပေါင်းပါဝင်ပြီး သူတို့၏အရုပ်များဖြင့် ရွှေမင်းဂံရုပ်စုံသဘင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။

ကျွန်တော်တို့ကို ထိုညများ၌ ပုသိမ်ကြီးဆရာများက လာရောက်ခေါ်ဆောင်ကာ ရွှေမင်းဂံရုပ်စုံပွဲကို ပြသသည်။ ရုပ်သေးနှင့်ပတ်သက်သော စာရွက်စာတမ်း၊ ဓာတ်ပုံများအပြင် နိုင်ငံတကာ၏ မြန်မာ့ရုပ်သေးအပေါ် အမြင်. . . ဆောင်းပါးများ၊ လက်ကမ်းစာစောင်များ၊ စာအုပ်စာစောင်များကိုပါ ထိုဇာတ်ရုံကြီး၌ခင်းကျင်းပြသထားသဖြင့် အဆင့်အတန်းမြင့်ရုပ်စုံပွဲကြီးဖြစ်ပါ၏။

မန္တလေးမြို့ပေါ်ရှိ လက်ကျန်ရုပ်သေးပညာရှင်ကြီးများလည်း ထိုပွဲမှာ ပါဝင်ဆင်နွှဲကြသဖြင့် ရုပ်သေးပညာရှင် အစုံလင်ဆုံးပွဲကြီးလည်း ဖြစ်ပါသည်။

ထိုပွဲကြီးကိုလည်း ပုသိမ်ဆရာကြီးများ ဗီဒီယိုမှတ်တမ်းတင်ဖြစ်လေသည်လား မပြောတတ် . . .။ ကျွန်တော်တို့ကား မှတ်တမ်းမှတ်ရာ ကိစ္စ၌ ပေ့လျော့ကြသည့် အကျင့်ပါနေကြသူများ မဟုတ်ပါလား . . .။

ရန်ကင်းဇာတ်ရုံကြီးထဲတွင် ကတ္တီပါကားလိပ်နီကြီးချထားသည့် ဇာတ်စင်ရှေ့၌ ရွာစား ဗိုဗဒင်းက ခုနစ်သံချိုကို တီးခတ်နေသည်။ ကျွန်တော်ကား ငယ်စဉ်က ကြည့်ခဲ့ရဖူးသည့် ဝါးတန်း . . . ကထိန်ရုပ်သေးပွဲကို သတိရနေသည်။ ဖရဲသီးသည်တွေ နေရာရွှေ့သွားသော ဈေးတန်းနေရာများ ဖိနပ်ဝင်ခုထိုင်ပြီး ကြည့်ရသည့် ရုပ်သေးပွဲ . . .။

အနားမှာ ဖရဲခွံ၊ ခရမ်းချဉ်သီးအပုပ်၊ နောက်ချေးနှင့် ကောက်ရိုးမှျင်။

အခု . . . ရန်ကင်းဇာတ်ရုံကြီးထဲမှာတော့ ဆက်တီကုလားထိုင်များ . . .။ အောင်ပင်လယ်လယ်ကွင်းများနှင့် တောရိပ်၊ တောင်ရိပ်ကြောင့် ရာသီဥတုက အေးမြနေသည်။ ကျွန်တော်သည် ရွှေမင်းဂံရုပ်သေးပွဲကို ကြည့်ရင်း အိမ်ကဇနီးနှင့် သားတွေကို ခေါ်ပြချင်နေ၏။ ကျွန်တော့်သားတွေက ရုပ်သေးပွဲဆိုတာ မြင်ဖူးမှာမဟုတ်။

***စာမျက်နှာ (၁၇) သို့***

**အသက် ၆၀ ကျော်အရွယ် အဘိုးကြီးတစ်ဦးက ပါးစပ်ဆိုင်းဖြင့် ဆိုလိုက်၊ ပြောလိုက်၊ ကပြလိုက်နှင့်ပတ်ဝန်းကျင်ကို မေ့လျော့ပြီး သူ့အနုပညာအပေါ် စိတ်ပါလက်ပါ တန်ဖိုးထားနေမှုအပေါ် ကျွန်တော်တို့သည် ဝမ်းနည်းဝမ်းသာ ဖြစ်နေကြသူချည်းဖြစ်ပါသည်. . .**

# ဂေါ်ဖီဈေးကွက်မရှိ၍ စိုက်ပျိုးသူများလုပ်အားခနှင့် အရင်းအနှီးများ ဆုံးရှုံးမှုပေါ်

**နေပြည်တော် ဧပြီ ၂၆**

ကုန်စိမ်းသီးနှံဖြစ်သော ဂေါ်ဖီထုပ်ဈေးကွက်သည် စတင်ပေါ်ချိန်မှ ယနေ့အချိန်ထိ ဈေးကွက်မရှိ၊ ဝယ်ယူသူကုန်စိမ်းပွဲစားများ မရှိသောကြောင့် စိုက်ပျိုးသူတောင်သူများ အရင်းအနှီးနှင့် လုပ်အားခများပါ ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ပန်းဂေါ်ဖီဈေးမှာ စပေါ်ချိန်ကတည်းက တစ်ပွင့်လျှင် ငွေကျပ် ၃၀၀ နီးပါးရောင်းရသော်လည်း ဂေါ်ဖီဈေးနှုန်းမှာတစ်ထုပ် ၅၀ ခန့်သာရှိသည့်အပြင် ဝယ်ယူသူကုန်စိမ်းပွဲစားများ မရှိသောကြောင့် စိုက်ပျိုးသူများသည် နီးစပ်ရာ မြို့ပေါ်ဈေးများသို့ ကိုယ်တိုင်တက် ရောင်းနေကြရကြောင်း သိရသည်။

အဆိုပါ မြို့ပေါ်ဈေးများတွင်လည်း ထင်သလောက် မဖြန့်နိုင်သောကြောင့် ခရီးစရိတ်နှင့် ကားခပင်မနည်းပြန်ရ အောင်ရှာခဲ့ရသောကြောင့် နောက်ထပ်မခုတ်နိုင်ဘဲ စိုက်ခင်းထဲတွင် အပုပ်ခံပြီး ဝယ်ယူသူများကို မျှော်လင့်နေရကြောင်း တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာရှိ တောင်သူတစ်ဦးက ပြောပြသည်။

"ဒီနှစ်က ဂေါ်ဖီစိုက်တဲ့သူတွေ တော်တော်လေးဆိုးပါတယ်။ ကုန်ပစ္စည်းကအောင်မြင်တော့လည်း ဝယ်သူကမရှိဘူးဗျာ၊ ဒီတစ်ပင်ဖြစ်ဖို့ဆိုရင် တစ်ပင်ကိုငွေကျပ် ၅၀ လောက်ကျတယ်။ စစိုက်ကတည်းက ဒီအချိန်ထိ အချိန်အားဖြင့် လေးလကြာပါတယ်။ အချိန်ရယ်၊ အရင်းအနှီးရယ် အားလုံးဆုံးတာပါပဲ။ များသောအားဖြင့် တောင်သူအများစုဟာ ငွေတိုးချေးပြီး သီးနှံစိုက်ပျိုးရတာပါ။ မျိုးစေ့၊ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးဖိုးတွေက သီးနှံပေါ်မှ ပေးရတာပါ။ လူတိုင်း ဒီလိုပဲ အတိုးနဲ့ ယူရတာဆိုတော့ မရောင်းရတဲ့ နှစ်ဆိုရင်တစ်နှစ်တစ်နှစ်နဲ့ အတိုးရော၊ အရင်းပါ မဆပ်နိုင်တော့ ပိုတင်တာပေါ့" ဟု ကိုဆန်းဝင်းက ပြောပြသည်။

ရန်ကုန်၊ မော်လမြိုင်သို့ ၁၀ ဘီးကားများဖြင့် တင်ပို့နေသော ကုန်သည် တစ်ဦးက "ကျွန်တော်တို့လည်း အရင် နှစ်တွေကတော့ အများကြီး တင်ပို့ပါတယ်။ အခုနှစ်မှာ ပန်းမုန်လာဈေးကောင်းပြီး ဂေါ်ဖီကတော်တော်လေး ဈေးကျနေတာ၊ စပေါ်တဲ့အချိန်ကတည်းကပါ၊ စပေါ်ကာစက ရှမ်းပြည်နယ်ဘက်က ပေါ်နေလို့ တပ်ကုန်း ဂေါ်ဖီတွေ ဈေးပျက်နေတာ ရှမ်းပြည်ဘက်က ကုန်တော့လည်း ဈေးကတတက်မလာဘူး"ဟု ပြောပြသည်။

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်မှ ကျားသေအိုင်ရွာ၊ သူဌေးကုန်းရွာ၊ နွယ်ရစ်ရွာ၊ ရွှေးစုရွာနှင့်ဆည်ထိပ်ရွာစသည့် ကျေးရွာများမှ ဂေါ်ဖီစိုက်တောင်သူများ လေးလကြာ စိုက်ပျိုးခဲ့သော အချိန်၊ လုပ်အားခနှင့် မျိုးစေ့၊ မြေဩဇာနှင့် ပိုးသတ်ဆေးတို့၏ တန်ဖိုးများ ဆုံးရှုံးလျက်ရှိပြီး ရာသီလွန်ဂေါ်ဖီထုပ်များကို စရိတ်စကကာမိစေရန် နီးစပ်ရာအာဟာရသုခဈေး၊ တပ်ကုန်းဈေး၊ ရမည်းသင်းဈေး၊ ပျော်ဘွယ်ဈေးစသည့် ဈေးများသို့ ရောင်းချလျက်ရှိကြောင်း သိရသည်။



**သတင်း- မောင်ကျော်ကြီး**
**ဓာတ်ပုံ- သက်ထက်**

# ကသာမြို့တွင် ဟိတဓရစုံညီပွဲတော်နှင့် ဆုနှင်းသဘင်အခမ်းအနားကျင်းပ

**ကသာ ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ ရေဝန်းဘုန်းတော်ကြီးကျောင်း၌ ကသာခရိုင် ဟိတဓရ ဓမ္မစကူးအဖွဲ့မှ ကြီးမှူးကျင်းပသော ခရိုင်လုံးဆိုင်ရာ စုံညီပွဲတော်နှင့်ဆုနှင်းသဘင်ကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကသာခရိုင်အတွင်း ကသာမြို့နယ်တွင် သင်တန်းဌာနပေါင်း ၁၇ ဌာန၊ အင်းတော်မြို့နယ်တွင် သင်တန်းဌာနပေါင်း လေး ဌာန၊ ဗန်းမောက်မြို့နယ်တွင် သင်တန်းဌာနပေါင်း နှစ်ဌာန ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လူမှုရေးအသင်းများဖြစ်သော "ရောကမ်းသာ" လူမှုရေးအသင်း၊ "ပစ္စက္ခ" လူမှုရေးအသင်း၊ "ပရဟိတတောင်ပေါ်ကျောင်း" လူမှုရေးအသင်းတို့မှ ဝိုင်းဝန်း ကူညီပါဝင်လုပ်ဆောင်ပေးခဲ့ကြကြောင်း သိရသည်။

**လူအောင်(ကသာ)**

# သောက်သုံးရေပြတ်လပ်သည့်ရွာများသို့ ရေလှူဒါန်း



**တပ်ကုန်း ဧပြီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျေးရွာအချို့တွင် အယ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့ပြီး ချောင်းရေများ၊ ရေတွင်းရေကန်များရေခန်းခြောက်ပြီး သောက်သုံးရေပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိရာ နေပြည်တော်စည်ပင်၊ မြို့နယ်စည်ပင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ရေပြတ်လပ်သော ရေအေး၊ လယ်ပြင်မ၊ အုန်းပင်၊ တံခွန်တိုင်၊ ထုံးဘိုကျေးရွာများသို့ ရေများသွားရောက်လှူဒါန်းခဲ့သည်။

ဧပြီ၂၅ ရက် နံနက်က သောက်သုံးရေပြတ်လပ်လျက်ရှိသော ဒဟတ်တောကျေးရွာနှင့် မရိုးကုန်းကျေးရွာရှိ အိမ်ထောင်စု ၃၂၀၊ လူဦးရေ ၈၉၉ ဦးကို ရေဂါလန် ၁၇၀၀ သွားရောက်လှူဒါန်းခဲ့ကြပြီး ဆက်လက်၍ ရေပြတ်လပ်သောကျေးရွာများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# မြန်မာ့ပညာရေးအနာဂတ်အလားအလာနှင့် နိုင်ငံတကာပညာရေးအခွင့်အလမ်းသစ်များအကြောင်း အခမဲ့ပညာရေးဆွေးနွေးပွဲကျင်းပမည်

**မန္တလေး ဧပြီ ၂၆**

မြန်မာကျောင်းသား ကျောင်းသူများအတွက် မြန်မာ့ပညာရေးအနာဂတ်အလားအလာနှင့်နိုင်ငံတကာပညာရေးအခွင့်အလမ်းသစ်များအကြောင်း အခမဲ့ပညာရေးဆွေးနွေးပွဲကို မေ ၁ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ Hotel Mandalay ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာကျောင်းသားများ၏ တက္ကသိုလ်ပညာရေးအတွက် ကိုယ်တိုင်စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်စွမ်းနှင့်ဘာသာရပ်ရွေးချယ်နိုင်မှုစွမ်းရည်မြှင့်တင်ခြင်းဆိုင်ရာများအကြောင်း၊ ပြည်ပကျောင်းတက်ရန် IGCSE, GCEA;SAT တွေကိုပြင်ဆင်သင့်သည့်အချိန်များအကြောင်း၊ ပြည်တွင်း HND ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့် တက္ကသိုလ်နှင့် ပညာရေးလမ်းများအကြောင်း၊ ဩစတြေးလျဘွဲ့အတွက် မြန်မာနိုင်ငံတွင်ပြင်ဆင်ပြီးစင်ကာပူနှင့်ဩစတြေးလျတွင် သင်ယူနိုင်မည့်အစီအစဉ်များအကြောင်း စသည်တို့ကို အခမဲ့ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

*စာမျက်နှာ (၁၆) မှ*

၁၃-၅-၁၉၉၄ နေ့တွင် မန္တလေးကျုံးကြီးကို ပြန်လည်တူးဖော်ခဲ့ပါသည်။ ၂၀-၄-၁၉၉၄ နေ့တွင် ကျုံးရေကို စတင်ပိတ်ခဲ့ပြီး ၆-၅-၁၉၉၄ နေ့မှစ၍ ကျုံးရေများ စတင်စုပ်ယူရှင်းလင်းခဲ့သည်။ ထို့နောက် ၁၃-၅-၁၉၉၄ နေ့တွင် စတင်တူးဖော်ခဲ့ခြင်းဖြစ်ပါသည်။ ၁၈-၃-၁၉၉၅ နေ့တွင်ကျုံးပတ်လည်တူးဖော်မှုလုပ်ငန်း ပြီးစီးခဲ့ပါသည်။ ဤသို့ ကျုံးတော်ကြီး ပြန်လည်တူးဖော်ရာတွင် တပ်မတော်သား အင်အား ၆၀၆၈၀၂၈ ဦး အပါအဝင် ပြည်သူလူထုအင်အား ၂၃၄၅၂၅၆ ဦး လုပ်အားပေးပါဝင်ခဲ့သည်မှာလည်း မှတ်တမ်းကြီးတစ်ရပ်ဖြစ်ပါသည်။ စက်ယန္တရားကြီး ၃၁၂ စီး၊ ရေစုပ်စက် ၇၁ လုံး၊ အရပ်ဘက်ယာဉ် အစီး၂၀၀၊ ကျောက်ကျင်း ၆၀၃၆၄ ကျင်း၊ ဘိလပ်မြေ ၈၈၈၅၅ အိတ်၊ ထုံးအိတ် ၁၁၂၂၀၊ သဲ ၁၀၈၉၆ ကျင်း အသုံးပြုကာ ကုန်ကျစရိတ်ပေါင်း ၂၆၅သိန်းဖြစ်သည်ဟု ဆို၏။ ကျုံးအတွင်း နုန်းများ ၁၂ပေအထိ တူးထုတ်ကာ ကမ်းနှစ်ဖက် ကျောက်ရိုးစီပြီး မြေထိန်းနံရံများ၊ လူသွားစင်္ကြံများပါ တည်ဆောက်ခဲ့သည်။ ကျုံးတော်ကြီးအသစ် ပြင်ဆင်မွမ်းမံပြီးစီးခြင်း အထိမ်းအမှတ် အောင်ပွဲကို ၁၉၉၅ ခုနှစ် မတ်လ ၁၈ ရက်နေ့မှစ၍ နန်းမြို့ရိုးပတ်လည် ကျုံးအတွင်း၌ သုံးရက်တိုင်ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့သည်။

ကျုံးအောင်ပွဲ အခမ်းအနားကြီးတွင် တန်ပိုလာမဲများကို စိတ်မဝင်စား၊ စတိပ်ရှိုးများ၊ ကာရာအိုကေများလည်း စိတ်မဝင်စား၊ ရန်ပုံငွေစားသောက်ဆိုင်များကိုလည်း စိတ်မဝင်စား၊ အငြိမ့်များ၊ ဇာတ်များကိုလည်း စိတ်မဝင်စား . . .၊ ချားရဟတ် ကစားစရာများကိုလည်း စိတ်မဝင်စား . . .။

ထို့အတူ အယုတ်အလတ်အမြတ်မရွေး ကျွေးမွေးသည့် ထမင်းစတုဒိသာလည်း စိတ်မဝင်စား . . .။ ကျုံးအရှေ့ဘက် မျက်နှာစာတွင် မန္တလေးရုပ်စုံသဘင်ပါသည်ဆိုသည်ကိုပဲ စိတ်ဝင်စား နေမိသည်။ ကျွန်တော်က သားတွေကို ရုပ်သေးပွဲပြချင်နေသည် မဟုတ်ပါလား။

ထို့ကြောင့် အောင်ပွဲစတင်ကျင်းပသည့်နေ့မှာပင် ကျွန်တော်သည် သားနှစ်ယောက် လက်ဆွဲကာ တန်ပိုလာကံစမ်းမဲဈေးဆိုင်တန်းကြီးများကို တိုးဝှေ့ပြီး ကျုံးရှေ့ခြမ်းထိ မငြီးမငြူသွားကာ ညနေစောင်းကတည်းက ရုပ်သေးစင်ရှေ့ နေရာယူခဲ့သည်။ ဤသို့ဖြင့် ကမ္ဘာပျက်တာ၊ ကမ္ဘာတည်တာ၊ ဟိမဝန္တာခန်း စသည်များကို တတ်သလောက်၊ မှတ်သလောက်ဖြင့် သားများအား ရှင်းပြရ၏။ ထို့နောက်. . . အပျိုတော်. . .၊ ထို့နောက် နှစ်ပါးသွား. . .၊ ထို့နောက်. . . နောက်ပိုင်းဇာတ်ထုပ်. . .။ဤသို့ဖြင့် ပွဲသိမ်းပြည်ဖုံးကားချမှ သားအဖတစ်တွေ ရုပ်သေးပွဲက ပြန်ခဲ့ကြသည်။ တစ်ရက်လည်း မဟုတ်၊ သုံးရက်ဆက်တိုက်. . .။

အမေကမူ " သားတွေက တော်တော်. . . နင်က ကြည့်ချင်လို့နေမှာ. . . " ဟုဆို၏။ သားတွေကအထူးအဆန်းမို့သဘောကျနေသည်။ မြင်းကိုသဘောကျသည်။ မျောက်ကို သဘောကျသည်။ ဘီလူးနှစ်ကောင် နောင်ဂျိန် ခန်းကို သဘောကျသည်။ သူတို့ပိုသဘောကျတာကမြင်းကြည့်လိုက်. . . ရေခဲမုန့်ပြေးဝယ်စားလိုက်. . .၊ မျောက်ကြည့်လိုက်. . . ရေခဲမုန့်ပြေးဝယ်စားလိုက်၊ ဘီလူးကြည့်လိုက် ရေခဲမုန့်ပြေးဝယ်စားလိုက်ကိုး. . .။

ကျွန်တော်ကတော့ ရုပ်သေးစင်ရှေ့ ငုတ်တုတ်ထိုင်ရင်း ငါးမည်ရတင်သိန်းနှင့်ရွှေဘိုတင်အောင်၏ အဆိုအငိုမှာ နှစ်မျောရင်းငယ်ဘဝကိုလွမ်းဆွတ်ရတာ အရသာရှိလှသည်။ ငယ်ဘဝမှာ အပူအပင်မရှိ၊ အလေးအပင်မရှိ. . .၊ အကျဉ်းအကျပ်မရှိ. . .၊ ထို့အတူ လောဘမရှိ. . . မောဟ မရှိ. . .။

ကျုံးအောင်ပွဲမှာ ရုပ်သေးပွဲကြည့်ပြီးနောက် သားတော်မောင်နှစ်ယောက်က နောက်တစ်ဖန် ရုပ်သေးပွဲကြည့်ရှုလိုသေးကြောင်း နားပူနားဆာတော့ မလုပ်။ သို့သော်တီဗွီအစီအစဉ်က တစ်ခါတစ်ရံပြသသော ရုပ်သေးအစီအစဉ်တွေကို ကြည့်ရင်း သူတို့ ကြည့်ခဲ့ဖူးသော ရုပ်သေးပွဲအကြောင်း သူတို့ မေမေကို ပြောပြနေတတ်ပါသည်။

သူတို့အသက်အရွယ်အနည်းငယ်ကြီးရင့်လာသည့်အချိန်တွင် ပီပီပြင်ပြင်ရုပ်သေးပွဲတစ်ပွဲလောက် ကျွန်တော်ပြသလိုပါသေးသည်။

အရှေ့ကျုံးလမ်းအတိုင်း တောင်ဘက်တက်အလာ. . . ဒေါ်မမနိုင်၏ရုပ်သေးအိမ်ကလေးရှေ့မှာ စင်တိုင်သံနှင့် ပတ်မသံတထိထိကြားတိုင်း ထိုဆန္ဒက ဖြစ်ပေါ်လာမြဲဖြစ်၏။ လမ်းဘေးမှာ ခရီးသွားကုမ္ပဏီတံဆိပ်ပါကားကြီးတွေထိုးရပ်ထားသည်။ ရုပ်သေးအိမ်လေးထဲ နိုင်ငံခြားသားတွေ အလျှိုအလျှိုဝင်သွားပြီး မြန်မာရုပ်သေးကို လည်းတဆန့်ဆန့် နှစ်သက်အားပေးနေကြသည်။

ကျွန်တော်က သည် ၆၆ လမ်းအတိုင်း တောင်ဘက်ဆီသို့ စက်ဘီးကို တရွေ့ရွေ့နင်းရင်း ခုနစ်သံချီတီးလုံးမှ သီချင်းကို လိုက်ဆိုနေမိသည်။ သားတော်မောင်နှစ်ယောက်ရုပ်သေးပွဲကြည့်ချင်သေးတယ်ပူဆာရင်တော့. . . နောက်တစ်ကြိမ်ကျုံးအောင်ပွဲမှ ကြည့်ကြတာပေါ့ကွာဟု ပြောရုံပဲရှိပါသည်။

ဟုတ်သည်. . .။ ကျွန်တော်ငယ်ငယ်ကလို သကျသီဟဘုရားပွဲမှာ. . .၊ ဝါးတန်းကထိန်မှာ . . . ပိုက်ဆံမပေးရဘဲ ဖိနပ်ဖင်ခုထိုင်ပြီး ရုပ်သေးပွဲကို အစအဆုံး ကြည့်စရာနေရာမှ မရှိတော့တာ. . .။

၆၆ လမ်းသည် ညအမှောင်ထဲတွင် တိတ်ဆိတ်ငြိမ်သက်နေပါ၏။ ထို့ကြောင့် ရုပ်သေးစင်တိုင်သံက ပီပြင်ပျံ့လွင့်ကာဆီဒိုးနားဟိုတယ်ကွန်ကရစ်နံရံကို ပဲ့တင်ထပ်နေ၏။

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ယခုလက်ရှိ အစိုးရသစ်လက်ထက်တွင် လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေး အောင်မြင်မှုရအောင် ဘယ်လိုဆောင်ရွက်မှာလဲ

ဆောင်းပါး - သျှင်နေမင်း

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံကို မောင်းနှင်ကြမည့် အစိုးရအဖွဲ့အတွင်းခေါင်းဆောင်များနှင့် ပြည်သူ့ဝန်ထမ်းများ၊ တာဝန်သိပြည်သူများ၏ လက်ဝယ်တွင် ပိုင်ပိုင်နိုင်နိုင်ရှိသည်ဆိုသည့်အချက်မှာ အားလုံးလက်ခံရမည့် အချက်များထဲတွင် တစ်ခု အပါအဝင်ဖြစ်သည်။

ထို့ကြောင့် အဆိုပါပုဂ္ဂိုလ်များသည် လုပ်ငန်းကိစ္စများကို အဂတိတရား ကင်းကင်းရှင်းရှင်းဖြင့် ဆောင်ရွက်ကြမည်၊ ပြည်သူများကလည်း လိုက်ပါကူညီဆောင်ရွက်ကြမည်ဆိုလျှင် ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံတကာအလယ်တွင် အဂတိလိုက်စားမှုအဆိုးဆုံး၊ လာဘ်ပေးလာဘ်ယူမှုအဆိုးဆုံး နိုင်ငံများစာရင်းတွင် ပါဝင်နေခြင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လာဘ်ပေးလာဘ်ယူကိစ္စသည် ယခုအခါတွင် ရှေးရိုးစွဲလုပ်ငန်းတစ်ခုလို ဖြစ်နေလျက်ရှိသည်။ လူမှုအသိုင်းအဝိုင်းကြားတွင် လာဘ်ယူခြင်းကို ရှက်စရာကိစ္စတစ်ခုအဖြစ်ပင် မမြင်ကြတော့ပေ။ အရပ်ထဲတွင် ပြောနေဆိုနေကြ၊ ဖြစ်ပျက်နေလိုက်ကြသည်မှာ ဟိုဌာနက ဝင်ငွေကောင်းတယ်ပြောတယ်၊ နင့်ရဲ့ ဘွဲ့ရသားတွေသမီးတွေကို အလုပ်လျှောက်ခိုင်းပါလား၊ သူတို့မှာ လစာဆိုတာ အပိုဝင်ငွေတစ်ခုလိုတောင် ဖြစ်နေတယ်တဲ့ စသည်ဖြင့် အဆိုပါစကားသံများသည် ပတ်ဝန်းကျင်တွင် တကယ်ဖြစ်နေသော၊ တကယ်ပြောနေကြသော စကားသံများဖြစ်ပါသည်။ အမှန်တကယ်လည်း ထိုသို့ဖြစ်နေပါသည်။ ဝင်ငွေကောင်းသည့်ဌာနတွင် အလုပ်လုပ်သူနှင့် ဝင်ငွေမကောင်းသည့်ဌာနတွင် အလုပ်လုပ်သူနှစ်ဦး ရာထူးတူ၊ လစာတူလျှင်ပင် ဝင်ငွေမကောင်းသည့်ဌာနမှအရာရှိ (သို့မဟုတ်) ဝန်ထမ်းသည် မျက်နှာငယ်နေရသည့်ခေတ် ဖြစ်သည်။

ဝန်ထမ်းဆိုသည်မှာ လစာကလည်းနည်း၊ အပြင်ဝင်ငွေကလည်း ရှာ၍မရ၊ ရှာ၍မတတ်တော့ တာဝန်အရ မိမိက လုပ်ပိုင်ခွင့်ထုတ်ပေးလိုက်သူဆီကနေ မစို့မပို့ပေးသည့် လာဘ်လာဘပစ္စည်းလေးတွေ လက်ခံမိသည်မှာ သဘာဝဖြစ်ပါသည်။ ထို့ကြောင့် ဝန်ထမ်းတွေကိုလည်း အူမ တောင့်ပြီး သီလ စောင့်နိုင်စေဖို့ လစာကို လုံလုံလောက်လောက်ပေးဖို့ လိုပါသည်။ ဒါမှလည်း အစိုးရသစ်၏ လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးကိစ္စက မြန်မြန်ဆန်ဆန် အောင်မြင်မှာဖြစ်ပါသည်။

ယခင်ကာလများက လုပ်ပိုင်ခွင့်ရှိသော အစိုးရထိပ်ပိုင်းခေါင်းဆောင်များအနေဖြင့်လည်း မူတွေ၊ လုပ်ငန်းစဉ်တွေ ဘယ်လောက်ပင် ချထားချထား လူကိုခင်ရင် မူကိုပြင်တယ်၊ လူကိုမုန်းရင် မူကိုသုံးတယ်ဆိုပြီး ပြောကြသည့်အသံများကိုလည်း ကြားခဲ့ဖူးပါသည်။

ကမ္ဘာမှာ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၇၆ နိုင်ငံအနက်မှ အဂတိတရားလိုက်စားပြီး လာဘ်ပေးလာဘ်ယူပြုလုပ်သည့်နိုင်ငံ အမှတ်စဉ် ၁၇၂ မှာ ရှိနေခြင်းသည် စီးပွားရေးနှင့် လုပ်ပိုင်ခွင့်များတွင် လာဘ်စားခြင်း၊ အာဏာကို ကိုယ်ကျိုးအတွက် ဖောက်လွဲဖောက်ပြန်အသုံးပြုပြီး ပြည်သူ့အကျိုးစီးပွားကို ရှေးရှုမှုအားနည်းခြင်း၊ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လာဘ်ပေးလာဘ်ယူမှု အဆိုးဆုံးနိုင်ငံများထဲတွင် တစ်ခုအဖြစ်ပါဝင်နေရာ အမြန်ဆုံးကင်းစင်နိုင်ရေးအတွက် ယခုလက်ရှိအစိုးသစ်အနေဖြင့် ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုသည်ကို ပြည်သူတို့က စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။ နိုင်ငံ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့ အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများအားလုံး လာဘ်ပေးလာဘ်ယူပြုလုပ်ပါက ထောင်ကျခံရမည်ဖြစ်ကြောင်း ပြတ်ပြတ်သားသား ပြောကြားထားပြီးဖြစ်သည်။ ထို့နောက်တွင် လက်ဆောင်ပစ္စည်းလက်ခံခြင်းနှင့်ပတ်သက်သည့် လမ်းညွှန်ချက်ထွက်လာပြီး ထိုလမ်းညွှန်ချက်ကို အလေးအနက်ထား လိုက်နာဆောင်ရွက်ရန်အတွက်လည်း ၂၀၁၆ ခုနှစ် မေ ၁ ရက်တွင် သက်ဆိုင်ရာဌာနအားလုံးကို ပေးပို့ခဲ့သလို အများပြည်သူသိရှိနိုင်ရန်လည်း သတင်းစာများနှင့် ဝက်ဘ်ဆိုက်များတွင် ထည့်သွင်းဖော်ပြပေးခဲ့သည်။

ပြီးခဲ့သည့် သကြၤန်ကာလအတွင်းမှာ နာမည်ကြီးရုပ်သံမီဒီယာတစ်ခုက အရေးကြီးပုဂ္ဂိုလ်တစ်ဦး၏ ကိုယ်ရေးအရာရှိကို ငွေသားကျပ်သိန်း ၅၀ လက်ဆောင်ပေးသည့်သတင်းမှာ နာမည်ကြီးသွားသည်။ လမ်းညွှန်ချက်ကို လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်လာသည့် ရုပ်သံမီဒီယာကြီးတစ်ခုကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက အသိပညာပေး အကြောင်းကြားစာပေးပို့ခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။

ထိုကိစ္စနှင့်ပတ်သက်၍ ရုပ်သံမီဒီယာကြီးကို ဝိုင်းဝန်းပြစ်တင်ခဲ့ကြသူများရှိသလို အစိုးရ၏အရေးယူမှုကို အားမလို အားမရနှင့်ဖြစ်ခဲ့ကြသူများလည်း ရှိခဲ့ပြီး လက်ခုပ်တီးအားပေးခဲ့ကြသူများလည်း ရှိခဲ့ကြသည်။ ပြည်သူတို့စိုးရိမ်သည်မှာ အစိုးရသစ်အဖွဲ့ဝင်လူကြီးများ ငွေကြောင့် မိန်းမောသွားကြမည်ကို စိုးရိမ်မိခြင်းဖြစ်ပါသည်။ ထိုကဲ့သို့လည်း စိုးရိမ်ချင်စရာကောင်းလှသည်။ အစိုးရကို ဖျက်ဆီးမည့်သူများမှာ ခရိုနီများဖြစ်သလို နိုင်ငံကို ချမ်းသာအောင်လုပ်ပေးနိုင်မည့်သူများမှာလည်း ထိုခရိုနီများပင် ဖြစ်နေသည်။ မြမြခိုင်တဲ့ ကျောက်ရုပ်တွေတောင် တွန်းတိုက်ပါများ နဲ့နဲ့လာတတ်သည့် သဘောရှိသည်မို့ စာရေးသူအနေဖြင့် ပြည်သူတို့ကိုယ်စား ‘ပူးပေါင်းပါ၊ အရောဝင်ပြီး မလိုက်လျောလိုက်ပါနဲ့’ ဟု ပြောချင်ပါသည်။

နိုင်ငံတကာမှာ အဂတိတရားကင်းရှင်းဖို့နှင့် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းဖို့ ကြိုးစားပြီးသော၊ ကြိုးစားနေဆဲဖြစ်သော နိုင်ငံများရှိကြပါသည်။ အိမ်နီးချင်း စင်ကာပူနိုင်ငံသည် တိုင်းပြည်ထူထောင်ရာတွင် လာဘ်ပေးလာဘ်ယူကိစ္စကို အဓိကတိုက်ဖျက်ခဲ့ပါသည်။ ထောင်ဒဏ်နှစ်ရှည်နှင့် သေဒဏ်များပေးခဲ့ပါသည်။ စင်ကာပူနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လုပ်ငန်းစဉ် (၅)ခုနှင့် ဆောင်ရွက်ကြောင်းကို ဖတ်ခဲ့ သိခဲ့ဖူးပါသည်။ အဆိုပါပုံစံများကို ကျွန်တော်နားလည်သလို ပြောရမည်ဆိုလျှင် (၁) နိုင်ငံရေးသန္နိဋ္ဌာန်ပြင်းပြခြင်း၊ (၂) အရည်အချင်းကိုသာ ဦးစားပေးခြင်း၊ (၃) ခြစားမှုအကျင့်ကို စုံစမ်းစစ်ဆေးရေးဗျူရိုရှိခြင်း၊ (၄) အုပ်ချုပ်စီမံကွပ်ကဲရေး ပြုပြင်ပြောင်းလဲမှု ကောင်းမွန်ခြင်း၊ (၅) သည်းခံအားနာခြင်းကင်းမဲ့သော ပြတ်သားသည့် ဥပဒေနှင့် မူဝါဒများရှိခြင်းတို့ကြောင့် လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကိစ္စများကို အချိန်တိုအတွင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအတွင်းမှာလည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် သီးခြားလွတ်လပ်စွာ တည်ထောင်ထားသော ခိုင်မာအားကောင်းသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအေဂျင်စီများ ရှိရန် လိုအပ်ပါသည်။

ယခုအစိုးရသစ်အနေဖြင့် လာဘ်ပေးလာဘ်ယူကိစ္စကို အချိန်ဆွဲမထားဘဲ ပညာပေးကာလနှင့်တွဲ၍ သတိပေးမှတ်တမ်းများ တစ်ချိန်တည်း ပူးတွဲဆောင်ရွက်ရန် လိုအပ်ပြီး လာဘ်ပေးသူကို ပြစ်ဒဏ်ဘယ်လောက်၊ လာဘ်ယူသူကို ပြစ်ဒဏ်ဘယ်လောက်၊ လာဘ်တောင်းခံသူကို ပြစ်ဒဏ်ဘယ်လောက် စသည်ဖြင့် အမြန်ဆုံးသတ်မှတ်အရေးယူဆောင်ရွက်သင့်ပါသည်။ သို့မှသာ နှစ်ပေါင်းများစွာ အမြစ်တွယ်ခဲ့သည့် လာဘ်ပေးလာဘ်ယူကိစ္စကြီးကို အမြန်ဆုံးဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ယခုလက်ရှိ အစိုးရသစ်အနေဖြင့် လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကိစ္စ အောင်မြင်အောင် ဘယ်လိုဆောင်ရွက်မှာလဲ။ လာဘ်ပေးလာဘ်ယူကိစ္စကြီးကို အနည်းနှင့်အများ မဖြေရှင်းနိုင်ဘူးဆိုလျှင် ပြီးခဲ့ပြီးသော အစိုးရအဖွဲ့များနှင့် ထူးမခြားနားစာရင်း ဝင်သွားပါလိမ့်မည်။

ယခု အစိုးရသစ်မှ ပြည်သူများသို့ ပြောကြားလိုက်သော စကားများသည် အသက်ဝင်လှပါသည်။ ပြည်သူတို့မှာ မျှော်လင့်စောင့်စားရင်း ရင်ခုန်နေရသည်။ အင်အားကြီးနိုင်ငံဖြစ်အောင်ဆောင်ရွက်မည်၊ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်အောင် ဆောင်ရွက်မည်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းသောနိုင်ငံဖြစ်အောင် ဆောင်ရွက်မည်၊ အစိုးရ၏ ရက်ပေါင်း ၁၀၀ အတွင်း သိသာတဲ့တိုးတက်မှုတွေ ဆောင်ရွက်မည်ဆိုပြီး အမျိုးမျိုးကြားနေရသည်။ ထို့ကြောင့် အပြောနှင့်အလုပ် လက်တွေ့ကျစွာဖြင့် လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးကို ထိရောက်စွာ အမြန်ဆုံး ဆောင်ရွက်ပေးကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။

**မြန်မာနိုင်ငံတွင် လာဘ်ပေးလာဘ်ယူကိစ္စသည် ယခုအခါတွင် ရှေးရိုးစွဲလုပ်ငန်းတစ်ခုလို ဖြစ်နေလျက်ရှိသည်။ လူမှုအသိုင်းအဝိုင်းကြားတွင် လာဘ်ယူခြင်းကို ရှက်စရာကိစ္စတစ်ခုအဖြစ်ပင် မမြင်ကြတော့ပေ။ အရပ်ထဲတွင် ပြောနေဆိုနေကြ၊ ဖြစ်ပျက်နေလိုက်ကြသည်မှာ ဟိုဌာနက ဝင်ငွေကောင်းတယ်ပြောတယ်၊ နင့်ရဲ့ ဘွဲ့ရ သားတွေ သမီးတွေကို အလုပ်လျှောက်ခိုင်းပါလား၊ သူတို့မှာ လစာဆိုတာ အပိုဝင်ငွေတစ်ခုလိုတောင် ဖြစ်နေတယ်တဲ့ စသည်ဖြင့် အဆိုပါစကားသံများသည် ပတ်ဝန်းကျင်တွင် တကယ်ဖြစ်နေသော၊ တကယ်ပြောနေကြသော စကားသံများဖြစ်ပါသည်။**

## ရေပြတ်လပ်နေသောကျေးရွာသို့ သောက်သုံးရေများ ဖြန့်ဝေပေး

**မြန်အောင် မေ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သဲဘို့ကျေးရွာအုပ်စု နတ်တောင်ကျေးရွာရှိ စက်ရေတွင်းများတွင် ရေပြတ်လပ်လာသဖြင့် ကျေးရွာနေပြည်သူများ သောက်သုံးရေအခက်အခဲမရှိစေရန်အတွက် မြန်အောင်မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနက ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က သောက်သုံးရေများကို မေ ၂၄ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမင်းနှင့် ဝန်ထမ်းများက နတ်တောင်ကျေးရွာရှိ အိမ်ထောင်စု ၆၅ စု၊ လူဦးရေ ၂၇၇ ဦး၊ ကျွဲနွား ၂၈၉ ကောင်အတွက် သောက်သုံးရေများကို ဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်ဖြင့် နှစ်ခေါက်ဖြန့်ဝေပေးခဲ့ခြင်းဖြစ်သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က သဲဘို့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး လမ်းတံတားနှင့် ရေရရှိရေးလိုအပ်ချက်များ၊ ဒေသလိုအပ်ချက်များကို မေးမြန်းကာ ဒေသအတွင်း ရေလုံလောက်စွာရရှိအောင် ဆောင်ရွက်ရန်အတွက် သဘာဝရေအရင်းအမြစ် ရရှိနိုင်မည့်နေရာများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်/ဆက်)**

## သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းသင်တန်း ဖွင့်လှစ်

**သုံးခွ မေ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၁/၂၀၁၆)ကို မေ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

ဆင့်ပွားသင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေက ဦးစီးဌာနအနေဖြင့် အဓိကတာဝန်ယူဆောင်ရွက်နေသည့် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များတွင် ဘေးမဖြစ်ခင် ကြိုတင်ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းကဏ္ဍ၊ ဘေးဖြစ်ပွားနေစဉ်ရင်ဆိုင်တုံ့ပြန်ခြင်းကဏ္ဍ၊ ဘေးဖြစ်ပွားပြီးနောက်ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးကဏ္ဍဟု အဓိကကဏ္ဍကြီး(၃)ရပ်ရှိကြောင်း၊ အဲဒီကဏ္ဍကြီး(၃)ရပ်ထဲမှ ဘေးမဖြစ်ခင်ကြိုတင်ကာကွယ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းသည် သဘာဝဘေးလျော့ပါးရေးအတွက် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံးလုပ်ငန်းစဉ်ဖြစ်ကြောင်း၊ သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်မှာ သဘာဝဘေးဖြစ်ပွားချိန်တွင် သဘာဝဘေးအန္တရာယ်များကို တုံ့ပြန်နိုင်သည့် စွမ်းအားစုတစ်ရပ်အနေဖြင့် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းတွေမှာ ကိုယ်တိုင်ကိုယ်ကျဦးစီးဦးဆောင်နိုင်သည့် လူငယ်အရန်အင်အားများ အမြဲအဆင်သင့်ဖြစ်နေစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် သုံးခွမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက သင်တန်းဖွင့်လှစ်ပေးခဲ့သည့်အတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ကာ သင်တန်းကာလမှာ မေ ၂၅ မှ ၂၇ အထိဖြစ်ပြီး သင်တန်းသို့ သုံးခွမြို့နယ်အတွင်းရှိ ပင်လယ်နှင့်နီးသော ကျေးရွာများမှ စေတနာ့ဝန်ထမ်းလူငယ် ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၂၈)**

# အာဆင်နယ်တို့ ရေကုန်ရေခန်းကစားရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ် (၃၆)

မိုးမြင့်လင်းလက်

ဒီနှစ်ပရီမီယာလိဂ်ရဲ့ ရာသီကုန်ပွဲစဉ်တွေကို ပြိုင်ပွဲဝင်အသင်းတွေ အကြိတ်အနယ် ဆင်နွှဲနေကြပြီဖြစ်ပါတယ်။ ဒီပွဲစဉ်တွေရဲ့ ပရီမီယာလိဂ်ပွဲစဉ် (၃၆)ကို ဧပြီ ၃၀ ရက်မှာ ယှဉ်ပြိုင်ကစားမှာဖြစ်လို့ ရင်ခုန်စရာကောင်းမယ့်ပွဲတွေ ပါဝင်နေပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာအတွက် တိုက်ပွဲဝင်နေရတဲ့ ထိပ်တန်းကလပ်တွေနဲ့ တန်းမဆင်းရရေး ခြေကုန်ထုတ်မယ့် အသင်းတွေရဲ့ အားပြိုင်မှုတွေဟာ ပရိသတ်တွေအတွက်တော့ ပွဲကောင်းတွေအဖြစ် မြင်တွေ့ရဦးမှာ သေချာနေပါတယ်။

**အာဆင်နယ်နှင့်နော့ဝှစ်ချ်**

ချန်ပီယံလိဂ် ဝင်ခွင့်အတွက် သေချာအောင် ကြိုးစားနေရတဲ့ အာဆင်နယ်တို့ဟာ နော့ဝှစ်ချ်ရဲ့ ခြေကုန်ဖွင့်အားထုတ်မှုနဲ့ ရင်ဆိုင်ရမယ့်အနေအထားပါပဲ။ ပထမအကျော့ နော့ဝှစ်ချ်ကွင်းမှာ သရေရအောင်ကြိုးစားခဲ့ရတဲ့ အာဆင်နယ်ဟာ ဒီပွဲကို သတိကြီးကြီးထားပြီး ပြင်ဆင်ရဖို့ရှိနေပါတယ်။ ဒါပေမယ့် အာဆင်နယ်ဟာ နော့ဝှစ်ချ်တို့နဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကို ကြည့်ရင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြစ်ထားတာမို့ အခုပွဲမှာတော့ ခြေစွမ်းကောင်းမွန်နေတဲ့ အာဆင်နယ်တို့ နော့ဝှစ်ချ်ကို အိမ်ကွင်းမှာ အနိုင်ကစားပြီး အောင်ပွဲခံပါလိမ့်မယ်။

**အဲဗာတန်နှင့်ဘုန်းမောက်**

တစ်လှည့်စီအနိုင်ယူနေတဲ့ နှစ်သင်းတွေ့ဆုံမှုက အပြန်အလှန်ထိုးဖောက်မှုတွေနဲ့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ လောလောဆယ်ခြေစွမ်းကိုကြည့်ရင်တော့ အဲဗာတန်ရဲ့ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ ဘုန်းမောက်တို့ကလည်း အခုတလော ပြိုင်ဘက်တွေကို ဂိုးပြတ်တွေချည်းရှုံးနိမ့်ခဲ့တာမို့ အားရစရာတော့မရှိပါဘူး။ အဲဗာတန်နဲ့ ဘုန်းမောက်တို့ရဲ့ လက်ရှိခြေစွမ်းအနေအထားကိုကြည့်ရင် အဲဗာတန်တို့က သာလွန်နေပြီး တစ်ဦးချင်းရော အသင်းလိုက်ပါ အဲဗာတန်တို့က အားသာချက်ရှိနေပါတယ်။ ဒီပွဲမှာ အဲဗာတန်တို့က နိုင်ပွဲရသွားပါလိမ့်မယ်။

**ဝက်ဖို့ဒ်နှင့်ဗီလာ**

တန်းဆင်းသွားပြီဖြစ်တဲ့ ဗီလာတို့က ဒီပွဲမှာအားထည့်ပြီး ကစားမှာတော့မဟုတ်ပါဘူး။ ဒါပေမယ့် ဗီလာဟာ ဝက်ဖို့ဒ်နဲ့ဆုံတိုင်း အသာစီးရအောင် ကစားနိုင်တာမို့ အခုပွဲမှာ ဂုဏ်သိက္ခာအရ နိုင်ပွဲရအောင် အားထည့်ကစားပါလိမ့်မယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ရဲ့ကစားအားက အခုတလောကောင်းနေပြီး ဗီလာကို ခြေရည်တူကစားနိုင်တဲ့အပြင် နိုင်ပွဲရအောင် ကြိုးစားနိုင်မယ့် စွမ်းဆောင်ရည်ရှိပါတယ်။ အကြိုက်က ဝက်ဖို့ဒ်ဖြစ်ပြီး အနိုင်လည်း ဝက်ဖို့ဒ်တို့ပဲဖြစ်သွားပါလိမ့်မယ်။

**နယူးကာဆယ်နှင့်**
**ခရစ္စတယ်ပဲလေ့စ်**

နယူးကာဆယ်တို့က မန်စီးတီးကို သရေပွဲကစားနိုင်ခဲ့တာမို့ အခု ပဲလေ့စ်နဲ့ပွဲကို ရမှတ်ပြည့်စုဆောင်းနိုင်ရေး ကြိုးစားလာမှာဖြစ်ပါတယ်။ နယူးကာဆယ်တို့က ပဲလေ့စ်နဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ငါးဂိုး-တစ်ဂိုးနဲ့ ရှုံးထားခဲ့တာမို့ အခုပွဲမှာ အဲဒီအကြွေးကိုပြန်ဆပ်နိုင်ဖို့ ကြိုးစားပါလိမ့်မယ်။ အက်ဖ်အေဖလားပွဲကြောင့် ပွဲပန်းနေတဲ့ ပဲလေ့စ်ကို နယူးကာဆယ်တို့ အနိုင်ရရေး ဦးတည်ပြီး တိုက်စစ်ဖွင့်ကစားမှာဖြစ်တာမို့ အနိုင်ဆိုတာ နယူးကာဆယ်တို့အတွက်ပဲ ဖြစ်မှာပါ။

**စတုတ်နှင့်ဆန်းဒါးလန်း**

ဆန်းဒါးလန်းအတွက် တန်းမဆင်းရရေး ကြိုးစားမယ့်ပွဲပါပဲ။ ဆန်းဒါးလန်းဟာ လက်စတာကို နှစ်ဂိုးပြတ်ရှုံးခဲ့ပေမယ့် နော့ဝှစ်ချ်ကိုတော့ သုံးဂိုးပြတ် နိုင်ပွဲရထားပြီး ရလဒ်ဆက်တိုက်ကောင်းအောင် ကြိုးစားနေပါတယ်။ စတုတ်နဲ့ဆန်းဒါးလန်းတို့ နောက်ဆုံးသုံးပွဲ တွေ့ဆုံခဲ့မှုကို ကြည့်ရင် ဆန်းဒါးလန်းက နှစ်ပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားတာမို့ အခုပွဲမှာ ဆန်းဒါးလန်းတို့ အဝေးကွင်းဆိုပေမယ့် အနိမ့်ဆုံးသရေတစ်မှတ်ရယူပါလိမ့်မယ်။


**ဝက်စ်ဘရွန်းနှင့်ဝက်စ်ဟမ်း**

ခြေရည်တူနှစ်သင်း တွေ့ဆုံမှုက ပြိုင်ဆိုင်မှု ပြင်းထန်ပါလိမ့်မယ်။ ဝက်စ်ဟမ်းတို့က ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက်တောင် မျှော်မှန်းနေသေးတာမို့ အခုပွဲဟာ ဝက်စ်ဘရွန်းအတွက် အိမ်ကွင်းဆိုပေမယ့် အခက်ကြုံတွေ့နိုင်ပါတယ်။ ဝက်စ်ဘရွန်းတို့ကတော့ လက်တလောမှာ ရှုံးပွဲတွေဆက်နေပြီး တိုက်စစ်စွမ်းရည်လည်း ကျဆင်းနေပါတယ်။ ဝက်စ်ဟမ်းရဲ့အားထုတ်မှုက အမှတ်ပြည့်ရသွားနိုင်တဲ့အနေအထားရှိပါတယ်။ ။



## တန်းဆင်းလွတ်ဖို့အခြေအနေကောင်းနေတဲ့ ဆန်းဒါးလန်း

ပရီမီယာလိဂ်မှာ တန်းဆင်းဇုန်တိုက်ပွဲကတော့ အတော်လေးစိတ်ဝင်စားစရာကောင်းနေတာပါ။ လောလောဆယ်မှာတော့ ဆန်းဒါးလန်းက အာဆင်နယ်ကို ဂိုးမရှိ သရေကစားပြီးတဲ့နောက် တန်းဆင်းဇုန်လွတ်မြောက်လာပါတယ်။ သို့ပေမယ့် အောက်ဆုံးသုံးသင်းအနက် နော့ဝှစ်ချ်နဲ့ နယူးကာဆယ်တို့က အမှတ်တူတွေနဲ့ ကပ်လိုက်နေတာကြောင့် လာမယ့်လက်ကျန်ပွဲသုံးပွဲဟာ အဆုံးအဖြတ်ဖြစ်လာဖို့ရှိပါတယ်။ အက်စ်တွန်ဗီလာကတော့ အောက်ဆုံးမှာ ရမှတ် ၁၆ မှတ်နဲ့ တန်းဆင်းဖို့သေချာနေတာပါ။ နယူးကာဆယ်နဲ့ နော့ဝှစ်ချ်တို့ကတော့ ဆန်းဒါးလန်းရဲ့အဓိကပြိုင်ဘက်အနေအထားမှာရှိပါတယ်။ ဒီသုံးသင်းထဲက လက်ကျန်ပွဲမှာ အနိုင်ကစားနိုင်တဲ့အသင်းက တန်းဆင်းလွတ်မြောက်သွားမှာဖြစ်ပါတယ်။ ဆန်းဒါးလန်းကတော့ တန်းဆင်းလွတ်ဖို့အခြေအနေကောင်းနေပါတယ်။






## PFA အကောင်းဆုံးဆု ဆွတ်ခူးသွားတဲ့ မာရက်ဇ်

လက်စတာစီးတီးအသင်းကို ပရီမီယာလိဂ်ဖလား ဆွတ်ခူးနိုင်ရေးလမ်းကြောင်းကို အရောက်ပို့ပေးခဲ့တဲ့ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ ရီးယာ့ဒ်မာရက်ဇ်ကို PFA တစ်နှစ်တာအကောင်းဆုံးဘောလုံးသမားဆု ချီးမြှင့်လိုက်ပါတယ်။ အယ်လ်ဂျီးရီးယားနိုင်ငံသား မာရက်ဇ်ဟာ လက်စတာစီးတီးအသင်းအတွက် ပရီမီယာလိဂ်ဂိုး ၁၇ ဂိုးသွင်းယူပေးထားခဲ့ပါတယ်။ မာရက်ဇ်ဟာ ပရီမီယာလိဂ်မှာ ခြေစွမ်းပြနေတဲ့ အင်န်ဂိုလိုကန်တီ၊ ဂျိမ်းဗာဒီ၊ ဟယ်ရီကိန်း၊ ဒီမစ်ထရီပေရက်စ်နဲ့ မီဆွတ်အိုဇေးလ်တို့ကို ကျော်ဖြတ်ပြီး ဒီဆုကိုဆွတ်ခူးသွားခဲ့တာပါ။ ဒီလီအောလီကတော့ PFA လူငယ်အကောင်းဆုံးဆုရပြီး မန်ယူလက်ထောက်နည်းပြ ရှိုင်ယံဂစ်ကလည်း အကောင်းဆုံးဆုဆွတ်ခူးနိုင်ခဲ့ပါတယ်။ ရာနီရေးရီရဲ့ လက်စတာအသင်းဟာ လက်ကျန်ပွဲသုံးပွဲအလိုမှာ ငါးမှတ်အသာနဲ့ ဦးဆောင်နေပြီဖြစ်ပါတယ်။ မာရက်ဇ်ဟာ လက်စတာအတွက် အကောင်းဆုံးခြေစွမ်းပြကစားနေသူဖြစ်ပါတယ်။

## အက်ဖ်အေချန်ပီယံ မျှော်လင့်ခွင့်ရသွားတဲ့ ပဲလေ့စ်

အက်ဖ်အေဖလား ဆီမီးဖိုင်နယ်မှာ ခရစ္စတယ်ပဲလေ့စ်က ဝက်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ဗိုလ်လုပွဲတက်ခွင့်ရသွားခဲ့ပါတယ်။ ပဲလေ့စ်အနေနဲ့ ဒီဗိုလ်လုပွဲကို ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရတာပါ။ ခရစ္စတယ်ပဲလေ့စ်အနေနဲ့ ဗိုလ်လုပွဲမှာ အဲဗာတန်ကိုနိုင်ပြီး တက်လာတဲ့ မန်ယူနဲ့ တွေ့ရမှာဖြစ်ပါတယ်။ လာမယ့် မေ ၂၁ ရက်မှာ ဝင်ဘလေကွင်းမှာ မန်ယူနဲ့ ခရစ္စတယ်ပဲလေ့စ်တို့ အက်ဖ်အေဖလားလုကြမှာဖြစ်ပါတယ်။ မန်ယူအနေနဲ့လည်း ဖာဂူဆန်အနားယူသွားပြီးတဲ့နောက် ပထမဆုံးသောဖလားကို ဆွတ်ခူးဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ ဒီလိုပဲ ခရစ္စတယ်ပဲလေ့စ်ကလည်း ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းမှာ ဖလားရဖို့မျှော်လင့်ထားတာပါ။ မန်ယူနဲ့ ခရစ္စတယ်ပဲလေ့စ်တို့ဟာ ၂၆ နှစ်တာအတွင်း အက်ဖ်အေမှာ ပထမဆုံးအကြိမ် ဗိုလ်လုပွဲမှာ ဆုံတွေ့မှုဖြစ်ပါတယ်။ အလန်ပါဒူးရဲ့ ခရစ္စတယ်ပဲလေ့စ်အနေနဲ့လည်း ဒီဖလားကိုအရယူဖို့ မျှော်လင့်ထားတဲ့အတွက် ပွဲကြီးပွဲကောင်းဖြစ်လာမှာ ဖြစ်ပါတယ်။



ကောင်းမြတ်သူ ➢ စုစည်းသည်

# ယာဉ်စည်းကမ်း မလိုက်နာသော ဆိုင်ကယ်များကို စစ်ဆေးအရေးယူ

**သာစည် မေ ၂၆**
မန္တလေးတိုင်းဒေသကြီး သာစည်မြို့တွင် မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့် စီးနင်းလိုက်ပါသူများ ယာဉ်စည်းကမ်းလိုက်နာမှု အားနည်းနေသောကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သာစည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ယာဉ်ထိန်းဒုတပ်ကြပ် မျိုးမင်းကိုနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ အကူအညီဖြင့် သာစည်မြို့လယ် လမ်းဆုံနေရာဖြစ်သည့် မီးပွိုင့်နှင့် ယာဉ်ထိန်းရဲနားနေစခန်းအနီးမှ ဖြတ်သန်းမောင်းနှင်နေကြသည့် ဆိုင်ကယ်များကို မေ ၂၅ ရက်က ရှောင်တခင်စစ်ဆေး၍ အရေးယူခဲ့ကြကြောင်း သိရသည်။

"ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ပတ်သက်ပြီး လိုက်နာရမယ့် အချက်အလက်တွေကို ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့က မြို့နယ်အတွင်းမှာရှိတဲ့ ယာဉ်မောင်းသူများနှင့် ပြည်သူတွေရဲ့လက်ဝယ်ကို စာစောင်တွေ ဖြန့်ဝေထားခဲ့ပြီးပါပြီ။ ဒါပေမယ့် ဒီနေ့အထိ ယာဉ်စည်းကမ်းကိုလိုက်နာသူတွေက နည်းပါးနေပါတယ်။ တချို့ဆိုရင် ဆိုင်ကယ်စီးဦးထုပ်မပါလို့ ဖမ်းလိုက်တယ်။ ဖမ်းတဲ့အခါကျမှ ဆိုင်ကယ်ရဲ့ရှေ့ခြင်းထဲက ဦးထုပ်ကို ယူပြတယ်။ ဒါက ဥပဒေကို မထေမဲ့မြင်ပြုရာရောက်နေပါတယ်။ ဦးထုပ်ပါပြီး ဘာလို့မဆောင်းတာလဲလို့ မေးတော့ ဆံပင်ပုံပျက်မှာကြောက်လို့လို့ ဖြေတယ်ဗျာ။ ဆံပင်ပုံပျက်မှာတော့ စိုးရိမ်တယ်။ သေမှာကိုတော့ မကြောက်ဘူးဆိုတဲ့သဘော သက်ရောက်နေတာပေါ့။ ကျွန်တော်တို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ကတော့ စည်းကမ်းဥပဒေနဲ့အညီ မျက်နှာမလိုက်ဘဲ အရေးယူဆောင်ရွက်နေပါတယ်"ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယတပ်ကြပ် မျိုးမင်းကိုက ပြောသည်။

မီးပွိုင့်တွင် မီးနီနေစဉ် ဖြတ်သန်းမောင်းနှင်ကြသည့် ဆိုင်ကယ်များ၊ နှစ်ဦးထက် ပိုမို၍ တင်ဆောင်မောင်းနှင်ကြသည့် ဆိုင်ကယ်များနှင့် ဆိုင်ကယ်စီးဦးထုပ်မပါဘဲ မောင်းနှင်စီးနင်းကြသည့် ဆိုင်ကယ်မောင်းနှင်သူများကို စစ်ဆေးဖမ်းဆီး၍ မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူပြီး တရားရုံးသို့ နေ့ချင်းပို့အပ်၍ ကျသင့်ဒဏ်ငွေကို ပေးဆောင်စေခဲ့ကြောင်းနှင့် စစ်ဆေးအရေးယူရာတွင် စည်းကမ်းမဲ့စီးနင်းမောင်းနှင်သည့် ဆိုင်ကယ် ၁၂ စီးကို ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**



# ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေပေး

**မြို့သစ် မေ ၂၆**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် အတွင်းရှိ သောက်သုံးရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသော ကျေးရွာများသို့ တိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီး ဦးဝင်းခိုင်၏ စီစဉ်မှုဖြင့် ဦးစီးဌာနများပူးပေါင်း၍ သောက်သုံးရေများကို မေ ၂၃ နှင့် ၂၄ ရက်က သွားရောက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



မြို့သစ်မြို့နယ် လမ်းဦးစီးဌာနမှ မြို့နယ်အင်ဂျင်နီယာ ဒေါ်ပြုံးကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဆန်းဝင်းတို့ ပူးပေါင်း၍ ခရိုင်လမ်းဦးစီးဌာနမှ ဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရုံးတောကျေးရွာအုပ်စုရှိ မလုံစမ်းတဲတိုက်အတွက် ရေဂါလန် ၁၀၀၀၊ မြေပြင်သာကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ အတွက် ရေဂါလန် ၁၀၀၀ ကို မေ ၂၃ ရက်က ဖြန့်ဝေပေးခဲ့ပြီး မေ ၂၄ ရက်တွင် ဇီးလုံးကျေးရွာအုပ်စု မောင်ရင်ပေါ်တဲတိုက်အတွက် ဂါလန် ၁၀၀၀ ရေသယ်ယာဉ်ဖြင့် နှစ်ခေါက် သောက်သုံးရေများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# သူငယ်တန်းသင်ရိုးသစ်အတွက် ဆရာ ဆရာမများ လေ့ကျင့်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**တောင်သာ မေ ၂၆**
၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်ကျင့်သုံးတော့မည့် သူငယ်တန်း(KG) စနစ်တွင် သင်ကြားပို့ချပေးကြမည့် ဆရာ ဆရာမများအား လေ့ကျင့်သင်တန်းပေးရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ မေ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းတို့က အမှာစကားပြောကြားပြီး တောင်သာမြို့နယ်ဒုတိယပညာရေးမှူး ဦးခင်မောင်ရွှေက အမျိုးသားပညာရေးဥပဒေအရ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်ကျင့်သုံးတော့မည့် သူငယ်တန်း(KG)စနစ်အကြောင်း ရှင်းလင်းပြောကြားကာ အထကဇဂျမ်းကျောင်းအုပ်ကြီး ဦးအောင်ဌေးက သင်တန်းစည်းကမ်းချက်များကို ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ဆင့်ပွားသင်တန်းကို မေ ၁၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတွင် မြို့နယ်အဆင့်နည်းပြ ၂၂ ဦးက သင်တန်းသား ဆရာဆရာမ ၄၃၆ ဦးအား သူငယ်တန်း(KG)စနစ် သင်ကြားနည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# ရေလိုအပ်သည့်ဒေသများအတွက် ပုဂ္ဂလိကအလှူရှင်များက ဆက်သွယ်လှူဒါန်းလျက်ရှိ

**မကွေး မေ ၂၆**
အယ်နီညိုရာသီဥတုကြောင့် မကွေးတိုင်းဒေသကြီးအတွင်းမှပြည်သူများ ရင်ဆိုင်နေရသော သောက်သုံးရေရှားပါးမှု အခက်အခဲများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများက ထောက်ပံ့ ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ရေလိုအပ်ချက်ရှိနေသည့် အခြား ဒေသများအတွက်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသူ ပရဟိတ အကျိုးဆောင်များထံသို့ ပုဂ္ဂလိကအလှူရှင်များက ဆက်သွယ် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

"သောက်သုံးရေ ပြတ်လပ်မှုအတွက် စက်ရေတွင်းတွေ တူးဖော်ပေးနေသလို အင်ဂျင်စက်နဲ့ သောက်သုံးရေလိုအပ်တဲ့ နေရာတွေကိုလည်း စဉ်ဆက်မပြတ် လှူဒါန်းခဲ့တာ သိန်း ၈၀၀ ကျော်ဖိုးအထိ လှူဒါန်းပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမယ့် ရေရှားတဲ့ကျေးရွာတွေကို ပြီးပြည့်စုံအောင် မလှူနိုင်သေးပါဘူး။ ဆက်လက်လှူဒါန်းဖို့ ကျေးရွာပေါင်း ၂၀ ကျော်ကို ကွင်းဆင်းကြည့်ပြီးပါပြီ။ စက်ရေတွင်း၊ အုတ်ကန်၊ သောက်သုံးရေတို့အတွက် အလှူရှင်တွေက ဆက်သွယ်လှူဒါန်းမှုတွေလည်း ရှိနေပါတယ်"ဟု ဒေသတွင်းရေအခက်အခဲများအတွက် အလှူရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေသူ ကိုဇော်မင်းထိုက်က ပြောသည်။

လက်ရှိအချိန်တွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ မြို့သစ်၊ တောင်တွင်းကြီး၊ ပွင့်ဖြူ၊ ဂန့်ဂေါ၊ အထက်မင်းလှ၊ ဆင်ပေါင်ဝဲမြို့နယ်များအတွင်းရှိ ကျေးလက်ဒေသများတွင် ရေအခက်အခဲများ ကြုံတွေ့နေသူများက ဆက်သွယ်အကူအညီ တောင်းခံမှုများရှိနေပြီး လတ်တလောတွင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ရုံအုပ်စု အောင်စည်သာတဲတိုက်ကဲ့သို့သော စားဝတ်နေရေးလုပ်ငန်းလုပ်ကိုင်ရာ နေရာများတွင် အစုအဖွဲ့လေးများသဖွယ် နေထိုင်ကြသည့် တဲတိုက်များမှာ အရေးပေါ်ရေလိုအပ်ချက်များ ရှိနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ ဒေသအသီးသီးရှိ ကွဲပြားသော အလှူအသီးသီးမှ စက်ရေတွင်းလှူဒါန်းသူများ၊ အင်ဂျင်စက်နှင့် သောက်သုံးရေလှူဒါန်းသူများအနေဖြင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာများသို့ လူမှုရေးအသင်းအဖွဲ့များနှင့် ဆက်သွယ်ကာ ရေလှူဒါန်းမှုများ ရှိနေသော်လည်း ရေတွင်း၊ ရေကန်များ၊ စမ်းတွင်း၊ လက်ယက်တွင်းများ ခန်းခြောက်ချိန်ဖြစ်သဖြင့် ရေလိုအပ်မှုများဆက်ရှိနေဦးမည်ဖြစ်ရာ ရေကုသိုလ်ရှင်များကိုလည်း ဆက်လက်၍ လိုအပ်နေဦးမည်ဖြစ်ကြောင်း မကွေးဒေသခံတစ်ဦးက ပြောကြားသည်။

**သန်းနိုင်ဦး(ဇဖဲ)**



## သတင်းတို


### လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများတွေ့ဆုံ

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး အပါအဝင် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံပွဲကို အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ မေ ၂၅ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် အင်းတော်မြို့နယ် မဲဆန္ဒနယ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်းက ဌာနဆိုင်ရာများနှင့်တွေ့ဆုံခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံးက ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ဌာနအလိုက် ပေါင်းစပ်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့သည်။

**ကိုမင်း(အင်းတော်)**

# ရေတွင်းများမှရေများ အရောင်များပြောင်းလာသဖြင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးပြီး ဓာတ်ခွဲစမ်းသပ်နေ



**မိတ္ထီလာ မေ ၂၆**

မိတ္ထီလာမြို့နယ် ဇရပ်ကုန်းအုပ်စု ဆူးရစ်တန်းကျေးရွာရှိ ရေတွင်းသုံးတွင်းမှရေများ မူလအရောင်မဟုတ်ဘဲ အရောင်များပြောင်းလဲနေသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက မေ ၂၄ ရက်က သွားရောက်ကြည့်ရှုကာ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာသည် အိမ်ခြေ ၁၀၀၊ လူဦးရေ ၆၀၀ ကျော်ရှိပြီး ကျေးရွာမှ အသုံးပြုလျက်ရှိသည့် မြေသားရေကန်မှာ ရေအနည်းငယ်သာရှိနေသောကြောင့် ကျေးရွာရှိ လူနှင့်ကျွဲနွားတိရစ္ဆာန်များမှာ အဆိုပါ ရေတွင်းသုံးတွင်းမှရေကို သောက်သုံးရေအဖြစ် အသုံးပြုလျက်ရှိရာမှ မေ ၂၃ ရက်အထိ မူလအရောင်အတိုင်းရှိရာမှ မေ ၂၄ ရက် နံနက်ပိုင်းမှစ၍ နီဝါရောင်အဖြစ်သို့ ပြောင်းလဲသွားသဖြင့် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

တာဝန်ရှိများက ကွင်းဆင်းစစ်ဆေးပြီးနောက် အရောင်ပြောင်းလဲသွားသည့် ရေများကို တိရစ္ဆာန်အချို့အား လက်တွေ့တိုက်ကျွေးကြည့်ရာ ထူးခြားမှုမရှိသော်လည်း ရေအရသာမှာ အနည်းငယ် ဖန်/ရှနေသည်ကို တွေ့ရှိရသဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ဓာတ်ခွဲစမ်းသပ်အဖြေထုတ်ရန် ရေနမူနာယူခဲ့ပြီး မေ ၂၅ နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ ဓာတ်ခွဲခန်းသို့ပေးပို့၍ ဓာတ်ခွဲစမ်းသပ်လျက်ရှိကြောင်း၊ အဖြေသိရှိပြီးပါက လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးရွာနေပြည်သူများအနေဖြင့် လတ်တလောအားဖြင့် အရောင်ပြောင်းလဲသောရေကို သုံးရေအဖြစ်သာ အသုံးပြုရန်နှင့် လိုအပ်သောသောက်ရေများကို မေ ၂၅ ရက်မှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးသတ်ကားများဖြင့် နေ့စဉ် ပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ဆူးရစ်တန်းကျေးရွာ၌ အဆိုပါ လက်တူးတွင်းသုံးတွင်းအပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း နှစ်လက်မစက်ရေတွင်းတစ်တွင်းကို တူးဖော်ထားသော်လည်း စက်ရေတွင်းမှ ရေငန်သာထွက်ရှိပြီး ကျေးရွာဘုန်းကြီးကျောင်းမှ ပေ ၅၀၀ အနက်ရှိ စက်ရေတွင်းမှာလည်း ရေငန်သာထွက်ရှိခြင်းကြောင်း သိရသည်။

ကျေးရွာ၏ မြေအောက်ရေကြော အခြေအနေမှာ ရေငန်ကြောများဖြစ်နိုင်၍ ရေတွင်းများ တူးဖော်သော်လည်း ရေငန်သာ ထွက်ရှိမည်ဖြစ်ရာ ဒေသခံပြည်သူများ ရေလုံလောက်စွာရရှိရေးအတွက် မြေသားရေကန်၌ ရေရှိမှသာ အဆင်ပြေမည်ဖြစ်သဖြင့် မိုးရေလှောင်ကန်ကို ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်သူတစ်ဦးက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြိတ်မြို့နယ်အတွင်း ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**မြိတ် မေ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက မေ ၂၄ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် မြိတ်မြို့ကျက်သရေဆောင်လေးကျွန်းဆိမီးစေတီတော်သို့ ဖူးမြော်ကြည်ညိုကာ စေတီတော်ရှိ ဗုဒ္ဓယဉ်ကျေးမှုပြတိုက်ကိုလည်းကောင်း၊ မြိတ်မြို့ ငါးလေလံဈေးကိုလည်းကောင်း သွားရောက်ကြည့်ရှုသည်။ ထို့နောက် မြိတ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ပြီး ပြည်သူ့ဆေးရုံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများကြည့်ရှုကာ ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာများအား တွေ့ဆုံအားပေးခဲ့ပြီး လူနာဆောင်များ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းများ၊ ကွန်ပျူတာဓာတ်မှန်ဆောင်၊ ခွဲစိတ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက်ကာ သင်တန်းကျောင်းဝန်ထမ်းများနှင့် ကျောင်းသူများအား တွေ့ဆုံခဲ့ပြီး ကျောင်းသူ ၄၁ ဦးအား အဝတ်အထည်နှင့် အစားအသောက်များပေးအပ်ခဲ့သည်။ ထို့နောက် ကျွန်းစုမြို့နယ် ပထက်ကျေးရွာရှိ အတုလရံသီရွှေသာလျောင်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ပြည်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ကဏန်းပျော့မွေးမြူရေးလုပ်ငန်း၊ သစ်အချောထည်စက်ရုံနှင့် ငါး၊ ပုစွန် တန် ၁၀၀၀ ကျ အအေးခန်းစက်ရုံတို့ကိုလည်း သွားရောက်ကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ပြည်သူများနှင့်တွေ့ဆုံခဲ့ပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များက မိတ်ဆက်စကားများ ပြောကြားခဲ့ကြပြီး ပြည်သူလူထု၏ ဆွေးနွေးမှုများကို ဝန်ကြီးချုပ်က ပေါင်းစပ်ဆွေးနွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# သူငယ်တန်း(KG)သင်ရိုးသစ်အတွက် ဆရာ ဆရာမများအား လေ့ကျင့်ရေးသင်တန်းဖွင့်

**မော်လူး မေ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု အုန်းဒုတ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ သူငယ်တန်း(KG)သင်ရိုးသစ်အတွက် ဆရာ ဆရာမများအား လေ့ကျင့်ရေးသင်တန်းကို မေ ၂၅ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အင်းတော်မြို့နယ် ဒုတိယပညာရေးမှူး ဦးသိန်းဆွေဝင်းက ပြောင်းလဲလာသော ပညာရေးစနစ်နှင့်အညီ သင်ရိုးသစ်များနှင့် သင်ကြားနည်းစနစ်များကိုပါ ပြောင်းလဲသင်ကြားခြင်းဖြစ်ကြောင်း၊ ကလေးများအား ထိရောက်အောင်မြင်သော သင်ကြားမှုသင်ယူမှုဖြစ်စေရန်၊ ဖွံ့ဖြိုးမှုနယ်ပယ်အလိုက် ဖွံ့ဖြိုးလာစေရန်၊ မြန်မာဘာသာစကားလမ်းညွှန်နှင့် သင်ပြမှုပုံစံများ ထိရောက်အောင်မြင်မှုရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ဤသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ဆရာ ဆရာမများက စနစ်တကျသင်ယူကြစေလိုကြောင်း၊ ပြင်ပမှ ဆရာ ဆရာမများအနေဖြင့်လည်း ဤသင်တန်းကို တက်ရောက်လိုသည့်ဆန္ဒရှိပါက တက်ရောက်နိုင်ကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ တာဝန်ခံ ကျွန်းတောအလကကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမိုးက သင်တန်းဖွင့်လှစ်ခြင်းနှင့် သင်တန်းစည်းကမ်းများ၊ လိုအပ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကို မေ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ဆရာ ဆရာမ ၁၂၀ ခန့်တက်ရောက်ကြောင်း သိရသည်။ သူငယ်တန်း(KG)သင်ရိုးသစ်အတွက် ဆရာ ဆရာမများအား လေ့ကျင့်ရေးသင်တန်းကို အင်းတော်မြို့နယ်တွင် ရေတွင်းကုန်း(အလက)ကျောင်း၌လည်း ဖွင့်လှစ်လျက်ရှိပြီး သင်တန်းသား ဆရာ ဆရာမ ၂၂၀ ခန့်ကို သင်ကြားပို့ချလျက်ရှိရာ အင်းတော်မြို့နယ်အတွင်း စုစုပေါင်း ဆရာ ဆရာမ ၃၄၀ ခန့်ကို ပို့ချလျက်ရှိကြောင်း သိရသည်။

**ညိုမင်းထက်(မြန်မာစာ)**

# မြိုင်မြို့နယ် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တွေ့ဆုံ

**မြိုင် မေ ၂၆**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဦးမြင့်ဇော်တို့သည် မေ ၂၄ ရက်က မြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးသည်။ ထို့နောက် မြိုင်မြို့နယ် အင်းရောင်းကျေးရွာအုပ်စု ယင်းတိုင်းတောင်ဆည်ရှိ ကျေးရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းတွင် လုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ အင်းရောင်းကျေးရွာအုပ်စု ကံကြီးတောကျေးရွာရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်းများဖြစ်သော စက်ချုပ်လုပ်ငန်း၊ အင်ကြင်းကျောက်၊ ထန်းသားကျောက်နှင့် မြစ်ဆုံကျောက်လုပ်ငန်းများကိုလည်းကောင်း သွားရောက် လေ့လာကြည့်ရှုကြသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြိုင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း တည်ဆောက်လျက်ရှိသော နှစ်ထပ်လူနာဆောင်နှင့် ခြောက်ခန်းတွဲလေးထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှု၊ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၅၀ ဖြင့် ဆောင်ရွက်ပြီးသော မြို့ရေပေးရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကိုလည်း ကြည့်ရှုခဲ့သည်။

**အောင်ကျော်မြင့်**

## သတင်းတိုများ

### ပညာမိုးကောင်းကင်စာကြည့်တိုက် ကောလင်းတွင်ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ဆင်ကုန်းအုပ်စု ကညို့အင်းကျေးရွာ ပညာမိုးကောင်းကင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို မေ ၂၃ ရက်က ကျင်းပခဲ့ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်၊ ဆင်ကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးထွန်းဝင်း၊ ကျေးရွာခွဲခေါင်းဆောင် ဦးမောင်ထိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်ဖွင့်လှစ်ခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုမောင်က စာကြည့်တိုက်များရေရှည်တည်တံ့ရေးဆိုင်ရာများကို ပြောကြားကာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီက စာကြည့်တိုက်အတွက် အလှူငွေကျပ်သုံးသိန်းတစ်သောင်းနှင့် သုတရသစာအုပ်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသစာအုပ်များကို ကျေးရွာစာကြည့်တိုက်ကြီးကြပ်ရေးကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့သည်။

**ကိုကိုညီမ်း(ကောလင်း)**

### အလုံမြို့နယ်အတွင်းရှိဆေးဆိုင်များအား လိုက်လံစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်းရှိ နိုင်ငံခြားဆေးရောင်းချသောဆေးဆိုင်များတွင် သက်တမ်းလွန်ဆေးဝါးများနှင့် တရားမဝင်ဆေးဝါးများရောင်းချမှု ရှိ မရှိကို တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးမြင့်၊ ဒေါက်တာရဲမင်းထိုက်၊ ဒေါက်တာစုမြတ်ဖြူတို့ပါဝင်သောအဖွဲ့က လိုက်လံစစ်ဆေးခဲ့ပြီး အလုံမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့ညိုဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်အုံးနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့မှ တာဝန်ရှိသူများက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**နတ်မောက် မေ ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် သမှုန်းပင်ကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာနှင့် ကျွဲထူးကန်ကျေးရွာများမှ ပြည်သူများအတွက် သောက်သုံးရေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မေ ၂၄ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသည် ရေရှားပါးမှုကြုံတွေ့ရသည့် ကျေးရွာများဖြစ်ရာ ပြည်သူများ သောက်သုံးရေပြတ်လပ်မှု မရှိစေရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနများမှ ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိဦးသိန်းဌေးနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ ပူးပေါင်း၍ အဆိုပါ ကျေးရွာနှစ်ရွာမှ အိမ်ခြေ ၂၀၀ ကျော်အတွက် ဂါလန် ၁၀၀၀ ဆံ့ ရေသယ်ယာဉ်များဖြင့် ပြည်သူများအတွက် ရေများဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကာ ကျေးရွာစာသင်ကျောင်းများရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်များတွင်လည်း ရေများသိုလှောင်ပေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တိုက်ပွဲရှောင်ဒေသခံများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

ဧပြီ ၂၅ ရက်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ရသေ့တောင်မြို့နယ် ရေစိုးချောင်းကျေးရွာနှင့် ဘူးသီးတောင်မြို့နယ် စေတောင်ကျေးရွာရှိ တိုက်ပွဲဖြစ်ပွားမှုကြောင့် တိမ်းရှောင်လာသူ ဒေသခံမိသားစုများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး အခြေခံလိုအပ်သော ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်း ဝန်ကြီး ဦးကျော်လွင်က ပြောကြားသည်။

"ဒီနေ့မနက်ပိုင်းက ရသေ့တောင်မြို့နယ် ရေစိုးချောင်းကျေးရွာမှာ တိုက်ပွဲရှောင်သူတွေနဲ့ တွေ့ပြီးတော့ သူတို့အတွက် အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် စတာတွေကို လှူခဲ့ပါတယ်။ အဲ့ဒီကပြီးရင် ဘူးသီးတောင်မြို့နယ် စေတောင်ရွာမှာလည်း တိုက်ပွဲရှောင်ဒေသခံတွေနဲ့ တွေ့ဆုံအားပေးစကားပြောကြားပြီး အခြေခံစားကုန်တွေ လှူခဲ့ပါတယ်။ သူတို့တွေအတွက် ၁၀ ရက်စာလောက် ခန့်မှန်းပြီး လှူခဲ့တာပါ"ဟု ပြောသည်။

ထို့အပြင် တိုက်ပွဲရှောင်ဒေသခံများနှင့် တွေ့ဆုံပြီး ၎င်းတို့၏ လိုအပ်ချက်များကို မေးမြန်းကာ ပြည်နယ်အစိုးရအဖွဲ့နှင့် NGO, INGO များ ပူးပေါင်းကာ ထပ်မံလှူဒါန်းရန်လည်း ဆွေးနွေးသွားမည်ဟု ၎င်းကဆိုသည်။

အဆိုပါ တိုက်ပွဲရှောင်ပြည်သူများအား သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကြက်ခြေနီအဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများ၊ ကုသရေးဦးစီးဌာနနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အဆိုပါ ကျေးရွာများသို့ ကွင်းဆင်းကာရိက္ခာများ ဖြန့်ဝေခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာရင်းများအရ ဘူးသီးတောင်မြို့နယ် စေတောင်၊ မင်းလှကိုင်း၊ ပြင်ချောင်း(ခမီး)၊ အလယ်ချောင်း(ခမီး) စသည့်ရွာများတွင် တိုက်ပွဲရှောင်ပြည်သူ စုစုပေါင်းအိမ်ထောင်စု ၁၁၂ စု၊ လူဦးရေ ၄၈၉ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ် နတ်သရွေးကျေးရွာ၌ တိုက်ပွဲရှောင်ပြည်သူ စုစုပေါင်း အိမ်ထောင်စု ၁၇ စု၊ လူဦးရေ ၉၅ ဦး၊ ရသေ့တောင်မြို့နယ် ရေစိုးချောင်းကျေးရွာ၊ ပဲသဒူကျေးရွာ၊ ခရုတောင်ကျေးရွာတို့တွင် တိုက်ပွဲရှောင်ပြည်သူ စုစုပေါင်းအိမ်ထောင်စု ၉၂ စု၊ လူဦးရေ ၄၂၈ ဦး လာရောက်ခိုလှုံလျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။

**မြတ်ဝေ**



## သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စပါးစိုက်ပျိုးမှုသရုပ်ပြ

**ကျောက်တံခါး ဧပြီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် လိန်ပင်ကျေးရွာအုပ်စုရှိ လယ်မြေဧက ၃၀ ၌ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(Good Agriculture Practices-GAP)ဖြင့် ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးမှုကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဧပြီ ၂၂ ရက်က သရုပ်ပြစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ခင်မြတ်မြတ်ဦးက ဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ စံပြကွက်ကို စိုက်ပျိုးခဲ့ပြီး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို လက်တွေ့ပြသခဲ့ကာ လိန်ပင်ကျေးရွာအုပ်စုအတွင်းမှ ဒေသခံတောင်သူများက လာရောက်ကြည့်ရှုခဲ့သည်။

**နန်းမြင့်(ဝက်လက်)**


**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

**နှစ်သစ်မှာမင်္ဂလာပါ**
တစ်နှစ်တာကာလပတ်လုံး ဝယ်ယူအားပေးကြသော ဖောက်သည်များ အသက်ရှည်ရှည်နဲ့ ကျန်းကျန်းမာမာ ရှိကြပါစေ ...
09-43334111 01-682844
09-43334222 01-682928
09-73077711 01-682944
09-73077722 01-686212
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး


### သဘာဝမြေပဲဆီစစ်စစ် ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၆၆ လမ်း၊ ၃၉×၄၀ကြား၊ အိမ်အမှတ် ဒ-၉/၁၃၂ နေ ဒေါ်ဆုဆန်(ဘ) ဦးဖန်ကွေ့ ၁၃/လရန(နိုင်)၀၇၂၇၈၁ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ **'သဘာဝ'**အမည်အမှတ်အသားဖြင့် **မြေပဲဆီစစ်စစ်**ကို တစ်ဦးတည်းမူပိုင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချအသုံးပြုရန်အတွက် မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၂၂၂/၂၀၁၆)ဖြင့် ၁၉-၁-၂၀၁၆ ရက်က တရားဝင်မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။




သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ **'သဘာဝ'**အမည်အမှတ်အသားဖြင့် **မြေပဲဆီစစ်စစ်**ကို စီမံထုတ်လုပ်ပြီးဖြစ်သည့် မြေပဲဆီအပြင် အခြားစားသုံးဆီအမျိုးမျိုးတို့ကို ထည့်သွင်းထားသော ပလတ်စတစ်ပုလင်း၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူးများ၊ ဖန်ပုလင်းများ၊ ဂျပ်ဘူးများအစရှိသော ထုပ်ပိုးပစ္စည်းအမျိုးမျိုးတို့အပေါ်တွင်လည်းကောင်း၊ စာရွက်စာတမ်း၊ ဆိုင်းဘုတ်၊ ဘလောက်၊ ကြော်ငြာ၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်းအစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ မဂ္ဂဇင်း၊ တီဗွီ၊ ရုပ်ရှင်ကြော်ငြာအစရှိသည်တို့အပေါ်တွင်လည်းကောင်း **'သဘာဝ' မြေပဲဆီစစ်စစ်** အမည်အမှတ်အသားကို ကုန်အမှတ်တံဆိပ်အဖြစ်သုံးစွဲ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးသို့ လက်လီလက်ကား ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

အဆိုပါ **'သဘာဝ' မြေပဲဆီစစ်စစ်** အမည် အမှတ်တံဆိပ်မှာ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးတည်းမူပိုင်ဖြစ်၍ အဆိုပါတံဆိပ် အမည်အမှတ်အသားကို တိုက်ရိုက်ကူးယူ၍သော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ တစ်နည်းနည်း တုပ၍သော်လည်းကောင်း၊ အမည်နာမတစ်ခု၏ ရှေ့မှနေ၍သော်လည်းကောင်း၊ နောက်မှနေ၍သော်လည်းကောင်း၊ အလယ်မှနေ၍သော်လည်းကောင်း စာလုံးများဖြည့်စွက်၍ အသုံးပြုဆောင်ရွက်ခြင်းများ လုံးဝမပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ကျွန်ုပ်တို့၏မိတ်ဆွေ နစ်နာမှုအတွက် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာနည်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**ဒေါ်သန်းသန်းဝင်း (LL.B)၊ ဒေါ်အေးသီတာအောင် (LL.M)**
**အထက်တန်းရှေ့နေများ**
**၂၄လမ်း၊ ၆၂×၆၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၉၁၀၄၈၈၀၆၊ ၀၉-၇၉၇၄၇၄၁၁၇၊ ၀၉-၄၀၂၅၇၇၁၉၂၊ ၀၉-၇၉၈၆၉၉၅၄၄**

### သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ နဝရတ် ၄ လမ်း၊ အိမ်အမှတ် ၃၉ နေ ကျွန်တော် ဦးအောင်လှိုင်-(ဒေါ်ရီ)တို့၏သမီး မစိုးသန္တာ(ခ)အငယ်လေး အသက်(၂၃)နှစ်သည် ကြိမ်ဖန်များစွာ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်သည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီး သူနှင့်ပတ်သက်သောကိစ္စအဝဝ တာဝန်မယူကြောင်း အသိပေးအပ်ပါသည်။

**ဖခင်-အောင်လှိုင်**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်သန်းထွန်း ၁၂/ရကန(နိုင်)၀၃၀၁၃၆ ၏ B.S.T, E.D.H, W.K လက်မှတ်များ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၃၀၇၈၇၃၄**

### ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ ကောလိယ ၂၂ လမ်း၊ အမှတ် ၄၉၄/ခ၊ ပေ ၂၀×ပေ၆၀၊ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုးဝါးထရံပါ ၁၀ ပေ အိမ်နှစ်လုံးကို လက်ရှိပိုင်ဆိုင်သူ ဦးမောင်မောင်နိုင် S/OKA-၀၉၇၆၈၃ + ဦးနေဝင်း S/OKA-၀၆၆၁၉၃ တို့ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက ယနေ့ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သူနှင်းအောင်**
**၆၂၅၊ ဇာနည် ၁၃လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာ**
**ဖုန်း-၀၉-၅၁၂၃၄၈၊ ၀၉-၅၀၆၈၈၀၆**

### ၁၁-၄-၂၀၁၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍစာမျက်နှာ(၂၇)နှင့် ၁၆-၄-၂၀၁၆ရက်စွဲပါ ကြေးမုံသတင်းစာကြော်ငြာကဏ္ဍ စာမျက်နှာ(၃၀)တွင် ဒေါ်ရီရီတင် (၁၉၉၅) တရားလွှတ်တော်ရှေ့နေ၏ Unilever Myanmar Limited of Best Distribution ဦးဉာဏ်လင်းသိစေရန် ကြော်ငြာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၁)ရပ်ကွက်၊ ရှမ်းစု၊ ပေါ်တော်မူဘုရားလမ်းနေ ဦးဉာဏ်လင်း ၁၃/နခန(နိုင်)၀၃၈၀၆၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် လူကြီးမင်းတို့ကုမ္ပဏီသို့ ကုန်ဖိုးကျန်ငွေများကို အရစ်ကျပေးသွင်းရန် ညှိနှိုင်းထားသည့်ကာလအတွင်း ကုမ္ပဏီသို့ ငွေကျပ်(၁၀)သိန်း ကုမ္ပဏီ၏ Bank Account No 060 10306002726701 (KBZ Bank)မှတစ်ဆင့် ပေးသွင်းခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် ကုမ္ပဏီအား (ကြိုတင်ပေးသွင်းရသောငွေ) ကျပ် ၂၂၅ သိန်းအားလည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေသည် ကုမ္ပဏီထံမှ ရရှိရန်ရှိသော Demage Retem ရရန်ရှိငွေနှင့် Omo Caking ရရန်ရှိသောငွေများအား ကုမ္ပဏီမှ ငွေစာရင်းရှင်းလင်းခြင်းမပြုဘဲ Unilever Myanmar Limited မှ ကျွန်ုပ်၏မိတ်ဆွေထံမှ ရရန်ရှိငွေ ၇၂၆၀၄၈၅၅/-(ကျပ်ခုနစ်ရာနှစ်ဆယ်ခြောက်သိန်းလေးထောင့်ရှစ်ရာငါးဆယ်နှစ်ကျပ်တိတိ)ဟု ကြော်ငြာခဲ့ခြင်းမှာ လွဲမှားစွာတောင်းဆိုနေခြင်းသာဖြစ်ကြောင်း ပြန်လည်၍သိစေရန် ကြေညာအပ်ပါသည်။ လူကြီးမင်းတို့နှင့် ကျွန်ုပ်၏မိတ်ဆွေတို့ နှစ်ဦးသဘောတူညှိနှိုင်းထားသော ကုန်ဖိုးကျန်ငွေပေးသွင်းရန် နောက်ဆုံးသတ်မှတ်သည့်ကာလမှာ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ သတ်မှတ်ထားပါလျက် လူကြီးမင်းတို့ကုမ္ပဏီဘက်မှ အချိန်ကာလမပြည့်ဘဲ တောင်းဆိုနေခြင်းသာဖြစ်ပါသည်။ ထို့အတွက် လူကြီးမင်းတို့ဘက်မှ ကျွန်ုပ်၏မိတ်ဆွေအပေါ် တရားစွဲဆိုလာပါက ကျွန်ုပ်၏မိတ်ဆွေမှလည်း ဥပဒေနှင့်အညီ ပြန်လည်ခုခံချေပဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။ ထို့အပြင် လူကြီးမင်းတို့၏ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများတွင် ဦးဉာဏ်လင်းသိစေရန် ကြော်ငြာခြင်းအား ပြန်လည်ရုပ်သိမ်းပေးရန် အသိပေးအကြောင်းကြားအပ်ပါသည်။ စာရင်းရှင်းလင်းခြင်းမရှိသေးဘဲ ကုမ္ပဏီမှ တောင်းဆိုနေခြင်းဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာအား ထိခိုက်စေရန်ရည်ရွယ်၍ ကြော်ငြာခြင်းအား ပြန်လည်ရုပ်သိမ်းမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးဉာဏ်လင်း**
**၁၃/နခန(နိုင်)၀၃၈၀၆၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာလွင် LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၀)**
**အမှတ်(၁၃)၊ ဉာဏလမ်း၊ ကေရာဇ်ရပ်ကွက်၊**
**ထောက်ကြန့်မြို့၊ မင်္ဂလာဒုံမြို့နယ်၊**
**ဖုန်း-၀၉-၅၄၁၃၈၁၁**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Housing Project 2010-2011 အိမ်ရာရှိ တိုက်အမှတ်(၅/၄)၊ အခန်းအမှတ်(၂၂)၏ မူလအမည်ပေါက်မှာ ဒေါ်ခင်ခင်မင်း ၇/ပခတ(နိုင်)၀၀၂၁၂၃ ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအမည်ပေါက် ဒေါ်ခင်ခင်မင်းထံမှ ဒေါ်နော်ဘွေဝါး ၁၃/တကန(နိုင်)၀၂၄၃၆၃ က တိုက်ခန်း အပြီးအပိုင် ရောင်းဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ-၂ သို့ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ-၂၊ မြေနှင့်အိမ်ရာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်**

### ဒေါ်တင်ဥနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ စက်ရုံလမ်း၊ တိုက်အမှတ်(၁)၊ အခန်းအမှတ်(၀၁၁၁) လေးလွှာ၊ တိုက်ခန်း၌နေထိုင်သူ ဒေါ်ညွန့်ရီ ၁၂/တမန(နိုင်)၀၅၇၂၀၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။

ခနော်ဖြူမြို့၊ ခနော်ဖြူမြို့နယ်၊ (၁၈)ရပ်ကွက်၊ ဇလွန်ကားလမ်းမဘေး၊ အမှတ်(၂၂၂)၊ (၂၂၃)၊ အကျယ်အဝန်းပေ ၄၀×၆၀၊ (၂)ကွက်တွဲ၊ မြေကွက်အမှတ်(၅၉၇)၊ (၇၃၂)ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် သီးပင် စားပင်စသည့် အကျိုးခံစားခွင့်အရပ်ရပ်သည် ၎င်းမြေကွက်ပေါ်တွင် လက်ရှိနေထိုင်လျက်ရှိသော ဒေါ်တင်ဥ၏ခင်ပွန်း ဦးသန်းဝင်း(ခ) ဦးမောင်မောင် အပါအဝင် ယခုကြေညာသူနှင့် မောင်နှမ (၆)ဦးတို့က ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြပါသည်။

ဦးသန်းဝင်း(ခ)ဦးမောင်မောင်သည် ၉-၄-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ဦးသန်းဝင်း၏ဇနီး ဒေါ်တင်ဥ သည်လည်းကောင်း၊ အခြားသူတစ်ဦးဦး သည်လည်းကောင်း အဆိုပါမြေနှင့်အိမ်ကို ကျန်ညီအစ်ကိုမောင်နှမများ မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် သတိပေးတားမြစ်လိုက်ပါသည်။

ဤကြေညာချက်ကို လိုက်နာမှုမရှိပါက တရားဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်ညွန့်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဒင် (LL.B)၊ (စဉ်-၇၃၃၁)**
**ဒေါ်သန္တာခိုင် LL.B, D.L.P, WIPO (Switzerland) (စဉ်-၉၀၉၅)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၅၄၂၊ အခန်း(C-1)၊ May Lawyer Office ကုန်သည်လမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၄၀၂၇၇၄၊ ၀၉-၄၂၁၀၀၅၈၆၇**

### ဒေါ်မို့မို့ထား SCG-၀၁၁၇၄၅ နှင့် အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ်(၂၆၄)နေ ဦးအုံးခင် ၁၂/မရက(နိုင်)၁၂၈၄၄၄ နှင့် ဒေါ်နီနီဝင်း ၁၂/မရက(နိုင်)၀၁၉၃၅၄ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မို့မို့ထားနှင့် ဦးအေးချို့တို့သည် ဦးအုံးခင်နှင့် ဒေါ်နီနီဝင်းတို့ ပိုင်ဆိုင်သော ဦးအုံးခင်အမည်ပေါက် ယာဉ်အမှတ်-(4G/3086) TOYOTA BELTA SCP 92 SALOON (4x2) R အား ရောင်းချပေးမည်ဟု ပြောဆိုခဲ့သဖြင့် မော်တော်ယာဉ်နှင့်တကွ သက်ဆိုင်သောစာရွက်စာတမ်းများကို ၃-၃-၂၀၁၆ ရက်တွင် ဒေါ်မို့မို့ထားနှင့် ဦးအေးချို့တို့အား ဦးအုံးခင်နှင့် ဒေါ်နီနီဝင်းတို့မှ ယုံကြည်စွာဖြင့် အပ်နှံထားခဲ့ပါသည်။ မော်တော်ယာဉ်နှင့်တကွ စာရွက်စာတမ်းများပေးအပ်ခဲ့သည့် ၃-၃-၂၀၁၆ရက်မှစ၍ ယနေ့ထိတိုင် သတင်းတစ်စုံတစ်ရာအကြောင်းကြားခြင်းမရှိခဲ့ပါ။ သွားရောက်စုံစမ်းသော်လည်း ၎င်းတို့နှစ်ဦးအား နေအိမ်တွင် မတွေ့ရှိရဘဲ တိမ်းရှောင်နေကြောင်း သိရှိရသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းရန်နှင့် လာရောက်ဖြေရှင်းခြင်းမရှိပါက ညွှန်ကြားချက်နှင့်အညီ တည်ဆဲဥပဒေများအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးအုံးခင် ၁၂/မရက(နိုင်)၁၂၈၄၄၄**
**ဒေါ်နီနီဝင်း ၁၂/မရက(နိုင်)၀၁၉၃၅၄**
**အမှတ်(၂၆၄)၊ မာလာရုံလမ်း၊**
**(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်စုရည်**
**LL.B,M.A(Business Law),**
**B.A(SEAP Studies)**
**D.B.L, D.M.L,Diploma in**
**International Law**
**အထက်တန်းရှေ့နေ (စဉ်-၃၂၀၃၀)**
**အမှတ်(၅၀)၊ ဘဏ်လမ်း၊ အခန်း(A-3)**
**ဒုတိယထပ်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့**

မီး သတိပြု

# SAMSUNG Smart Service

## မြန်မာပြည်ရဲ့နေရာများစွာ SAMSUNG SERVICE ရှိနေမှာ...






မြန်မာနိုင်ငံအဝှမ်း
ဝန်ဆောင်မှုနေရာ
၁၈
ခုကျော်

SAMSUNG
**Premium Care**
for
SAMSUNG Galaxy S7 edge | S7

၂၀၁၆ စက်တင်ဘာလ ၃၀ ရက်နေ့ အထိသာ

**မတော်တဆ ဖုန်းမျက်နှာပြင်ထိခိုက်မှုရှိလျှင်**
(အောက်ဖော်ပြပါမှ တစ်ကြိမ် ခံစားခွင့်)
- ဖုန်း ရှေ့မျက်နှာပြင်ကွဲခြင်း အတွက်
(ပစ္စည်းခ ၅၀% သာ နှင့် ဝန်ဆောင်ခ အခမဲ့) သို့မဟုတ်
- ဖုန်း ကျောဘက်ကွဲခြင်း အတွက်
(ပစ္စည်း နှင့် ဝန်ဆောင်ခ လုံးဝ အခမဲ့)

Quick Service
မြန်မြန်ဆန်ဆန်ပြင်ခြင်း

Delivery Service
နေရာအရောက် အခမဲ့ လာယူ/ပြန်ပို့ ပေးခြင်း
(ရန်ကုန်မန္တလေး မြို့တွင်းသာ)

VIP Hotline
လိုအပ်သည်များသီးသန့်
ခေါ် ဆိုမေးမြန်းနိုင်ခြင်း

Loan Set
ပြုပြင်နေစဉ်အတွင်း ခေတ္တသုံးစွဲရန်
အစားထိုးဖုန်း စီစဉ်ပေးခြင်း

## Samsung Service Network

၁။ အမှတ် (၃၈/B1)၊ လေးထောင့်ကန်လမ်း၊
သယ်န်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁ ၈၅၅၁၄၄၇

၂။ အမှတ် (၄/က-C1)၊ မြေညီထပ်၊
(၁၀) ရပ်ကွက်၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၉၇၅၉၈၉၇၄၀

၃။ Living Square ၊ ဒုတိယထပ်၊ မြန်မာပလာဇာ၊
ကမ္ဘာအေးဘုရားလမ်းနှင့် စက်မှု (၁) လမ်းထောင့်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၃၀၁၄၂၃၈

၄။ အမှတ် (၁၃-C)၊ ပူးမားအိမ်ရာ၊
လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀၀၃၃၄၃၄

၅။ အမှတ် (၁၁၁/၁၁၃)၊
လသာလမ်း (အထက်)၊ လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၄၆၃၁၁

၆။ လှည်းတန်းလမ်း၊
စိန်ဂေဟာအနီး၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၅၃၁၀၆၁၉၉

၇။ အမှတ် (၂၆၃)၊ ရန်ကုန်-ပုသိမ်လမ်း၊
တံတားဖြူမှတ်တိုင်အနီး၊ လှိုင်သာယာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၆၇၆၆၆၆

၈။ ၇၈ လမ်း၊ ၂၇ နှင့် ၂၈ လမ်းကြား၊
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၂၆၁၆၂၆၃၀၁

၉။ မနော်ဟရီလမ်း၊ ၆၄ နှင့် ၆၅ လမ်းကြား၊
မန္တလေးမြို့။ ဖုန်း - ၀၉ ၂၆၁၆၂၆၃၀၂

၁၀။ အမှတ် (၃၇၅)၊ လမ်းမတော်လမ်း၊
ပြည်မြို့။ ဖုန်း - ၀၅၃ ၂၇၉၃၀

၁၁။ ရန်ကုန် - မန္တလေးလမ်းမကြီး၊
ရုံးကြီးရပ်၊ SH Bago Shopping ၊
ပဲခူးမြို့။ ဖုန်း ၀၉ ၅၁၅၃၈၈၈

၁၂။ အမှတ် (၉၀)၊ အောက်မိန်းလမ်းမကြီး၊
ရွှေတောင်ရပ်၊ မော်လမြိုင်မြို့။ ဖုန်း ၀၉ ၅၀၃၃၄၃၄

၁၃။ သခင်နတ်ဖေလမ်း နှင့်
ဗိုင်းမော် ကူးတို့ဆိပ် လမ်းထောင့်၊
မြစ်ကြီးနားမြို့။ ဖုန်း ၀၉ ၂၆၁၆၂၆၃၀၃

၁၄။ အမှတ် (B/၄/၁၀၅)၊
သိန်းနီလမ်း၊ (၂) ရပ်ကွက်၊
လားရှိုးမြို့။ ဖုန်း - ၀၉ ၂၆၁၆၂၆၃၀၄

၁၅။ နတ်မောက်လမ်း နှင့် ဗိုလ်ချုပ်လမ်းထောင့်၊
ပွဲကြိုရပ်၊ မကွေးမြို့။ ဖုန်း - ၀၉ ၂၆၁၆၂၆၃၀၅

၁၆။ ပြည်ထောင်စုလမ်း၊ ဈေးရပ်၊
မုံရွာမြို့။ ဖုန်း - ၀၉ ၂၆၁၆၂၆၃၀၀

၁၇။ အမှတ် (၁၆/၃)၊ ဗိုလ်မှူးဖိုးကွန်းလမ်း၊
တောင်ငူမြို့။ ဖုန်း - ၀၅၄ ၂၆၁၅၅

၁၈။ အမှတ် (၂)၊ စံကားဝါလမ်း၊
မြစ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း - ၀၅၉ ၄၁၅၅၈

၁၉။ အမှတ် (၁၉၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၇၈၂၁၆

၂၀။ အမှတ် (၁၂၉/၁၃၁)၊ သိမ်ဖြူလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၉၄၅၈၂

၂၁။ အမှတ် (၅၈)၊ မြေညီထပ်၊
အင်းစိန်လမ်း၊ (၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၈၁၅၀၀၆၀၈

၂၂။ အမှတ် (၁၃၈)၊ ဗညားဒလလမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၄၃၀၀၇၃

၂၃။ အမှတ် (၅၇၃)၊ ၈၄ လမ်း၊
၄၂ လမ်း နှင့် ၄၅ လမ်းကြား၊
မန္တလေးမြို့။ ဖုန်း - ၀၂ ၇၆၂၄၃

၂၄။ အမှတ် (၉၈)၊ ကျောက္ကူလမ်း၊
ရန်ကင်းရပ်၊ မုံရွာမြို့။ ဖုန်း - ၀၇၁ ၂၆၁၇၇

၂၅။ အမှတ် (၉၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
လမ်းမတော်ရပ်၊
တောင်ကြီးမြို့။ ဖုန်း - ၀၈၁ ၂၀၀၁၈၈

၂၆။ (၄) လမ်း၊ ပေါင်းလောင်းရပ်၊ ပျဉ်းမနား၊
နေပြည်တော်။ ဖုန်း - ၀၆၇ ၂၂၈၈၄

၂၇။ အမှတ် (၁၄၅)၊ ပုသိမ်-မုံရွာလမ်း၊
M2 စားသောက်ဆိုင်ရှေ့၊
ပုသိမ်မြို့။ ဖုန်း - ၀၉ ၅၂၀၀၂၂၀

Call Center
01 2399 888
(Mon-Sun)
8AM to 6PM


LG
Life's Good
BIGGEST SALE
UP TO 30th APRIL 2016
TMW Enterprise Limited
32LF550D
32" SPECIAL OFFER !!!
ယခင်ဈေး - 329,000 KS
ယခုဈေး - 279,000 KS
FREE GIFT
Umbrella
LG Biggest Sale ကာလအတွင်း
မည်သည့် LG Electronics ပစ္စည်းမဆို ဝယ်ယူသူများအားလုံးကို
လက်ဆောင်ပေးသွားပါမည်။
"လက်ဆောင်ကောင်းတွေ ရယူဖို့ LG ကိုသာ ဝယ်ကြစို့"
LG BRAND SHOP များနှင့် WAI YAN Electronics ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
LG Brand Shop (Sule): အမှတ် (၁၂၃)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၃၇၉၉၅၅
LG Brand Shop (Kabar Aye): အမှတ် (၅၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၈၆၀၃၃၃၅
LG Brand Shop (Pansodan): အမှတ် (၁၆၂-၁၆၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၁-၂၅၄၅၆၁
LG Brand Shop (Myanmar Plaza): အမှတ် (၁၉၂)၊ Myanmar Plaza၊ ဒုတိယထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၉၇၄၀၀၅၀၄၄
LG Brand Shop (Mandalay): အမှတ် (၂၁၃)၊ ၂၇လမ်းနှင့် ၈၂လမ်းထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ၀၂-၆၄၀၂၉
LG Brand Shop (Nay Pyi Taw): အမှတ် (၁၅၁-၁၅၃)၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်။ ၀၆၇-၄၂၀၇၉၁၊ ၄၂၀၉၆၆
WAI YAN Electronics :
Pansodan : 01-250596~7
Bo Aung Kyaw : 01-398565,398571
Nay Pyi Taw : 067-8108089
Lashio : 09-252337733
Kabar Aye : 01-401416
Insein : 01-642678
Taunggyi : 081-200571
Pyay : 053-24040,09-49501580
South Dagon : 01-8100343~4
Mandalay : 02-72580~4
Bago : 09-260632525


STI MYANMAR UNIVERSITY
University of Bedfordshire
STIMU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်ပါသည်
NURTURING WORLD CLASS LEADERS
Faculty of BUSINESS
• MBA (General Management)
• BA (Hons) Business Administration
• BA (Hons) Accounting
Faculty of HEALTH SCIENCE
• MSc Public Health
• MSc Nutrition & Dietetics
• MBA (Hospital & Health Science Management)
Why Study UK Degrees @ STI MU?
• Queen's Award ရရှိထားသော University of Bedfordshire (UOB) UK မှ တိုက်ရိုက်ချီးမြှင့်သော ဘွဲ့ဖြစ်ခြင်း
• Program များကို Semester ခွဲ၍ UOB-UK ဖြစ်စေ၊ STI MU တွင်ဖြစ်စေ တက်ရောက်နိုင်ခြင်း
• Go Global Experience ဖြင့် UOB-UK နှင့် အထူးပြုဘာသာရပ်ဆိုင်ရာ London Stock Exchange, National Health Science (NHS), MNC Company ကြီးများသို့ သွားရောက်လေ့လာနိုင်ခြင်း
• ဤသင်တန်းများအောင်မြင်ပြီးဆုံးပါက ကမ္ဘာ့အရပ်ရပ်ရှိ မည်သည့်တက္ကသိုလ်ကြီးများတွင်မဆို မဟာဘွဲ့ နှင့် Ph.D ဘွဲ့ ဆက်လက်တက်ရောက်နိုင်ခြင်း
• MSc Public Health အောင်မြင်ပါက United Kingdom နိုင်ငံ Royal Society for Public Health (RSPH) UK အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခြင်း
• MSc Nutrition & Dietetics အောင်မြင်ပြီးပါက United Kingdom Association for Nutrition (AfN) UK တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ခြင်း
ဘွဲ့ကြို ဝင်ခွင့်သတ်မှတ်ချက်
• တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများ၊ IGCSE ဖြေဆိုအောင်မြင်ပြီးသူများ
• ဒုတိယနှစ် (သို့မဟုတ်) နောက်ဆုံးနှစ်လျှောက်ထားလိုသူများသည် STIMU မှ ဒီပလိုမာ/အဆင့်မြင့် ဒီပလိုမာ (သို့မဟုတ်) HND (သို့မဟုတ်) ABE (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်
Aim HIGH
ဘွဲ့လွန် ဝင်ခွင့်သတ်မှတ်ချက်
• ဘွဲ့တစ်ခုခုရရှိပြီးသူများလျှောက်ထားနိုင်ပါသည်
• အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန်လိုအပ်ပြီး သင်တန်းများ၏ ဝင်ခွင့်ထောက်ခံချက်လိုအပ်ပါသည်။
STIMU FOUNDATION
STIMU 1st YEAR
STIMU 2nd YEAR
UOB DEGREE FINAL YEAR
MASTER DEGREE
Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507151/52, 09 250064451, 377988
www.stiedu.net
https://www.facebook.com/STIMyanmarUni

**အမည်မှန်**

ရွှေဘိုမြို့၊ (၃)ရပ်ကွက်နေ ဦးအောင်မြင့်သိန်း၏သမီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒု-ဦးစီးမှူး ဒေါ်မြတ်မြတ်သန်း၏ အမည်မှန်မှာ ဒေါ်မြတ်မြတ်သန့် ၅/ရဘန(နိုင်)၀၀၁၁၃၃ ဖြစ်ပါသည်။ **ဒေါ်မြတ်မြတ်သန့်**

**ကုမ္ပဏီသွင်းကုန်ထုတ်ကုန်ကတ်မူရင်းပျောက်ဆုံးခြင်း**

ကျွန်တော်များ Golden Seed & Green Land Co.,Ltd (ရွှေမျိုးစေ့နှင့်အစိမ်းရောင်မြေကုမ္ပဏီလီမိတက်)၏ သွင်းကုန်ထုတ်ကုန် မှတ်ပုံတင်အမှတ် ၁၄၃၇/၂၀၁၁-၂၀၁၂ (၁-၈-၁၁)၏ ကတ်မူရင်း ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၅၁၃၁၁၇၃**

ဝမ်းနည်းကြေကွဲခြင်း
ဦးရဲမြင့်
အသက်(၈၆)နှစ်

သူငယ်ချင်း ဒေါက်တာဝင်းဇော်၏ဖခင် ဦးရဲမြင့်သည် (၂၄.၄.၂၀၁၆) ရက်နေ့တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးသန့်ဇင်(ငြိမ်း) နှင့် ဇနီး မချောစု
ဦးသိန်းငွေအောင် နှင့် ဇနီး ဒေါ်နီလာဦး
ဦးဇော်လင်း နှင့် ဇနီး ဒေါ်သီသီလွင်

ဝမ်းနည်းကြေကွဲခြင်း
ဦးရဲမြင့်
အသက်(၈၆)နှစ်

သုခကမ္ဘာဆေးရုံ မှ မန်နေးဂျင်းဒါရိုက်တာ ဒေါက်တာဝင်းဇော်၏ဖခင် ဦးရဲမြင့်သည် (၂၄.၄.၂၀၁၆) ရက်နေ့တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
သုခကမ္ဘာဆေးရုံ

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြင်ဝမ်
### ဂျိုးသိန်းဆေးပေါ့လိပ်
### ပဲခူးမြို့
### အသက်(၉၁)နှစ်

ဦးဝင်းဆွေ-ဒေါက်တာမြတ်သီတာမြင့် (Win&Win Co.,Ltd)၊ ဦးလှမြင့်-ဒေါ်ခင်အုန်းဆွေတို့၏ ဖခင် ဦးကြင်ဝမ်သည် ၂၁-၄-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄:၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းကျော်-မချစ်**
**ရောဝတီဘဏ်လီမိတက်**

တန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်-၁၂၉/၂၊ မြေကွက်တည်နေရာအမှတ်-၁၂၉/၂မိုးဆွေလမ်း (၁၄/၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးကျွေး(ခ)ဦးကြေ)အမည် ပေါက်ပါမစ် မြေအားအမည်ပေါက် ဦးကျွေး(ခ)ဦးကြေ ကွယ်လွန်သဖြင့် ပေါ်သန်းရီ(၁၂/ဥကတ(နိုင်)၁၀၂၄၄၉)ကတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံစာများဖြင့် အမည်ပေါက်ဖြစ်ကြောင်း၊ သေစာရင်းနှင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာတို့တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင် ပိုင်ဆိုင်သော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ကိုယ်စား)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဦးရဲမြင့်
အသက်(၈၆)နှစ်

LIZSTAR CO., LTD မှ ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၏ဖခင် ဦးရဲမြင့်သည် (၂၄.၄.၂၀၁၆) ရက်နေ့တွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအုန်းထွန်း နှင့် ဇနီး
မြကန်သာ - အုန်းထမင်းဆိုင်

ဝမ်းနည်းကြေကွဲခြင်း
ကိုအောင်စိုးလင်း (မြိတ်)
**B.A (Hons:) Philosophy၊ အသက်(၄၃)နှစ်**

(၁၁. ၄. ၂၀၁၆) တနင်္လာနေ့တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာ/ဆရာမများနှင့်
၁၉၈၈-၁၉၉၆ ဒဿနိကဗေဒကျောင်းသား/သူဟောင်းများ
မော်လမြိုင်တက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်လှမြင့်(စလင်း)
အသက်(၉၁)နှစ်

သူငယ်ချင်း ဦးဇော်ထိုက်နှင့်ဒေါ်ဥမ္မာခင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လှမြင့်သည် ၂၄-၄-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၅:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

RIT(Civil), 1987&1991 Batch
**အင်ဂျင်နီယာသူငယ်ချင်းများ**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြင်ဝမ်
## ဂျိုးသိန်း ဆေးပေါ့လိပ် ဖခင်ကြီး
## အသက်(၉၁)နှစ်

ဒေါ်လှသိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ မခင်အုန်းဆွေ၏ ချစ်လှစွာသော ဖခင် ကျေးဇူးရှင် ဦးကြင်ဝမ်သည် ၂၁-၄-၂၀၁၆ရက် (ကြာသပတေးနေ့) ရန်ကုန်စံတော်ချိန် ညနေ ၄:၅၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စွန်နား ပလတ်စတစ်လုပ်ငန်း၊** Same Sky Co.,Ltd.

**ဦးလှမြင့်၊ ဦးမျိုးအောင်၊ ဦးသန်းထွန်း-မအေးအေးမွန်၊ မသန်းသန်းဝင်း**

## ဒေါ်နန်းတို့ (ကျိုင်းတုံမြို့)
**အသက်(၉၆)နှစ်**

ကျိုင်းတုံမြို့၊ (၃)ရပ်ကွက်၊ အမှတ်၁၄၊ ဈေးတန်းကြီးလမ်းနေ(ဦးမုန့်-ဒေါ်နန်းစံ)တို့၏သမီး၊ (ဦးတစ်ပ်ဆိုင်အားမတ်)၏ဇနီး၊ ဦးစိုင်းလုံးဆိုင်တစ်ပ်-ဒေါ်ကြူကြူသင်း၊ (ဦးစိုင်းယီတစ်ပ်-ဒေါ်နန်းစံခမ်း)၊ ဦးညီညီလွင်-ဒေါ်နန်းစီဖောင်း၊ ဦးစိုင်းဆမ်တစ်ပ်-ဒေါ်နန်းခင်သီတာ၊ဒေါက်တာဦးတင်ဝင်း-ဒေါက်တာနန်းကိန်ဖောင်းတစ်ပ်တို့၏မိခင်၊ Dr.Tim-ဒေါက်တာမြတ်ဆွေလွင်၊ ကိုကျော်စိုးလွင်-မခင်ထက်ထက်ဇော်၊ စိုင်းဝုန်းကျောက်-နန်းမိုဟိန်း၊ နန်းအောင်းဆိုင်၊ Mr. Steve You - နန်းကိန်လှိုင်းဆမ်၊ စိုင်းကောင်စိုင်းတစ်ပ်၊ ကိုဇော်မျိုးဦး-နန်းစမ်ဆိုင်တစ်ပ်၊ စိုင်းဝုန်းခမ်း-နန်းအွေနွဲ့၊ စိုင်းဝုန်းရဠ္ဌ၊ စိုင်းအင်းခမ်း၊ စိုင်းနိယုမ်း(ခ)တင်အောင်ဝင်းတို့၏အဘွား၊ မြစ်ကိုးယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၄-၂၀၁၆ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၆ ရက် မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ဟွေဖျဲန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သိန်းမြင့်
**အသက်(၈၇)နှစ်**

သန်လျင်မြို့နယ်၊ လက်ပန်ကျေးရွာနေ (ဦးစံရွှေ-ဒေါ်လုံးတင်)တို့၏သမီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူ ၁လမ်း၊ အမှတ် ၅၃၇နေ (ဦးခင်တင့်)၏ဇနီး၊ ဦးအေးဟန်(MYINT & ASSOCIATES CO.,Ltd)-ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်မြင့်(ကပရ)-ဒေါ်ခင်လေးမြင့်(အား/ကာဦးစီးဌာန၊ YTC)၊ ဦးငွေလှိုင်[ဦးစီးအရာရှိ(လျှပ်စစ်)၊ ဆ/ဦ အထူးအဖွဲ့(၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန]-ဒေါ်ဆွေဆွေအေး၊ ဦးအေးမင်း-ဒေါ်ဝင်းဝင်းနွဲ့၊ ဒေါ်အုန်းမြင့်၊ ဦးသိန်းထိုက်-ဒေါ်အေးအေးမော်တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ်ရှစ်ယောက်တို့၏အဘွားသည် ၂၅-၄-၂၀၁၆ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## သုံးဆယ်မြို့အသင်း(ရန်ကုန်)
**ကန်တော့ခံ**
**ဂုဏ်ထူးဆောင်အသင်းဝင်**
## ဦးမှီ
**အသက်(၈၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ ဘုရားကြီးလမ်းရပ်ကွက်၊ ပန်းဆွဲလမ်းနေ ဒေါ်ရီ၏ခင်ပွန်းသည်၁၈-၄-၂၀၁၆ ရက် (တနင်္လာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တခေမာစာရ (ဓမ္မာစရိယ)
**ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ**
**သက်တော်(၇၀)၊ သိက္ခာတော်(၅၀)**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီအုပ်စု၊ မစိုးရိမ်ရပ်ကွက်(၂)လမ်း၊ မြို့မစမ်းမြိုင်၊ တိုက်သစ်ကျောင်း၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးသည် (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၄ရက်) ၂၆-၄-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၁၁း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်) ၃၀-၄-၂၀၁၆ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ရဟန်း သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်ဒါယကာ၊ ဒါယိကာမများ

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြင်ဝမ်
**ဂျိုးသိန်းဆေးပေါ့လိပ်၊ ပဲခူးမြို့**
**အသက်(၉၁)နှစ်**

ဦးလှမြင့်-ဒေါ်ခင်အုန်းဆွေ၊ ဒေါက်တာအောင်စိုးဝင်း-ဒေါ်ခင်ဆွေဆွေတို့၏ဖခင်သည် ၂၁-၄-၂၀၁၆ရက်(ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကိုအီးကွမ်း(ကွမ်းရတနာ-ရတနာရောင်းဝယ်ရေး မိုးကုတ်မြို့)**

**ကိုနောင်နောင်၊ ကိုကျော်လင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြွယ်ကြွယ် (ဝေါ)
**အသက်(၈၇)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ မင်းလမ်း၊ အမှတ် ၁၈နေ (ဦးလှ-ဒေါ်သိန်း)တို့၏သမီး၊ (ဦးညွန့်မောင်)-ဒေါ်ခင်တင့်၊(ဦးလွန်းမောင်-ဒေါ်ထွေးကြည်)တို့၏ညီမ၊ ဦးတင်အောင်နိုင်-(ဒေါ်ခင်ငွေးကြွယ်)၊ ဒေါက်တာမြင့်လွင်-ဒေါ်စန္ဒာလင်း(ဝေါ)၊ဦးညွန့်လွင်-ဒေါ်မူမူသန်း၊ ဦးဝင်းမြင့်အောင်-ဒေါ်ခင်ခင်ဆင့်၊ ဒေါက်တာဇော်မင်း-ဒေါ်စုစုဝင်း(မလေးရှား)၊ဦးထွန်းမြင့်အောင်-ဒေါ်မြင့်မြင့်သိန်း(စင်ကာပူ)၊ ဒေါက်တာကျော်သူ-ဒေါ်ခင်ဝင်းထွန်း(ဘရူနိုင်း)တို့၏မိခင်၊ (ဦးကြီးမြင့်)၏ချစ်လှစွာသောဇနီး၊မြေး ၁၂ယောက်တို့၏အဘွားသည် ၂၆-၄-၂၀၁၆ရက် နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ဝေါမြို့ ကွင်းချောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၆ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ဝင်း
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၅လမ်း၊ အမှတ် ၃၆၄နေ (ဦးဘလေး-ဒေါ်ဖွားမေ)တို့၏သမီး၊ ဦးခင်ဇော် - ဒေါ်ခင်စန်းဝင်း (ဖွဲလန်းစားသောက်ဆိုင်)၊ ဦးမြင့်သန်း-ဒေါ်ခင်မော်ဦး၊ (New Boy အထည်ဆိုင်၊ မင်္ဂလာဈေး)၊ (ဦးကျော်ကျော်ဆန်း)၊ (ဦးချစ်ဖုး)-ဒေါ်မော်မော်စန်းတို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား၊(ဦးစန်း)၏ချစ်လှစွာသောဇနီးသည် ၂၅-၄-၂၀၁၆ရက် (တနင်္လာနေ့)ည ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကြင်ဝမ်
**(ဂျိုးသိန်းဆေးပေါ့လိပ်)**
**အသက်(၉၁)နှစ်**

ဒေါ်လှသိန်း၏ချစ်လှစွာသောခင်ပွန်း ဦးကြင်ဝမ်သည် ၂၁-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာအောင်မွန်(ပါမောက္ခ)-ဒေါက်တာသန်းသန်းတင်(ချယ်ရီ)**
**မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးကြင်ဝမ်
**အသက်(၉၁)နှစ်**

ဦးမျိုးဆွေ-ဒေါ်မိမိသက် [စိန်ဟင်း(ပဲခူး) အိမ်ဆောက်ပစ္စည်းနှင့်အိမ်သုတ်ဆေးအမျိုးမျိုးရောင်းဝယ်ရေး]၏ဖခင်သည် ၂၁-၄-၂၀၁၆ရက် (ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**SEIN DIAMOND PAINT Co.,Ltd**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရဲမြင့် (နတ်တလင်း) အသက်(၈၆)နှစ်

ဒေါက်တာဝင်းဇော် (ဥက္ကဋ္ဌ-မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်) ဒေါ်စိုးကြည်ပြာယမင်း၊ ဦးသက်ခိုင်(MD-Asia Petroleum Co., Ltd, CEPSA Lubricantes) ဒေါ်ချောစုတို့၏ချစ်လှစွာသောဖခင်ကြီး ဦးရဲမြင့်(နတ်တလင်း)သည် ၂၄-၄-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်နိုင်**
**အတွင်းရေးမှူး-ကရာတေးဒိုဆပ်ကော်မတီ၊ မန္တလေးတိုင်းဒေသကြီး**
**(SOLEAGENT-CEPSA LUBRICANTES) Mandalay Branch**

## ဦးတင်စိုး (ထားဝယ်)
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ၃၉လမ်း၊ အမှတ် ၂၃၉နေ (ဦးရီကင်း-ဒေါ်ရွှေ၊ ဒေါ်စိန်)တို့၏သား၊ ဒေါ်မေကြိုင်၏ခင်ပွန်း၊ ဦးကျော်လွင်-ဒေါ်အေးအေးဟန်၊ ဦးထွေးလွင်-ဒေါ်ခင်မိုးသီ၊ ဦးအောင်တင့်တို့၏ဖခင်၊ မောင်ဇင်မင်းထွန်း၊ မောင်ငွေးအောင်လှိုင်၊ မောင်အောင်ကောင်းခန့်တို့၏အဘိုးသည် ၂၅-၄-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယနေ့ ညနေ ၅း၃၀နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၆ရက်တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်မြင့်(ခ)ဦးမျိုးသန်းစိန်
**BA HGP. RL**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ နဝဒေးလမ်းသွယ်ထိပ်၊ အမှတ် ၅၀(က)နေ ဝဏ္ဏကျော်ထင် အရေးပိုင်မင်း(ဦးစိန်-ဒေါ်စိန်စိန်)တို့၏သား၊ (ဦးသန်း-ဒေါ်သန်း)တို့၏သားသမက်၊ (ဒေါ်ခင်မြင့်မေ)၊ ဒေါ်အေးအေးမြင့်တို့၏ခင်ပွန်း၊ ဦးဝင်းမောင်-ဒေါ်ခင်သီဂီမျိုး(BETTY)၊ [ဦးနေမျိုး (TONNY)]-ဒေါ်ခင်လှမြင့်၊ ဦးအောင်လတ်-ဒေါ်ခင်သီတာမျိုး၊ (ဦးဇော်ဇော်မျိုး)-ဒေါ်ခင်ဆွေမြင့်၊ ဦးအာကာမျိုး-ဒေါ်ရီရီချိုတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၁၆ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှမြိုင်
**အသက်(၈၈)နှစ်**

သူငယ်ချင်း ဦးငွေပေါ (အကျဉ်းဦးစီး၊ ငြိမ်း)၏ ချစ်လှစွာသောမိခင် ဒေါ်လှမြိုင်သည် ၂၄-၄-၂၀၁၆ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်း အမှတ်စဉ်(၁၅) အရာရှိသင်တန်းမှ သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်အေး အသက်(၈၄)နှစ်

ဟင်္သာတမြို့၊ ရွှေပန်ထိမ်ဆရာကြီး (ဦးညို-ဒေါ်သိန်းကြွယ်)တို့၏သမီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စံပယ်လမ်း၊ အမှတ် ၁၇၊ လေးလွှာနေ ဦးရဲမြင့်၏ဇနီး၊ ဦးကျော် ခင်-ဒေါ်ခင်ဆွေတို့၏အစ်မ၊ ဦးအောင်အောင်(အားကစားအရာရှိ၊ ရန်ကုန်တက္ကသိုလ်)-ဒေါ်စန်းစန်းမြင့်(လှည်းတန်းဈေး၊အထည်ဆိုင်)၊ ဒေါက်တာကျော်ကျော်(တွဲဖက်ပါမောက္ခ၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်)-ဒေါက်တာနန့်မူအေး(ပါမောက္ခ ဌာနမှူး၊ ပထဝီဝင်ဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဗိုလ်ကြီးမင်းမော်(ငြိမ်း) (CEO-Integrated Co., Ltd)-ဒေါ်ပုလဲတို့၏မိခင်၊ မောင်သွန်းဝေယံ(ဒုတိယနှစ်၊ ပထဝီဝင်)(Integrated Co.Ltd)၊ နန့်အေးမြင့်မြတ်ကျော်(ပထမနှစ်၊ ဆေး-၁၊ ရန်ကုန်)၊ နန့်ဆုလဲ့ဖြူ(Grade-9, A၊ အထက-၄၊ အလုံ)တို့၏အဘွားသည် ၂၆-၄-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈း၂၅နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃း၄၅နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်းအမကြီး
## ဒေါ်အကျူး
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက် ၉/၁၊ အခန်း ၃၃နေ (ဦးအာဟီး - ဒေါ်ကျင်ပို)တို့၏ သမီး၊ (ဒေါ်စွမ်)၊(ဒေါ်ကြင်ညွန့်)၊ (ဒေါ်ခွေးမ)၊ (ဦးတုး)၊ (ဦးကျော်ဆွေ)တို့၏ ညီမ၊ [ဒေါ်တင်တင်ထွေး (ခ) ဒေါ်အန်းကူ] တို့၏အစ်မသည် ၂၆-၄-၂၀၁၆ရက် နံနက် ၁၁း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးအုံ့ကျော်(ငြိမ်း) (အုံ့ကျော်ကုန်း)
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**
**အိုးအိမ်ဦးစီးဌာန**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်(၁)နေ (ဦးကျင်စိန်-ဒေါ်ကျင်မြိုင်)တို့၏သား၊ ဒေါက်တာဒေါ်စန်းနွဲ့၏ခင်ပွန်း၊ မမျိုးမျိုး၏ဖခင်၊ အဲလစ်ခင်မာမာသက်နှင့် မြေးငါးယောက်တို့၏အဘိုးသည် ၂၆-၄-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၆း၂၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ လှူဒါန်းပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၆ရက် (တနင်္လာနေ့)နံနက် ၇နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်မြင့်(ခ)ဦးမျိုးသန်းစိန်
**BA HGP. RL**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်း၊ နဝဒေးလမ်းသွယ်ထိပ်၊ အမှတ် ၅၀(က)နေ ဝဏ္ဏကျော်ထင် အရေးပိုင်မင်း(ဦးစိန်-ဒေါ်စိန်စိန်)တို့၏သား၊ (ဦးသန်း-ဒေါ်သန်း)တို့၏သားသမက်၊ (ဦးခင်မောင်သန်း-ဒေါ်ခင်ခင်သန့်)၊ (ဦးတင်မောင်ကြည်-ဒေါ်စိန်စိန်ကြည်)၊ (ဦးကျော်)-ဒေါ်ခင်ကြူကြူ၊ (ဦးတင်မောင်ရီ)-ဒေါ်ခင်ဝင်းမေတို့၏ညီ/မောင်၊ [ဗိုလ်မှူးရဲလွင်(ငြိမ်း)] ဒေါ်ခင်မြင့်မြင့်၊ (ဦးကျော်သန်းစိန်-ဒေါ်ကြင်ကြင်စိန်)တို့၏အစ်ကို၊ (ဒေါ်ခင်မြင့်မေ)၊ ဒေါ်အေးအေးမြင့်တို့၏ခင်ပွန်းသည် ၂၆-၄-၂၀၁၆ရက် နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၆ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နှမများ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## အဂ္ဂမဟာသိရီသုဓမ္မသိင်္ဂီ ဒေါ်မြရင် (ဒိုက်ဦးမြို့)
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းလျားရိပ်သာလမ်း၊ ၆ (က)နေ (ဦးခန့်-ဒေါ်စိန်ငွေး)တို့၏သမီး၊ (ဦးပါ)ပရဆေး၏ဇနီး၊ ဦးရီ-ဒေါ်ကျင်သန်းအေး(ပရဆေးဆိုင်၊ သိမ်ကြီးဈေး)တို့၏အစ်မ၊ ဦးအောင်တိုးလွင် (Director- Suntac Group of Companies)-ဒေါ်သင်းမြတ်စန္ဒာတို့၏မိခင်၊ မမြတ်သရဖီလွင်၊ မမြတ်မိုးဖြူလွင်တို့၏အဘွားသည် ၂၅-၄-၂၀၁၆ရက်(တနင်္လာနေ့)ည ၈း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၅-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒုတိယဗိုလ်မှူးကြီးအုံ့ကျော်(ငြိမ်း) (အုံ့ကျော်ကုန်း)
**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အိုးအိမ်ဦးစီးဌာန**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် ၁နေ (ဦးကျင်စိန်-ဒေါ်ကျင်မြိုင်)တို့၏သား၊ ဒေါက်တာဒေါ်စန်းနွဲ့၏ခင်ပွန်း၊ ဦးအုံ့ဘော်၊ ဦးအုံ့ဇော်-ဒေါ်ယဉ်ယဉ်စိန်၊ ဦးအောင်မင်း-ဒေါက်တာမေသန့်ဇင်တို့၏အစ်ကိုကြီးသည် ၂၆-၄-၂၀၁၆ရက် နံနက် ၆း၂၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ဆေးတက္ကသိုလ်(၁)ရန်ကုန်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူ ညီ/ညီမများ

## ဗိုလ်မှူးဒေါ်အုံ့ခိုင်(ငြိမ်း)
**စစ်သူနာပြုသင်တန်းအမှတ်စဉ်(၃)**
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ လှည်းကူးမြို့နယ်နေ(ဦးဟုန်လှိုင်-ဒေါ်ဒွေးဘု)တို့၏သမီး၊ မြင်းခြံ နွားထိုးကြီးမြို့နယ် (ဦးကျော်ညွန့်-ဒေါ်စောညွန့်)တို့၏ချွေးမ၊ ဗိုလ်ကြီးသက်နိုင်(တပ်မတော်-လေ)၏ဇနီး၊ (ဦးကံသာ-ဒေါ်အေးသန်း)၊ ဦးမောက်တို-ဒေါ်အေးသန်းတို့၏ညီမ၊ ဗိုလ်မှူးချုပ်တင်လှိုင်(ငြိမ်း)-ဒေါ်လှသန်းငွေး၏အစ်မ၊ ဦးကျော်သက်ခိုင်-ဒေါ်စန်းချိုနွဲ့၊ ဒေါက်တာစံရီ-ဒေါက်တာစောသက်ခိုင်၊ ဒေါက်တာလင်းသက်ခိုင်တို့၏မိခင်၊ မြေး သုံးယောက်တို့၏အဘွားသည် ၂၅-၄- ၂၀၁၆ရက်(တနင်္လာနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၄-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၇း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်မြမြသန်း
**(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)**
**အသက်(၇၆)နှစ်**

ပြင်ဦးလွင်မြို့၊ (၆)ကွက်နေ (ဦးစိန်-ဒေါ်ကြည်)၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ (၂၉) သုမင်္ဂလာရပ်၊ အမှတ် ၃၂နေ (ဦးငြိမ်း-ဒေါ်နှင်း)တို့၏သမီး၊ ကိုဇော်ဇော်အောင် - ဒေါ်သင်းသင်းနိုင်၊ ကိုနိုင်နိုင်အောင် - ဒေါ်ခင်သူဇာချို၊ ကိုထွဏ်းထွဏ်းအောင်-ဒေါ်လှသီတာညွန့်တို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွား၊ ဦးအောင်ခင်(တရားရေး၊ ငြိမ်း)၏ဇနီးသည် ၂၆-၄-၂၀၁၆ရက် (အင်္ဂါနေ့)မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၄-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ (၂၉) သုမင်္ဂလာရပ်၊ အမှတ်(၃၂)နေအိမ်မှ (၈)မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီမ မဇင်နှင်းယု
**B.Sc (Physics)**
**Diploma in Business Law**
**Diploma in International Law**
**Post graduate Diploma in Law (Online)**
**Diploma in Software Engineering**
**အသက်(၃၂)နှစ်**

ရန်ကုန်မြို့၊ အရိုးကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ် ၂၆၁၊ ပထမထပ်(ဝဲ+ယာ)နေ ဟာဂျီ ဦးသိန်းမောင် (အကြီးတန်းလိုင်စင်ရ အင်ဂျင်နီယာ၊ ရန်ကုန်မြို့တော်စည်ပင်) - ဟာဂျီမ ဒေါ်ပိုက်ပိုက်အေး(ဟိုတယ်/ခရီး၊ငြိမ်း)တို့၏သမီး၊ မယဉ်ယဉ်သိမ်း၊ မောင်သိမ်းထိုက်တို့၏ညီမသည် ၂၄-၄-၂၀၁၆ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအုံ့ကျော် (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**
**အသက်(၇၃)နှစ်**

ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ် ၁နေ ဦးအုံ့ကျော်(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)သည် ၂၆-၄-၂၀၁၆ရက် နံနက် ၆း၂၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/အမှုထမ်းများ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## မအိရွှေခိုင် အသက်(၃၃)နှစ်
**(နည်းပြ၊ အင်္ဂလိပ်စာဌာန၊ ပဲခူးတက္ကသိုလ်)**

(ဦးသုန်-ဒေါ်ရင်မေ)၊ (ဦးမောင်စိန်-ဒေါ်ပိုက်တင်)တို့၏မြေး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မြေညီထပ်၊ တိုက် ၂၊ အခန်း ၄နေ ဦးကျော်ဝင်း-ဒေါ်ခင်စန်းဝင်းတို့၏သမီး၊ မောင်ဇင်သူဖြိုး-မမေဖြိုးဟန်တို့၏ညီမ၊ မရတနာလှိုင်၊ မောင်ပြည့်စုံကျော်-မအိအိမိုးတို့၏အစ်မသည် ၂၅-၄-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၄၇နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၇-၄-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ပဲခူးနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ရင်
**တရားလွှတ်တော်ရှေ့နေ၊ အောင်ဆန်း(၇)**
**အသက်(၆၈)နှစ်**

အောင်ဆန်း(၇)တရားရေးအရာရှိသင်တန်းဆင်း သူငယ်ချင်း ဦးကျော်ရင်သည် ၂၂-၄-၂၀၁၆ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်ဆန်း(၇)တရားရေးအရာရှိ**
**သင်တန်းဆင်းသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဝေ
**(Producer, Up To Date Channel, Sky Net ရုပ်သံလိုင်း)**
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ ဝတ်ကျောင်းလမ်း၊ အမှတ် ၄၁ (ခုနစ်လွှာ-ဘီ)နေ (ဦးကျင်သိန်း-ဒေါ်ကျင်မြ)တို့၏သား၊ (ဦးကျော်ဝင်း-ဒေါ်စံပယ်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မဆုဇကေရီ(Myanmar Kowa Co.,Ltd.)၊ မောင်တာရာထူး(IT ဗိုလ်တထောင်)တို့၏ဖခင် ဦးမြင့်ဝေသည် ၂၅-၄-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၇း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Sky Net ရုပ်သံလိုင်း**

# မိတ္ထီလာ မုန်တိုင်ဆည်အတွင်းသို့ တပ်မတော်ရဟတ်ယာဉ်တစ်စင်း ပျက်ကျနစ်မြုပ်




**မိတ္ထီလာ ဧပြီ ၂၆**
မိတ္ထီလာမြို့နယ် ဖလံကျင်းကျေးရွာအရှေ့ဘက် မုန်တိုင်ဆည်အတွင်းသို့ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ် (ရှမ်းတဲ) မှ တပ်မတော်ရဟတ်ယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်း၍ ယနေ့ နံနက် ၈ နာရီ ၂၆ မိနစ်ခန့်က ပျက်ကျနစ်မြုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လေသူရဲ ဗိုလ်မှူးခွန်ကျော်လှိုင်နှင့် ဗိုလ်မှူးဝင်းအောင်တို့နှစ်ဦး မောင်းနှင်သည့် Bell 206 အမျိုးအစား

*စာမျက်နှာ ၄ ကော်လံ ၁* ❖

မုန်တိုင်ဆည်အတွင်း ပျက်ကျသွားသော တပ်မတော်ရဟတ်ယာဉ်ကို ရှာဖွေနေစဉ်
ဓာတ်ပုံ-ချမ်းသာ



ပျက်ကျရဟတ်ယာဉ်အပိုင်းအစတစ်ခုကို တွေ့ရစဉ်
ဓာတ်ပုံ-မြဝတီ

## ကလေးကို စားစာခံလုပ်၍ ခြိမ်းခြောက်ကာ သိန်း ၅၀ တောင်းခံသူ စားစာခံသားအဖကို ခေါ်ယူထွက်ပြေး၊ ယာဉ်ကြောကျပ်မှုကြောင့် လွတ်မြောက်သွား



ပြစ်မှုကျူးလွန်သူ၏ မျက်နှာခဲခြစ်ပုံ

**ရန်ကုန် ဧပြီ ၂၆**
ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက် ဦးလူနီလမ်းရှိ တိုက်တစ်လုံး၌ ယနေ့နံနက် ၉ နာရီခွဲ က ၁၃ နှစ်အရွယ် မိန်းကလေးအား ချုပ်နှောင် ပြီး ခြိမ်းခြောက်ကာ ငွေကျပ်သိန်း ၅၀ တောင်းခံမှု ဖြစ်ပွားခဲ့သည်။

ဒဂုံမြို့နယ်ဆရာဝန်ကြီး ဒေါက်တာရွှေပြည်သည် မိသားစုငါးဦးနှင့်အတူ နံနက် ၆ နာရီက အမျိုးသားရေကူးကန်သို့သွားပြီး နံနက် ၉ နာရီခွဲတွင် မိမိနေထိုင်ရာ ကရင် အမျိုးသားရပ်ကွက် ဦးလူနီလမ်း တိုက်အမှတ် (၂၂)သို့ ပြန်လည်ရောက်ရှိလာသည်။

**သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ကိုကြီးတင်**

သမီးဖြစ်သူ မသီရိရွှေပြည်က သနပ်ခါးလိမ်းရန် တိုက်အပေါ်ထပ်သို့ တက်သွားပြီး မကြာမီ တဒုန်းဒုန်းအသံများ ကြားရသည့်အတွက် မိခင်နှင့်ဖခင်တို့က တက်လိုက်သွားစဉ် အသက် ၂၀ နှစ် အရွယ်ခန့် အမျိုးသားတစ်ဦးက သမီးအား ပါးစပ်တွင် အဝတ်ဖြင့်ပိတ်ပြီး တုပ်နှောင်ထားသည်ကို တွေ့ရကြောင်း သိရသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ■




## ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းများ

၂၆-၄-၂၀၁၆

| | | |
|---|---|---|
| နေပြည်တော် | ၈ | ဒသမ ၃ |
| ရန်ကုန် | ၉ | ဒသမ ၅ |
| မန္တလေး | ၁၁ | ဒသမ ၀ |

## ထူးခြားသည့်နေ့အပူချိန်များ

၂၆-၄-၂၀၁၆

| | |
|---|---|
| မန္တလေးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မင်းဘူးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၂ ဒီဂရီစင်တီဂရိတ် |
| ရမည်းသင်းမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |

